# ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) တွင် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ဒေသဆိုင်ရာ လမ်းညွှန်ချက်များ

–ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံ–

<ပြည်သူလူထု နှင့် ဆွေးနွေးတိုင်ပင်ခြင်း မူကြမ်း >

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၆) – ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်

**ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) တွင် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ဤဒေသဆိုင်ရာ လမ်းညွှန်ချက်များ**ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံများမှ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ဝင် (၂၅)ဦး ပါဝင်သည့် ဒေသတွင်း EIA နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (RTWG)က ပူးပေါင်းပြုစုထားပြီး စိတ်ပါဝင်စားသည့် ဆက်စပ်ပတ်သက်သူများ၏ တုံ့ပြန်ချက်နှင့် ဝေဖန်အကြံပြုချက်များ ရရှိရေးအတွက် အများပြည်သူ သိရှိဖတ်ရှုနိုင်စေရန် ထုတ်ဝေထားပါသည်။

ဤ ဒေသတွင်း EIA ဆိုင်ရာ လမ်းညွှန်ချက်ကို မဲခေါင်မြစ်ဝှမ်းဒေသတစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ တိုးပွားလာသည့် အခြေအနေ၌ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရာတွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း တိုးမြင့်လာရေးအတွက် အများမှ စိုးရိမ်ပူပန်မှုကို တုံ့ပြန်သည့်အနေဖြင့် ပြုစုရေးဆွဲခြင်းဖြစ်ပါသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းများသာမက ပါဝင်သည့် ဆက်စပ်ပတ်သက်သူများအားလုံးအတွက် ဘေးအန္တရာယ်များ လျော့နည်းစေရေးနှင့် EIA လုပ်ငန်းစဉ်၏ ထိရောက်အကျိုးရှိမှုကို မြှင့်တင်ရန်အလို့ငှာ မဲခေါင်မြစ်ဝှမ်းဒေသတွင် EIA လုပ်ငန်းစဉ်များ၌ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအား အကောင်အထည် ဖော်ဆောင်ရေးအတွက် လက်တွေ့ကျသော ညွှန်ကြားချက်အဖြစ် ပံ့ပိုးကူညီပေးရန် ဖြစ်ပါသည်။ လမ်းညွှန်ချက်အား အသုံးပြုခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော၊ ရေရှည်တည်တံ့သော၊ ပိုမိုတရားမျှတသည့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ပေါ်လာရေးကို မျှော်မှန်းထားပါသည်။ လမ်းညွှန်ချက်သည် EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရာ၌ ဒေသတွင်း "အလေ့အကျင့်ကောင်း" ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်အဖြစ် ပံ့ပိုးထားပြီး "မည်သို့ လုပ်ဆောင်ရမည်"ဟု အသေးစိပ် ရှိပြီးသာဖြစ်သည့် နိုင်ငံအလိုက် တည်ဆဲဥပဒေများနှင့် မူဝါဒများနှင့်လည်း ကိုက်ညီ ပြည့်ဝစေရန် ရည်ရွယ်ပါသည်။ ဤ လမ်းညွှန်ချက်များအား အသုံးပြုစေလိုသည့်သူများတွင် စီမံကိန်း အဆိုပြုသူများနှင့် EIA အကြံပေးပုဂ္ဂိုလ်များ သာမက အစိုးရဌာနအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အစိုးရမဟုတ်သောနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ (NGOs/CSOs)နှင့် အခြားသူများ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည့် EIA ဆိုင်ရာ RTWG အနေဖြင့် EIA ၏ မူဝါဒ နှင့် အလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်စပ်ပတ်သက်သူ မျိုးစုံပါဝင်သည့် မော်ဒယ် ပလက်ဖောင်း တစ်ရပ်အသွင်ဖြင့် ပံ့ပိုးကူညီထားပြီး ဒေသတွင်း၌ အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ဖြစ်ပါသည်။ EIA ဆိုင်ရာ RTWG သည် အစိုးရမဟုတ်သော နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း နှင့် မဲခေါင်မြစ်ဝှမ်းအောက်ပိုင်း နိုင်ငံ (၅) နိုင်ငံမှ အစိုးရ ဝန် ကြီးဌာန (၁၀)ခုတို့မှ ကိုယ်စားလှယ်များဖြင့် စုံလင်သော အဖွဲ့ တစ်ဖွဲ့အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့အား အမျိုးသားအဆင့် နည်းပညာဆိုင်ရာ အကြံပေးများနှင့် အခြားနိုင်ငံတကာမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ပံ့ပိုးကူညီပေးထားပါသည်။

EIA ဆိုင်ရာ RTWG နှင့် မဲခေါင်ဒေသတွင်း ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့အပေါ် ပိုမိုသိရှိလိုပါက၊ ဤ ဝက်ဘ်ဆိုဒ် https://mekongcitizen.org/about/mpe/rtwg-on-eia/တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။

**စာအုပ်စာတမ်းရရှိနိုင်မှု**

ဒေသဆိုင်ရာ EIA လမ်းညွှန်ချက် မူကြမ်းစာအုပ်ကို လက်ရှိအချိန်တွင် အွန်လိုင်းမှ ဝေဖန် အကြံပြုရန် အတွက် (နှင့် ဒေါင်းလုပ် ဆွဲရန်အတွက်) ဤ http://mekongcitizen.org/EIA ဝက်ဘ်ဆိုဒ်မှတဆင့် အင်္ဂလိပ်ဘာသာဖြင့် ရယူနိုင်ပါသည်။

အွန်လိုင်းတွင် ရှိသော စာအုပ်အပေါ် ဝေဖန်ချက်များ ပေးပို့သောအခါ သင်၏ ဇီဝပထဝီဆိုင်ရာ အသေးစိပ်အချက်အလက်များ ကျေးဇူးပြု၍ ဖြည့်စွက်ပြီး သင့်လျော်ကိုက်ညီသည့် စာပိုဒ် ဘေးတွင် ဝေဖန်ချက်များ ထည့်သွင်းနိုင်ပါသည်။ အကယ်၍ သင်၏ဝေဖန်ချက်များသည် သဘောသဘာဝအားဖြင့် အထွေထွေမျှသာဖြစ်ပါက အခန်းတစ်ခုချင်း၏ အောက်ခြေတွင်သော် လည်းကောင်း စာအုပ်နောက်ဆုံးပိုင်းတွင်လည်းကောင်း ပေးခဲ့နိုင်ပါသည်။ သင့်အနေဖြင့် ဤစာအုပ်ကို ကွန်ပြူတာ တစ်လုံးတည်းမှ ရယူခြင်းအတွက်ကိုသာလျှင် သင်၏ ဇီဝပထဝီဆိုင်ရာ အသေးစိပ် အချက်အလက်များကို အွန်လိုင်းတွင် သိမ်းဆည်းထားမည်ဖြစ်ပါသည်။ အဆိုပါ အသေးစိပ်အချက်အလက်များကို ဝေဖန်အကြံပြုချက်များအား အနုစိပ် လေ့လာမှုပြုရာတွင်သာ အသုံးပြုမည်ဖြစ်ပြီး အများပြည်သူအား ထုတ်ဖော်အသိပေးမည်မဟုတ်ပါ။

ခမာ၊ လာအို၊ ဗမာ၊ ထိုင်း နှင့် ဗီယက်နမ် ဘာသာစကားများဖြင့် နောက်ထပ် စာအုပ်များကို ပြင်ဆင်လျက်ရှိပြီး အထက်တွင် ဖော်ပြထားသည့် ဝက်ဘ်ဆိုဒ်လိပ်စာအတိုင်း ရရှိနိုင်စေရန် ထုတ်ဝေဖြန့်ချီမည်ဖြစ်ပါသည်။

**ဆွေးနွေးတိုင်ပင်သည့် ကာလ**
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်မှ အောက်တိုဘာလ (၃၁)ရက် (ဘန်ကောက်မြို့တော်၏ အချိန်)

အွန်လိုင်းမှ ဝေဖန်အကြံပြုနိုင်သည့် အခွင့်အလမ်းများပေးထားသည့်ပြင် လမ်းညွှန်ချက်မူကြမ်းအပေါ် ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရေးကို လမ်းညွှန်ချက်မူကြမ်းအား စတင်မိတ်ဆက်အသိပေးရန်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှကုမ္ပဏီများ၊ EIA အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော/အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်ကျောင်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များအပါအဝင် စိတ်ပါဝင်စားသည့် ဆက်စပ်ပတ်သက်သူများထံမှ တုံ့ပြန်ချက်နှင့် ဝေဖန်အကြံပြုချက်များ ရရှိရန် ကျင်းပသွားမည်ဖြစ်ပါသည်။ အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးများကို ဘန်ကောက်၊ ဟန္နိုင်း၊ ဟိုချီမင်းမြို့တော်၊ ဖနွမ်းပင်၊ ဗီယမ်တိုင်းနှင့် ရန်ကုန်မြို့တို့၌ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပရန် စီစဉ်ထားပါသည်။ အဆိုပါ အစည်းအဝေးများ ကျင်းပမည့် ရက် နှင့် နေရာ စသည့်အသေးစိပ်များကို ထပ်မံကြေငြာပေးမည်ဖြစ်ပြီး မကြာမီကာလအတွင်း သိရှိစေမည်ဖြစ်ပါသည်။

*ဝေဖန်အကြံပြုချက်များကို အွန်လိုင်းပလက်ဖောင်းမှတဆင့်လည်းကောင်း အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးများမှတဆင့်လည်းကောင်း လက်ခံသွားမည်ဖြစ်ကြောင်းကို ကျေးဇူးပြု၍ မှတ်သားထားစေလိုပါသည်။ (တယ်လီဖုန်း၊ အီးမေးလ်၊ ဖက်စ် သို့မဟုတ် စာ စသည့်) အခြားနည်းလမ်းများဖြင့် ဝေဖန်အကြံပြုချက်များပေးပို့ခြင်းကို လက်ခံမည်မဟုတ်ပါ။*

**ဝေဖန်အကြံပြုချက်များအား စီမံခန့်ခွဲခြင်းနှင့် ကိုယ်တွယ်ဖြေရှင်း ဆောင်ရွက်ခြင်း**
ဆွေးနွေးတိုင်ပင်မှုကာလပြီးဆုံးသည့် (အောက်တိုဘာ ၃၁ ရက်)နေ့တွင် လမ်းညွှန်ချက်မူကြမ်းအပေါ် ပေးပို့လာသည့် ဝေဖန်အကြံပြုချက်များကို RTWG အတွင်းရေးမှူးက စုစည်းမည်ဖြစ်ပြီး EIA အဖွဲ့ဝင်များ၏ RTWG က၂၀၁၇ ခုနှစ်၊ ဇန္နဝါရီလ အစောပိုင်းတွင် ကျင်းပမည့် ၎င်းတို့၏ နောက်ဆက်တွဲ အစည်းအဝေး၌ ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ပါသည်။ ဝေဖန်အကြံပြုသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူထံသို့ ထုတ်ပြန်မည်မဟုတ်ပါ။ အကယ်၍ ဝေဖန်အကြံပြုချက်များတွင် ပုဂ္ဂလိကသတင်းအချက်အလက်များဖြင့် တစ်ဦးချင်းအား ခွဲခြားသိရှိနိုင်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ထိခိုက်စေနိုင်သည်ဟုယူဆသည့် မည်သည့်သတင်းအချက်အလက်များကိုမဆို ပါဝင်နေပါက ယင်းနှင့်ဆီလျော်သည့် စာပိုဒ်များကို ထုတ်ပယ်မည်ဖြစ်ပါသည်။ ဆွေးနွေးတိုင်ပင်ခြင်း ၏ ကျယ်ပြောလှသည့် သဘောသဘာဝရှိခြင်းကြောင့် တစ်ဦးချင်းစီ၏ ဝေဖန်အကြံပြုချက်များကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်တုံ့ပြန်နိုင်မည်မဟုတ်ပါ။

**စုံစမ်းခြင်းများ**
လက်ရှိအချိန်အထိ သင့်တွင်ရှိသော မည်သည့်မေးခွန်းကိုမဆို ဤ infompe@pactworld.org အီးမေး လိပ်စာသို့ ပေးပို့ စုံစမ်းနိုင်ပါသည်။

EIA ဆိုင်ရာ RTWG အဖွဲ့၏ကိုယ်စား ဆွေးနွေးခြင်းတွင် သင်၏ ပူးပေါင်းမှု နှင့် ပါဝင်မှုကို ကျွန်ုပ်တို့ မျှော်လင့်လျက်

ခင်မင်စွာဖြင့်

မစ္စ ခရစ်တီအိုဝင်
ပတ်ဝန်းကျင်ရေးရာ မဲခေါင် မိတ်ဖက်အဖွဲ့/Pact ထိုင်းနိုင်ငံ
*ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအပေါ် ဒေသတွင်း*
*နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး*
ဘန်ကောက်၊ ထိုင်းနိုင်ငံ

REGIONAL TECHNICAL WORKING GROUP ON EIA

# ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) တွင်
# ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ဒေသတွင်း
# လမ်းညွှန်ချက်

**ဆွေးနွေးတိုင်ပင်ခြင်းနှင့် ဝေဖန်ချက်အတွက် မူကြမ်း**

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်**

# နိဒါန်း

ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA)တွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဆိုင်ရာ ဒေသတွင်း လမ်းညွှန်ချက် ("လမ်းညွှန်ချက်များ")ကို EIA အပေါ် ဒေသတွင်းနည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ အစိုးရ နှင့် အစိုးရမဟုတ်သည့် အဖွဲ့ဝင် (၂၅) ဦးက နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၏ ကူညီ ပံ့ပိုးမှုဖြင့် ပူးပေါင်းရေးဆွဲထားပါသည်။ ဆက်စပ် အစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ကုမ္ပဏီများ၊ EIA အကြံပေးပုဂ္ဂိုလ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားသူများ ပါဝင်သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှ အောက်တိုဘာလ အထိ ကျင်းပပြုလုပ်ခဲ့သော အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများမှတဆင့် ရရှိခဲ့သော ဖြည့်စွက်ထည့်ဝင်မှုများနှင့် ဝေဖန်အကြံပြုချက်များသည် ဤလမ်းညွှန်ချက်မူကြမ်းကို ပိုမိုကောင်းမွန်စေရန် အသုံးပြုမည်ဖြစ်ပါသည်။

*ဤလမ်းညွှန်ချက်ကို အမေရိကန် ပြည်ထောင်စု နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (USAID)၏ ပတ်ဝန်းကျင်ရေးရာ အစီအစဉ်အတွက် မဲခေါင်မိတ်ဖက်အဖွဲ့ မှတဆင့် အမေရိကန်လူမျိုးများ၏ စေတနာ ထက်သန်သော အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး Pact နှင့် အာရှပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာ ဆောင်ရွက်ရေး နှင့် အရေးယူရေး ကွန်ယက် (AECEN)တို့က ပူးပေါင်း အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ Pact နှင့် AECEN တို့သည် အခြား မိတ်ဖက်အဖွဲ့များနှင့်အတူ ဤလမ်းညွှန်ချက် ဖြစ်ပေါ်လာရေးအတွက် EIA ဆိုင်ရာ RTWG အား ပံ့ပိုးကူညီ ပေးခဲ့ပါသည်။ ဤစာအုပ်တွင် ပါဝင်သည့် တင်ပြချက်များသည် USAID သို့မဟုတ် အမေရိကန်နိုင်ငံအစိုးရ၏ အမြင်တစ်စုံတရာအား ထင်ဟပ်စေခြင်းမရှိစေရပါ။*

# ၁။ နိဒါန်း နှင့် အခြေခံအကြောင်း

၁.၁ **ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA)** သည် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ကတိကဝတ်ပြုမှုများ မပြုလုပ်မီ ဖွံ့ဖြိုးရေး စီမံကိန်းများ၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို ခွဲခြားသတ်မှတ်ခြင်း၊ ကြိုတင်ခန့်မှန်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် လျော့နည်းသက်သာစေခြင်း ဖြစ်စေကာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပြီး နိုင်ငံတကာမှ လက်ခံထားသည့် လုပ်ငန်းစဉ် တစ်ခု ဖြစ်ပါသည်[1] ။

၁.၂ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် တို့ကဲ့သို့ မဲခေါင် မြစ်ဝှမ်းဒေသနိုင်ငံများ အားလုံးတွင် EIA လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားကြသော်လည်း ယင်းကို ထိရောက် အကျိုးရှိစွာ အကောင်အထည်ဖော်ခြင်းတွင် အားနည်းကွာဟချက်များ ရှိနေပါသည်။ အဆိုပါ အားနည်း ကွာဟချက်များတွင် အခြားအရာများရှိသည့်အနက် ဆန်းစစ်ချက်များ၏ ခြုံငုံ အရည်အသွေး၊ အခြား ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်း၊ စစ်ဆေး ကြီးကြပ်ခြင်းနှင့် လိုက်နာ ဆောင်ရွက်ခြင်းနှင့် အဓိပ္ပါယ်ပြည့်ဝသော ဆက်စပ်ပတ်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း စသည့် အကြောင်းအရာများ ပါဝင်ပါသည်။ ယင်းစိန်ခေါ်မှုများကြောင့် လူမှုရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ ဖြစ်နေသည့် ညံ့ဖျင်းသော စီမံကိန်းများ၊ စီမံကိန်းအဆိုပြုသူအတွက် ငွေကုန် ကြေးကျများပြားမှုကို ဦးတည်စေသည့် စီမံကိန်းနှောင့်နှေးမှုများနှင့် ဒေသခံပြည်သူများနှင့် အငြင်းပွားမှုများ၊ နှင့် ဒေသအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်ပေါ်လျက်ရှိပါသည်။

၁.၃ ယင်းအကြောင်းများကြောင့် EIA သည် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးကဏ္ဍများမှ လုပ်ဆောင်သူများအကြား အများနှင့်သက်ဆိုင်သည့် စိုးရိမ်ပူပန်ဖွယ် အကြောင်းအရာတစ်ခုကဲ့သို့ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းဆက်စပ်မှုများဖြင့် ဒေသတွင်းတွင် EIA စနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းအားထုတ်မှုများ လက်ရှိတွင် ဖြစ်ပေါ်လျက်ရှိပါသည်။ အခြားအရေးပါသည့် အကြောင်းရင်းတစ်ခုမှာ ၂၀၁၅ ခုနှစ်တွင် ASEAN Economic Community (AEC) အာဆီယံ စီးပွားရေး အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ AEC သည် ဒေသတွင်း ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံတစ်ခုတည်းအဖြစ် မြှင့်တင်ရန်၊ ဒေသတွင်းတွင် စီးပွားရေး ပြိုင်ဆိုင်မှုများ တိုးမြှင့်ရန်၊ တန်းတူညီတူဖြစ်သော စီးပွားရေး ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်နှင့် ယင်း၏ အဖွဲ့ဝင် (၁၀) နိုင်ငံအား ကမ္ဘာ့ စီးပွားရေး ဈေးကွက်တွင် ပေါင်းစပ်နိုင်ရန် မျှော်မှန်းထားပါသည်။ AEC ၏ အသေးစိပ် အစီအစဉ်တွင် ဒေသတစ်ခုလုံး၌ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမှုတို့ကို လွတ်လပ်စွာ စီးဆင်းစေရေး အထောက်အကူဖြစ်စေရန်အတွက် ကုန်သွယ်မှုနှင့် အခွန်လုပ်ငန်းစဉ်များအား ရိုးရှင်းလွယ်ကူစေရန်၊ လိုက်လျောညီထွေဖြစ်စေရန် နှင့် စံသတ်မှတ်ရန် အရေးပေါ် လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။ သို့သော်လည်း ထိရောက်သော လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ လုံခြုံမှု မရှိပါက တိုးမြင့်လာမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ရည်မှန်းမထားသော အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပြီး ဒေသတွင်း ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များ ယိုယွင်း ပျက်စီးမှု၊ စားဝတ်နေရေး ဆုံးရှုံးမှုများနှင့် ကာလလတ်၊ ကာလရှည် အကျိုးဆက်များ တိုးပွားလာမည် ဖြစ်ပါသည်။

၁.၄ လေထုညစ်ညမ်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများပေါ်တွင် သက်ရောက်မှုနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ အပါအဝင် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများ ဖြစ်လာနိုင်သည့် စီမံကိန်းများ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရန် ထိရောက်သည့် လုပ်ငန်းစဉ် ယန္တရား ဖွံ့ဖြိုး ပေါ်ပေါက်လာရေးအတွက် စိန်ခေါ်မှုများလည်း ရှိနေပါသည်။ ဒေသတွင်း အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခြင်းနှင့်အတူ EIA အပေါ် လက်ရှိ စိတ်ဝင်စားမှုသည် EIA မူဝါဒနှင့် အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ပေါ်လာရေး အရေးပါမှုကို ထင်ဟပ်အသက်ဝင်စေကာ

[1] Key Terms and Definitions used in this document are provided in Annex II.

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

ဒေသတွင်း တိုးမြင့်လာမည့် ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာနှင့် ယင်း၏ သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁.၅ EIA လုပ်ငန်းစဉ်တွင် ဆက်စပ်ပတ်သူများ ထိရောက်စွာ ပါဝင်လာရေးသည် အရေးကြီးသည့် အားနည်းကွာဟချက်တစ်ခုဖြစ်ကြောင်း သတ်မှတ်ထားပြီးဖြစ်ခြင်းကြောင့် အဆိုပါ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အဓိကကျသည့် လုပ်ငန်းစဉ်ယန္တရားတစ်ခုသဖွယ် သတ်မှတ်ထားပါသည်။ EIA လုပ်ငန်းစဉ်များတွင် ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း- အထူးသဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ခံစားရသူများ – သည် အဓိက ပြဿနာများနှင့် စိုးရိမ် ပူပန်မှုများကို ခွဲခြားသတ်မှတ်ရန်နှင့် ရင်ဆိုင်ဖြေရှင်းရန် အထောက်အကူပေးခြင်းဖြင့် ပိုမိုကောင်းသော၊ သာတူညီမျှဖြစ်သော၊ ပိုမို၍ ရေရှည်တည်တံ့စေသော ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များ ရရှိရေး အလေးထား ဆောင်ရွက်စဉ်တွင် လုပ်ငန်းစဉ်၏ ထိရောက်မှုကို တိုးမြင့်စေပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း သည် စီမံကိန်းတစ်ခု၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအား အောင်မြင်စွာ စီမံခန့်ခွဲခြင်းအတွက် အဓိကကျစေသည့် ခိုင်မာသော၊ အပြုသဘောဖြစ်သော၊ တုံ့ပြန်မှုရှိသော ဆက်နွယ်ချက်များ တည်ဆောက်ခြင်းအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်စေပါသည်။

၁.၆ **ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း** သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ် တစ်ခုတွင် ဆုံးဖြတ်ချက် တစ်ရပ်ကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ခံစားရသူများ ပါဝင်လာရေး လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပြီး ၎င်းတို့၏ စစ်မှန်သော နည်းလမ်းဖြင့် ပါဝင်လာစေရန် လိုအပ်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုအား ပံ့ပိုးပေးခြင်းဖြင့် ရေရှည် တည်တံ့သော ဆုံးဖြတ်ချက်များ ပိုမိုဖြစ်ပေါ်လာခြင်းနှင့် ၎င်းတို့၏ ပါဝင်မှုသည် ဆုံးဖြတ်ချက်အပေါ် မည်သို့ ပြောင်းလဲနိုင်ကြောင်း အများပြည်သူ သိရှိရေး ဆက်သွယ်သတင်းပေးခြင်း ဖြစ်ပါသည်။

၁.၇ EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းအတွက် ဒေသဆိုင်ရာ လမ်းညွှန်ချက် (လမ်းညွှန်ချက်)သည် မဲခေါင်ဒေသအား အခြေခံထားပြီး ဘုံ ချဉ်းကပ်မှု နည်းလမ်းတစ်ရပ် အဖြစ် တင်ပြထားကာ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ရှိပြီးသား နိုင်ငံအဆင့် EIA မူဘောင်များတွင် သတင်းအချက်အလက်များ လက်လှမ်းမီသုံးစွဲမှုတို့ကို ခိုင်မာ အားကောင်းစေပါသည်။ ထိုနည်းတူ ဒေသတွင်း ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် ဖြစ်ပေါ်လာရေး အထောက်အကူဖြစ်စေရန်အလို့ငှာ တိုးမြင့်လာမည့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ရောက်မှု ဟူသော အကြောင်းရင်းများတွင် မဲခေါင်ဒေသတွင်ရှိ EIA မူဝါဒ နှင့် အလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းစေရေးအတွက် အကိုးအကား စာအုပ် တစ်အုပ်အဖြစ် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

## ၂။ လမ်းညွှန်ချက်များ၏ ရည်ရွယ်ချက် နှင့် နယ်ပယ် အတိုင်းအတာ

၂.၁ EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းအတွက် ဒေသဆိုင်ရာ လမ်းညွှန်ချက်များ၏ **ရည်ရွယ်ချက်** မှာ မဲခေါင်ဒေသတွင်း EIA လုပ်ငန်းစဉ်များ၌ စစ်မှန်သော ပြည်သူလူထု ပူးပေါင်းပါဝင်မှု ဖြစ်စေရေး ဖော်ဆောင်ခြင်းအတွက် လက်တွေ့ကျသော လမ်းညွှန်ချက် အဖြစ် ပံ့ပိုးပေးရန် ဖြစ်ပါသည်။

၂.၂ လမ်းညွှန်ချက်အား အသုံးပြုခြင်းသည် စီမံကိန်းနှင့်ယှင်းတွင် ပါဝင်သည့် ဆက်စပ်ပတ်သက်သူ အားလုံးတို့အတွက် ဘေးအန္တရာယ်များ လျော့နည်းစေရေး နှင့် ပိုမိုကောင်းမွန်သော၊ ရေရှည်တည်တံ့သော၊ ပိုမိုညီမျှသော ဖွံ့ဖြိုးရေး ရလဒ်ကောင်းများ ဖြစ်ပေါ်လာရေး ဆောင်ရွက်နေစဉ်အတွင်း EIA လုပ်ငန်းစဉ်၏ ထိရောက် အကျိုးရှိမှုကို မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ နိုင်ငံအဆင့် ရှိပြီးသား ဥပဒေများနှင့် လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းစဉ်းစားကာ EIA တွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာရေးသို့ ဦးတည်သည့် ဒေသဆိုင်ရာ "အလေ့အကျင့်ကောင်း" ချဉ်းကပ်မှုနည်းလမ်းအဖြစ် ပံ့ပိုးပေးထားပါသည်။ ဤ လမ်းညွှန်ချက်များအတွက် ဦးတည်ထားသည့် **ပရိတ်သတ်**အဖြစ် စီမံကိန်းကြောင့် ထိခိုက်ခံရသူများ (PAP)၊ စီမံကိန်း အဆိုပြုသူများ၊ EIA အကြံပေးပုဂ္ဂိုလ်များ၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (NGOs/CSOs)နှင့် EIA လုပ်ငန်းစဉ်နှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ခြင်းတို့တွင် စိတ်ပါဝင်စားကြသည့် အခြား ဆက်စပ်ပတ်သက်သူများအတွက် ရည်ရွယ်ပါသည်။

၂.၃ လမ်းညွှန်ချက်များ၏ **နယ်ပယ်အတိုင်းအတာ** အနေဖြင့် အမျိုးသားအဆင့် ရှိပြီးသား EIA ဥပဒေအရ EIA လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည့် ကမ္ဘောဒီယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် တို့ကဲ့သို့ မဲခေါင်ဒေသနိုင်ငံများအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများ အားလုံးကို လွှမ်းခြုံမိစေပါသည်။

၂.၄ အဆိုပါ လမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်များပြည့်စုံရေးအတွက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ဟူသော စကားလုံးဝေါဟာရကို အသုံးပြုထားပါသည်။ အဆိုပါ ဝေါဟာရသည် EIA ၏ ခေတ်မီဆန်းသစ်သော အသုံးပြုမှု၏ ကျယ်ပြောသော သဘာဝကို ထည့်သွင်းစဉ်းစားထားပါသည်။ နိုင်ငံတော်တော်များများသည် EIA ၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုကာ လက်ခံကျင့်သုံးနေပြီး ယင်းတွင် လူသားများနှင့် ပတ်ဝန်းကျင် နှစ်မျိုးစလုံးအပေါ်၌ ထိခိုက်နိုင်သော (တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ်သက်ရောက်မှု နှင့် လူမှုရေး ဆိုင်ရာ) သက်ရောက်မှုများအားလုံးကို ဆန်းစစ်ချက်တစ်ရပ်ပြုလုပ်ရန်လည်း ပါဝင်ပါသည်။ စီမံကိန်း တစ်ခု၏ သက်ရောက်မှုများအား စဉ်းစားတွေးခေါ်ပြီး စစ်တမ်းကောက်ယူရာတွင် ပြည့်စုံနိုင်သမျှ ပြည့်စုံသော စစ်တမ်းတစ်ခုဖြစ်ရန် လိုအပ်ကြောင်း EIA ကရှင်းလင်းစွာ သတိပေးထားပါသည်။

၂.၅ EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း၏ ခြုံငုံ ရည်ရွယ်ချက်တစ်ခုမှာ အဆိုပြုထားသော စီမံကိန်းတစ်ခုမှ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သက်ရောက်မှုများအားလုံး EIA အစီရင်ခံစာတွင် ထပ်ဟပ်ဖော်ပြစေရန်၊ EIA အကြံပေးပုဂ္ဂိုလ်က စစ်တမ်းကောက်ယူရန်နှင့် ဆုံးဖြတ်ချက် ချမှတ်သူက EIA အစီရင်ခံစာအား စဉ်းစားဆင်ခြင် သုံးသပ်ရန်နှင့် စီမံကိန်း၏ မည်သည့် သက်ရောက်မှုများအတွက်မဆို ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စစ်ဆေးကြီးကြပ်ခြင်း အစီအစဉ်ဖြင့် စီမံခန့်ခွဲရန်တို့ကို အလေးထားဆောင်ရွက်ရပါမည်။ စီမံကိန်းလုပ်ငန်းများ တည်ဆောက်နေစဉ် သို့မဟုတ် လည်ပတ်လုပ်ကိုင်နေစဉ်အတွင်း လျော်ကြေးပေးခြင်းအပါအဝင် မည်သည့်အငြင်းပွားမှုမျိုးကိုမဆို သို့မဟုတ် မကျေနပ်ချက်များကိုမဆို ကိုင်တွယ် ဖြေရှင်းပေးမည့် အခွင့်အလန်းများလည်း ပံ့ပိုးပေးသင့်ပါသည်။ နောက်ဆုံးတွင် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းကို ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် စစ်ဆေး ကြီးကြပ်ခြင်း

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

အစီအစဉ်အတိုင်း ထိရောက်စွာ လိုက်နာဆောင်ရွက်ရေးနှင့် စီမံကိန်းက ကတိကဝတ်ပြုထားမှုများကို အပြည့်အဝ ဖြစ်စေရေး သေချာမှု ရှိစေရန် အသုံးပြုနိုင်ပါသည်။

၂.၆ ဤလမ်းညွှန်ချက်များသည် လက်ရှိ အမျိုးသားအဆင့် မူဝါဒများနှင့် အလေ့အကျင့်ကောင်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်စေရေး ညွှန်ကြားချက်အဖြစ် ပံ့ပိုးပေးရန်ဖြစ်သော်လည်း အမျိုးသားအဆင့် EIA လုပ်ငန်းစဉ်များကို အစားထိုးစေမည်မဟုတ်ပါ။ လမ်းညွှန်ချက်များသည် လက်ရှိ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများနှင့် မဲခေါင် မြစ်ဝှမ်းဒေသတွင်းရှိ လမ်းညွှန်ချက်များကို အနုစိပ် လေ့လာကာ ပြုစုထားပြီး ကွဲပြားမှုများ ရှိသည်ကို အသိအမှတ်ပြုထားကာ တူညီမှုများ ရှိသည့် ဒေသတွင်း မူဝါဒများ နှင့် အလေ့အကျင့်ကောင်းများ သဟဇာတဖြစ်ရေးကို ရည်ရွယ်ပါသည်။ လမ်းညွှန်ချက်များအား အသုံးပြုခြင်းဖြင့် "ဒေသတွင်း ပတ်ဝန်းကျင်ကို ထိန်းသိမ်းရေး၊ ယင်း၏ သဘာဝ သယံဇာတ အရင်းအမြစ်များကို ရေရှည်တည်တံ့စေရေး၊ ယင်း၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရေးနှင့် ယင်း၏ ပြည်သူလူထုအား ဘဝအရည်အသွေး မြင့်မားစေရေး သေချာမှုရှိရန်"[2] ဟူသော အာဆီယံ လုပ်ပိုင်ခွင့် (charter) ရည်မှန်းချက်အား ပြည့်ဝစေမည်ဖြစ်ပါသည်။

၂.၇ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းသည် စီမံကိန်းဖြစ်နိုင်ချေလေ့လာခြင်း မှ စီမံကိန်း ပိတ်သိမ်းသည်အထိနှင့် ပတ်ဝန်းကျင် ပြန်လည်ထူထောင်ခြင်း အပါအဝင် စီမံကိန်းစက်ဝန်း တစ်လျှောက်လုံးတွင် ပါဝင်ရသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ လမ်းညွှန်ချက်များသည် EIA လုပ်ငန်းစဉ်အတွင်း ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းအပေါ် မည်သည့် သတင်းအချက်အလက်များကို မည်သည့်အချိန်တွင် ရရှိနိုင်ပြီး ဆက်စပ်ပတ်သက်သူအသီးသီးထံ မည်သို့ ရောက်ရှိသင့်သည် စသည့် အသေးစိပ် ညွှန်ကြားမှုများဖြင့် ဖော်ပြထားပါသည်။

၂.၈ ယေဘုယျအားဖြင့် EIA လုပ်ငန်းစဉ်၏ ခြုံငုံတင်ပြချက်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း၏ အဓိက ကျသော သဘောတရားအချို့ကို အသားပေးလျက် လမ်းညွှန်ချက်များသည် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန် အလွန် သင့်လျော်ကိုက်ညီပြီး အရေးကြီးသော EIA လုပ်ငန်းစဉ်၏ အဓိကအဆင့် အသီးသီးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းအတွက် အသေးစိပ် ညွှန်ကြားချက်များဖြင့် ဖြည့်ဆည်းပေးထားပါသည်။ ဤ နည်းလမ်းအတိုင်း စုစည်းထားခြင်းဖြင့် အဆိုပါလမ်းညွှန်ချက်များသည် EIA လုပ်ငန်းစဉ် တလျှောက်လုံးတွင် EIA ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်ကြသူများအတွက် လက်တွေ့ကျသည့် လက်စွဲ စာအုပ်တစ်အုပ် ကဲ့သို့ အထောက်အကူ ဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။

၂.၉ လမ်းညွှန်ချက်များသည် အထူးသဖြင့် EIA လုပ်ငန်းစဉ်အပေါ် အသားပေး ဖော်ပြထားသောကြောင့် ကျယ်ပြောလှသော မူဝါဒရေးရာ သို့မဟုတ် မဟာဗျူဟာမြောက် အဆင့် သို့မဟုတ် EIA လုပ်ငန်းစဉ် မစတင်မီ အကြိုဖြစ်နိုင်ခြေ လေ့လာမှု တို့ကဲ့သို့ စီမံကိန်း ဖွံ့ဖြိုးမှု စက်ဝန်း၏ အခြားအမြင်များကို သီးခြားဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ဤလမ်းညွှန်ချက်များတွင် ဆွေးနွေးတင်ပြထားသည့် သဘောတရားများနှင့် အလေ့အကျင့်များကို ပုံမှန် EIA လုပ်ငန်းစဉ်၏ ပြင်ပ အကြောင်းအရာ လုပ်ငန်းစဉ်များတွင်လည်း အသုံးချနိုင်ပါသည်။ ပုံ ၁ တွင် စီမံကိန်း စက်ဝန်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းအကြား ဆက်နွယ်ချက်ကို ဖော်ပြထားပြီး EIA လုပ်ငန်းစဉ်တွင် ပါရှိသော အဆင့်များသည် စီမံကိန်း စက်ဝန်း နှင့် မည်သို့ ဆက်နွယ်နေသည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။

[2] ASEAN Charter Article 1(9)

**Figure 1: စီမံကိန်းစက်ဝန်း** (UNEP ကို မှီငြမ်းထားပါသည်။)



## ၃။ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း ဟူသောအကြောင်းအရာတွင် EIA စနစ်များ၏ ရည်ရွယ်ချက်များနှင့် အဓိက သဘောတရားများ

၃.၀.၁ မဲခေါင်မြစ်ဝှမ်းဒေသတွင်ရှိသော နိုင်ငံအားလုံးတွင် အသုံးပြုလျက်ရှိသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သော EIA သည် အဆိုပြုထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းများအပေါ် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများအား ဆန်းစစ်ရန်နှင့် အနုစိပ်လေ့လာရန်၊ အဆိုပါ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို ရှောင်ရှားနိုင်မည့်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချနိုင်မည့်၊ စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများ ဖွံ့ဖြိုးပေါ်ပေါက်စေရန်တို့အတွက် အရေးကြီးသည့် နည်းလမ်းတစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားပါသည်။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ (PAP) နှင့် အခြား ဆက်စပ်ပတ်သက်သူများ၏ အဓိက စိုးရိမ်ပူပန်မှုများကို ခွဲခြားသတ်မှတ်ရန်နှင့် တုံ့ပြန် ဖြေရှင်းပေးရန်အတွက် လုပ်ငန်းစဉ်တစ်ရပ်သဖွယ် မြင်တွေ့နိုင်ပါသည်။ ထိရောက်သည့် EIA များသည် ကြိုတင်အသိပေးမှု အားနည်းသည့် သို့မဟုတ် ဒေသခံများ၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားနိုင်ရေး ဒေသခံများ ပါဝင်မှု အားနည်းသည့် စီမံကိန်းတစ်ရပ်မှ ပေါ်ပေါက်လာနိုင်သည့် လူမှုရေးဆိုင်ရာ အငြင်းပွားမှုများအား ရှောင်ရှားရာတွင် ဖြစ်စေ၊ ထိခိုက်မှု လျှော့ချရာတွင်ဖြစ်စေ အထောက်အကူပြုပေးနိုင်ပါသည်။

၃.၀.၂ EIA လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ဤလမ်းညွှန်ချက်၌ ဖော်ပြထားသကဲ့သို့ စီမံကိန်း အဆိုပြုလွှာတစ်ရပ်အား ပုံမှန်အတည်ပြုပေးခြင်း မတိုင်မီ ထိရောက်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးကို အပြည့်အဝ ဆောင်ရွက်ရပါမည်။ EIA၏ အဓိက ရည်ရွယ်ချက်များအနက် တစ်ခုမှာ စီမံကိန်း အဆိုပြုလွှာများ၏ ဆိုးကျိုးသက်ရောက်မှုများကို ယင်းသက်ရောက်မှုများ မဖြစ်ပေါ်လာမီကတည်းက ရှောင်ရှားနိုင်ရေး သို့မဟုတ် ထိခိုက်မှု လျှော့ချရေး သေချာမှု ရှိရမည်ဖြစ်သဖြင့် ဤအချက်သည် အရေးကြီးပါသည်။ သို့အတွက်ကြောင့် EIA လုပ်ငန်းစဉ် မပြီးစီးသေးသမျှ စီမံကိန်းလုပ်ငန်းများ တည်ဆောက်ခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ခြင်း မလုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၃.၁ EIA ၏ ရည်ရွယ်ချက်များ

၃.၁.၁ EIA ၏ အဓိက ရည်ရွယ်ချက်များမှာ –

- *ပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ရှင်းရှင်းလင်းလင်း ဖြစ်စေရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ထည့်သွင်းရေး အလေးထားရန်၊*
- *ဖွံ့ဖြိုးရေးစီမံကိန်း အဆိုပြုလွှာများ၏ သိသာထင်ရှားသည့် ဇီဝရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် အခြား ဆက်စပ် အကျိုးသက်ရောက်မှုများကို ကြိုတင်ခန့်မှန်းရန်နှင့် ရှောင်ရှားရန်၊ လျှော့နည်းစေရန် သို့မဟုတ် အစားထိုးဆောင်ရွက်ရန်၊*
- *သဘာဝစနစ်များနှင့် ဂေဟဆိုင်ရာ လုပ်ငန်းစဉ်များသည် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ထိန်းသိမ်းလျက်ရှိသောကြောင့် ယင်းတို့၏ ထုတ်လုပ်နိုင်စွမ်းနှင့် အခြားစွမ်းရည်များကို ထိန်းသိမ်း ကာကွယ်ရန် နှင့်*
- *ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့စေရန်နှင့် သယံဇာတ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှု အခွင့်အလမ်းများအား အကောင်းဆုံးနည်းလမ်းများဖြင့် တိုးမြှင့် ဆောင်ရွက်ရန်၊*[3]

၃.၁.၂ စီမံကိန်းတစ်ရပ်၏ သတ်မှတ်ထားသော ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရာတွင် EIA သည် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့် စီးပွားရေး စသည်တို့အပေါ် ဆန့်ကျင်ဖက် သက်ရောက်မှုများအား ကန့်သတ်လျှော့ချမည့် မဟာဗျူဟာများ အဆိုပြုရန် လိုအပ်ပါသည်။ အဆိုပါ မဟာဗျူဟာများကို များသောအားဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချမည့် နည်းလမ်းများဟု

[3] သက်ရောက်မှုဆန်းစစ်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (၁၉၉၉)၊ *ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ အလေ့အကျင့်ကောင်းများ၏ သဘောတရားများ၊* http://www.iaia.org/uploads/pdf/principlesEA_1.pdf

ညွှန်းဆိုလျက် ရှိသော်လည်း **ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေး အဆင့်** များကို နားလည်သဘောပေါက်ထားသင့်ပြီး ယင်းအဆင့်များဖြင့် ဘက်စုံပြည့်ဝအောင် အဆိုပြုပေးသင့်ပါသည်။ ပုံ ၂ တွင် ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး အဆင့်သည် ဇီဝမျိုးစုံမျိုးကွဲများ နှင့် ဂေဟစနစ် ဝန်ဆောင်မှုများ အပေါ် ထိခိုက်နိုင်သည့် ဘေးန္တရာယ်များ နှင့် သက်ရောက်မှုများအား စီမံခန့်ခွဲရာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါသည်။ သို့သော် စီမံကိန်းအဆိုပြုလွှာ တစ်ရပ်၏ ဘေးအန္တရာယ်များနှင့် သက်ရောက်မှုများအားလုံးအတွက် အသုံးပြုနိုင်ပါသည်။ အောက်ဖော်ပြပါ အချက်များ၏ ကျိုးကြောင်းဆီလျော်သော ဆက်စပ်မှုများအတိုင်း လုပ်ဆောင်မည်ဆိုပါက ဘေးအန္တရာယ်များ နှင့် သက်ရောက်မှုများအား စီမံခန့်ခွဲမှုတွင် ထိရောက်အကျိုးရှိမှု အများဆုံးပေးစွမ်းနိုင်ကြောင်း အသိအမှတ်ပြုထားပါသည်[4] –

- ပထမ – သက်ရောက်မှုများ မပေါ်ပေါက်လာမီ ရှောင်ရှားခြင်း၊
- ဒုတိယ – သက်ရောက်မှုများအား ရှောင်ရှားရန် မဖြစ်နိုင်သောအခါ သက်ရောက်မှုများ၏ အချိန်ကာလ၊ ပြင်းထန်မှု၊ သိသာထင်ရှားမှု နှင့်/သို့မဟုတ် ပမာဏကို လျှော့နည်းစေခြင်း၊
- တတိယ – သက်ရောက်မှု ဖြစ်ပေါ်လာသောအခါ ပတ်ဝန်းကျင်၊ နယ်ပယ်ဒေသ နှင့်/သို့မဟုတ် အစုအဖွဲ့များအား ပြန်လည်ထူထောင်ပေးခြင်း သို့မဟုတ် ပြုစုထိန်းသိမ်းပေးခြင်းနှင့်
- နောက်ဆုံး – သိသာသည့် သက်ရောက်မှုများ ကျန်ရှိနေပါက အဆိုပါ သက်ရောက်မှုများကို အစားထိုးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း၊

သက်ရောက်မှုများ လျှော့နည်းသက်သာစေရေး မဖြစ်နိုင်သည့် အခြေအနေများတွင် အဆိုပြုထားသော စီမံကိန်းကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုနိုင်မည် မဟုတ်ပါ။

**Figure 2: ထိခိုက်မှုလျှော့ချခြင်း အဆင့်**[5]




အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စွာ ရရှိရေးသည် အဓိကသဘောတရား အများစုအပေါ် အခြေခံ ထားသော EIAs အတွက် ကောင်းမွန်သော မူဘောင်တစ်ရပ်ကို အသုံးပြုရန် လိုအပ်ပါသည်။

---

[4] ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း (၂၀၁၅)၊ *ထိခိုက်မှုလျှော့ချခြင်း အဆင့်များအတိုင်း အကောင်အထည်ဖော်ဆောင်ခြင်းအတွက် ကဏ္ဍပေါင်းစုံ ညွှန်ကြားချက်၊ ကဏ္ဍပေါင်းစုံရှိ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အစပြုဆောင်ရွက်မှု*

[5] ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း ၏ *ထိခိုက်မှုလျှော့ချခြင်း အဆင့်* http://www.thebiodiversityconsultancy.com/approaches/mitigation-hierarchy/အား မှီငြမ်းကိုးကားပါသည်။


USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

## ၃.၂ EIA ၏ အဓိက သဘောတရားများ

၃.၂.၁ ဆုံးဖြတ်ချက်ချမှတ်ရေး နည်းလမ်းတစ်ခုသဖွယ်ဖြစ်သည့် EIA ၏ ထိရောက်မှုသည် အောက်ဖော်ပြပါ အရေးကြီးသော သဘောတရားများကို အသုံးပြုနိုင်မှုအပေါ် မူတည်ပါသည်–

၁။ ဥပဒေနည်းလမ်းအရ ပြဋ္ဌာန်းထားပြီး ရှင်းလင်း၊ ထိရောက်သော လုပ်ငန်းစဉ် ဖြစ်ရမည်။

၂။ စီမံကိန်းအဆိုပြုသူက EIA ဆန်းစစ်ချက်အတွက် အသုံးပြု ကုန်ကျစရိတ်ကို ကျခံရမည်။

၃။ လုပ်ငန်းစဉ်၏ အဆင့်တိုင်း အဆင့်တိုင်းတွင် စစ်မှန်သော၊ အဓိပ္ပါယ် ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်မှု ဖြစ်ရမည်။

၄။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများနှင့် အခြားဆက်စပ် ပတ်သက်သူများက သတင်းအချက် အလက်များကို လက်လှမ်းမှီ သုံးစွဲနိုင်ရမည်။

၅။ စီမံကိန်းနှင့် သင့်လျော်ကိုက်ညီသည့် သတင်းအချက်အလက်များ ရရှိရမည်။

၆။ မျက်မြင်အထောက်အထား အခြေပြုသည့် ပွင့်လင်းလွတ်လပ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်ရမည်။

၇။ ထိရောက်သော စစ်ဆေးကြီးကြပ်မှု၊ လိုက်နာဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်မှု ရှိရမည်။

### ၃.၂.၂ ဥပဒေနည်းလမ်းအရ ပြဋ္ဌာန်းထားပြီး ရှင်းလင်း ထိရောက်သော လုပ်ငန်းစဉ် ဖြစ်ရမည်။

တရားဥပဒေ စီရင်ပိုင်ခွင့် တစ်ခုချင်းစီအတွင်း EIA စနစ်၏ ပြဋ္ဌာန်းချက်နှင့် လုပ်ငန်း ဆောင်ရွက်ချက်များအတွက် သီးခြား ဥပဒေမူဘောင်တစ်ရပ်သည် အရေးကြီးပါသည်။ သို့အတွက်ကြောင့် EIA သည် လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြတ်သားသော ဥပဒေဆိုင်ရာ လိုအပ်ချက် တစ်ရပ်အဖြစ် ပိုမိုခိုင်မာရမည်ဖြစ်ပါသည်။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ စီမံကိန်းအဆိုပြုသူများ၊ EIA အကြံပေးပုဂ္ဂိုလ်၊ (ပတ်ဝန်းကျင်ဆိုင်ရာ တစ်ခုတည်းသာမက ) အစိုးရက ထိန်းသိမ်းသူအဖွဲ့များ၊ နှင့် အခြား စိတ်ပါဝင်စားသည့် အဖွဲ့များ အပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံးအတွက် သေချာမှု ရှိရမည်ဖြစ်ပြီး ချဉ်းကပ်မှု နည်းလမ်းသည်လည်း အမြဲတမ်း ရှေ့နောက်ကိုက်ညီရပါမည်။ ယင်း သေချာမှုနှင့် ရှေ့နောက်ကိုက်ညီမှုတို့သည် စနစ်အတွင်းရှိ တာဝန်ယူမှု တာဝန်ခံမှုကို အထောက်အကူ ဖြစ်စေပါသည်။ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားသည်နှင့်အညီ ဥပဒေ ဆိုင်ရာ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်းသည် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အငြင်းပွားမှု အလားအလာများကိုလည်း လျော့နည်းစေပါသည်။

### ၃.၂.၃ စီမံကိန်းအဆိုပြုသူက EIA ဆန်းစစ် ချက်အား အသုံးပြု ကုန်ကျစရိတ်ကို ကျခံရမည်။

EIA လုပ်ငန်းစဉ်သည် အထူးသဖြင့် ရှုထောင့်ပေါင်းစုံနှင့် လုပ်ငန်းအဆင့်ဆင့်ပါဝင်သည့် အဓိကကျသော ဖွံ့ဖြိုးရေး စီမံကိန်းအဆိုပြုလွှာများအတွက် စီမံကိန်း၏ ဒီဇိုင်း၊ အစီအစဉ်ရေးဆွဲခြင်း နှင့် စီမံခန့်ခွဲခြင်းများတွင် စီမံကိန်းအဆိုပြုသူ၏ ရင်းနှီးမြှုပ်နှံမှု တစ်ခုပင်ဖြစ်ပါသည်။ "ပတ်ဝန်းကျင် ညစ်ညမ်းစေသူမှ ပေးဆောင်ရမည်ဟူသော သဘောတရား"[6] နှင့် ကိုက်ညီစွာ စီမံကိန်း အဆိုပြုသူသည် ၎င်း၏ စီမံကိန်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာရေး ပံ့ပိုးအကောင်အထည်ဖော်ခြင်းများ အပါအဝင် EIA လုပ်ငန်းစဉ်နှင့် ဆက်စပ်သမျှ ကုန်ကျစရိတ်များအား ကျခံပေးသင့်ပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းသည် EIA လုပ်ငန်းစဉ်တွင် မပါမဖြစ်လိုအပ်လျက်ရှိရာ စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်တို့သည် ပြည်သူလူထုပူးပေါင်းပါဝင်စေရေးအတွက် ကုန်ကျစရိတ် ကာမိစေရန် လုံလောက်သော ဘတ်ဂျက်ရှိကြောင်း သေချာဖို့လိုပါသည်။

---

[6] ပတ်ဝန်းကျင်ညစ်ညမ်းစေသူ များက ပေးဆောင်ရမည် ဟူသော သဘောတရားသည် အများကလက်ခံထားသည့် အလေ့အကျင့်ကောင်းဖြစ်ပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသူက ယင်းညစ်ညမ်းမှုများကြောင့် ပြည်သူလူထု+ ကျန်းမာရေး သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရာတွင် စီမံခန့်ခွဲမှု ကုန်ကျစရိတ်များအားလုံးကို ကျခံရမည်ဖြစ်သည်။

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

၃.၂.၄ အများပြည်သူအနေဖြင့် EIA လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရေးအတွက် သို့မဟုတ် EIAs များကို အစိုးရအဖွဲ့အစည်းများက ဆန်းစစ်ရန်အတွက် ကုန်ကျစရိတ် တစ်စုံတစ်ရာမရှိစေသင့်ပါ။ အဆိုပါ ကုန်ကျစရိတ်များ အားလုံးသည် စီမံကိန်းအဆိုပြုသူမှ ရေးဆွဲထားသည့် EIA ဘတ်ဂျက်အတွင်း ပါဝင်ရန် လိုအပ်ပါသည်။ စီမံကိန်း အဆိုပြုလွှာတစ်ရပ်အား ဆက်လက်အကောင်အထည် ဖော်ဆောင်မည်ဆိုပါက စစ်ဆေးကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များ၌ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ ပါဝင်နေကြောင်း EIA အရ ပေါ်ပေါက်လာနိုင်ပါသည်။ စီမံကိန်း ဘတ်ဂျက်တွင် အဆိုပါ လုပ်ငန်းတာဝန်များကို စီမံကိန်းအဆိုပြုသူကဖြစ်စေ၊ ပြင်ပ အကြံပေးပုဂ္ဂိုလ် အဖွဲ့အစည်းကဖြစ်စေ၊ ဒေသခံပြည်သူများ ကိုယ်တိုင်ကဖြစ်စေ ဆောင်ရွက်ရန်အတွက် လုံလောက်သည့် ရန်ပုံငွေများ ပံ့ပိုးပေးသင့်ပါသည်။ EIA တစ်ခုအား လုပ်ဆောင်ခြင်းနှင့် အတည်ပြုထားသည့် EMMP ကို အကောင်အထည်ဖော်ဆောင်ခြင်းတို့နှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များအားလုံးကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း ပုံမှန်ကုန်ကျစရိတ်များ၏ အစိတ်အပိုင်းအဖြစ် မှတ်ယူရမည်ကို နားလည်သဘောပေါက်ထားရပါမည်။

**၃.၂.၅ EIA လုပ်ငန်းစဉ် အဆင့်အားလုံးတွင် စစ်မှန်သော အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း**

EIA ၏ အဓိကရည်မှန်းချက်တစ်ခုမှာ ဖွံ့ဖြိုးရေးစီမံကိန်း အဆိုပြုလွှာများတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ အားလုံးနှင့် အခြားဆက်စပ်ပတ်သက်သူများ ပါဝင်ရေး၊ တန်ဖိုးထားရေးနှင့် လေးစားမှုရှိရေး စသည်တို့ကို အလေးထားခြင်းဖြင့် စီမံကိန်းများမှ ပေါ်ပေါက်လာနိုင်သည့် လူမှုရေးဆိုင်ရာ အငြင်းပွားမှု ဘေးအန္တရာယ်များ လျှော့ချရန် ဖြစ်ပါသည်။ ဤအခြေအနေများတွင် ပိုမိုထိရောက်မှုရှိစေရေးအလို့ငှာ EIA လုပ်ငန်းစဉ်တစ်လျှောက်လုံး (သာမက စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် လုပ်ငန်းများ လည်ပတ်လုပ်ကိုင်ခြင်းများ တစ်လျှောက်လုံးတွင်) ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးကို ဖွဲ့စည်းပုံနှင့် အစီအစဉ် ကျနသည့် နည်းလမ်းများဖြင့် လုပ်ဆောင်ရပါမည်။ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းအားထုတ်မှုများသည်လည်း စစ်မှန်ရပါမည်။ ပြည်သူလူထုကို ကိုယ်စားမပြုသည့် လူနည်းစုဖြင့် တွေ့ဆုံခြင်း မဖြစ်စေရပါ။ ထို့ပြင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးကို လုပ်ထုံးလုပ်နည်း လိုအပ်ချက်အရ ပြီးစီးအောင် ဆောင်ရွက်ပုံမျိုးလည်း မဖြစ်စေရပါ။ ဤပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးသည် တက်ရောက်လာကြသူများ၏ သီးခြားလိုအပ်ချက်များ သာမက အခြေအနေများနှင့်ပါ အံဝင်ခွင်ကျ ဖြစ်စေရပါမည်။

**၃.၂.၆ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ နှင့် အခြား ဆက်စပ်ပတ်သက်သူများက သတင်းအချက် အလက်များအား လက်လှမ်းမီ အသုံးပြုစေခြင်း**

EIA လုပ်ငန်းစဉ်တွင် ထိရောက်အကျိုးရှိစွာ ပူးပေါင်းပါဝင်လာရေး နှင့် EIA တစ်ခုအပေါ် အသိပေးကာ ဆုံးဖြတ်ချက်တစ်ရပ်ပြုလုပ်ရေး အလို့ငှာ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများသည် စီမံကိန်းနှင့် ကိုက်ညီသည့် သတင်းအချက်အလက်များ အားလုံးကို လက်လှမ်းမီ သုံးစွဲနိုင်ရမည်။ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များလည်း ပါဝင်ရပါမည်။ ပံ့ပိုးပေးရမည့် သတင်းအချက်အလက်များသည် ဦးတည်ထားသည့် ပရိသတ်များ လွယ်လင့်တကူ လက်လှမ်းမီ အသုံးပြုနိုင်ရမည်ဖြစ်ပြီး ယင်းသတင်းအချက်အလက်များအပေါ် ကောင်းစွာနားလည်သဘောပေါက်ရန်၊ စဉ်းစားတွေးခေါ်နိုင်ရန် နှင့် တုံ့ပြန်ဆွေးနွေးနိုင်ရန်တို့အတွက် လုံလောက်သော အချိန်လည်း ပေးရမည်ဖြစ်ပါသည်။

***၃.၂.၇ စီမံကိန်းနှင့် ကိုက်ညီသည့် သတင်းအချက်အလက်များ အားလုံးကို လက်လှမ်းမီအသုံးပြုနိုင်ရမည်။***

EIA တစ်ခုကို အစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အသုံးဝင်သည့် အထောက်အကူပြု နည်းလမ်းတစ်ခု ဖြစ်စေရေးအတွက် စီမံကိန်းနှင့်ကိုက်ညီသည့် သတင်းအချက်အလက်များ

အားလုံးအပေါ် အခြေခံရန် လိုအပ်ပါသည်။ စစ်မှန်ပြီး အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း မှတဆင့် ရရှိလာမည့် ဒေသန္တရ နှင့် ဌာနေတိုင်းရင်းသားတို့၏ အသိပညာ ဗဟုသုတများကိုသာမက သိပ္ပံနည်းကျ သတင်းအချက်အလက်များပါ လွှမ်းခြုံမိရပါမည်။ ဆက်စပ်သည့် သတင်းအချက်အလက်များကို ခွဲခြားသတ်မှတ်ရာတွင် ဘက်စုံပြည့်ဝသော နောက်ဆုံးအခြေအနေရှိ အသိပညာ ဗဟုသုတ အချက်အလက်များနှင့် (ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု၏ သီးခြားအကြောင်းရင်းတွင် လက်ခံနိုင်သော) ဖြစ်နိုင်သည့် အချက်အလက်များ အကြား ဟန်ချက်ညီညီဖြစ်ရန် လိုအပ်ပါသည်။

## ၃.၂.၈ မျက်မြင်အထောက်အထား အခြေပြုသည့် လွတ်လပ်ပွင့်လင်းသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း

ထိရောက်အကျိုးရှိသည့် EIA လုပ်ငန်းစဉ်တစ်ရပ်တွင် စီမံကိန်းအဆိုပြုသူ (နှင့်/သို့မဟုတ် EIA အကြံပေးပုဂ္ဂိုလ်)တို့က EIA အစီရင်ခံစာတစ်ခုကို ပြင်ဆင်ပေးခြင်း နှင့် အဆိုပါစီမံကိန်းအား ဆက်လက် အကောင်အထည်ဖော်ရန်သင့်၊ မသင့် ဆုံးဖြတ်ချက်ချမှတ်ရန် အစိုးရက ပြန်လည်ဆန်းစစ်ခြင်း ဟူသည့် အပိုင်းနှစ်ပိုင်း ပါရှိပါသည်။ ဤလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်သည်သာမက ပြည့်စုံကောင်းမွန်သည့် အနုစိပ် လေ့လာမှု အပေါ် အခြေခံရန်လည်း လိုအပ်ပါသည်။ EIA အစီရင်ခံစာအပေါ် အစိုးရ၏ ပြန်လည်ဆန်းစစ်မှုကို EIA ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းမှ သီးခြား ဖြစ်စေသင့်ပြီး နည်းပညာရပ်ဆိုင်ရာ သုံးသပ်မှု တစ်ရပ်ကို ပြည်သူလူထု ပူးပေါင်းပါဝင်ရေးလုပ်ငန်းစဉ်မှ ရရှိသည့် အချက်အလက်များနှင့်အတူ ဆောင်ရွက်ရန် လိုအပ်ပါသည်။ EIA အစီရင်ခံစာတစ်ရပ်အား အတည်ပြုပေးသင့်၊ မသင့်ကို နောက်ဆုံးအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် EIA အစီရင်ခံစာ တစ်ခုတွင် ပါဝင်သည့် မျက်မြင်အထောက်အထားများအရ နှင့် ပြည်သူလူထု၏ ဝေဖန်၊ တုံ့ပြန် အကြံပြုချက်များ အစိုးရထံသို့ တင်ပြချက်များအရ ဖြစ်စေသင့်ပါသည်။ EIA အစီရင်ခံစာအား ပြန်လည်ဆန်းစစ်မှု တစ်ခုလုံးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှု ရှိသင့်ပါသည်။ ယင်းလုပ်ငန်းစဉ်တွင် အများပြည်သူမှ လိုက်ပါလျက် ဝေဖန်အကြံပြု တုံ့ပြန်ချက်များ ပေးသင့်ပြီး အပြီးသတ် ဆုံးဖြတ်ချက် မည်သို့ ဆုံးဖြတ်ကြောင်း အကြောင်းပြချက်များကိုလည်း လက်လမ်းမှီ သိရှိစေသင့်ပါသည်။

## ၃.၂.၉ ထိရောက်စွာ စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း

EIA လုပ်ငန်းစဉ်သည် ပုံမှန်အားဖြင့် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ကာ ပြီးစီးသွားသော်လည်း အတည်ပြုပြီးသည့် EIA အစီရင်ခံစာနှင့် ယင်း၏ EMMP တို့သည် အတည်ပြုပေးခဲ့စဉ် ရည်မှန်းထားခဲ့သည့် စီမံကိန်းမှ သက်ရောက်လာမည့် ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းပေးရန် အထူးအရေးကြီးသည့် အထောက်အကူများဖြစ်ကြပါသည်။ အစိုးရဌာန၊ ပြင်ပကြားနေအဖွဲ့အစည်းနှင့် ဒေသခံပြည်သူများသည် စီမံကိန်း၏ လုပ်ကိုင်ဆောင်ရွက်နေမှုများကို EIA အစီရင်ခံစာနှင့် EMMP တို့တွင် ပါဝင်သော ကတိကဝတ်များ နှင့် လုပ်ငန်းတာဝန်များ အားလုံးနှင့်အညီ ကိုက်ညီမှု ရှိမရှိ သေချာအောင် စစ်ဆေးကြီးကြပ်နိုင်ကြသည့်အတွက် EIA စနစ်တစ်ခု၏ အလုံးစုံ ပြည့်စုံကြွယ်ဝမှုတွင် ယင်းတို့သည် မရှိမဖြစ် အရေးကြီးပါသည်။ ယင်းသို့ဆိုရာတွင် လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် စစ်ဆေးကြီးကြပ်နိုင်သည့် နည်းတူ စစ်ဆေးကြီးကြပ်မှုဆိုင်ရာ သတင်းအချက်အလက်များ လက်လှမ်းမှီ ကြည့်ရှုနိုင်မှုတို့လည်း ပါဝင်ပါသည်။ စီမံကိန်းတစ်ရပ်ရပ်အတွင်း လက်ခံကျင့်သုံးလျက်ရှိသည့် စစ်ဆေးကြီးကြပ်မှု လုပ်ငန်းစဉ် ယန္တရား နှင့် တွေ့ရှိချက်များသည် ဆက်စပ်ပတ်သက်သူများ အားလုံးအတွက် လက်လှမ်းမီ ကြည့်ရှုစစ်ဆေးနိုင်ရန် ပံ့ပိုးပေးရမည်ဖြစ်ပြီး ယင်းကဲ့သို့ ပွင့်လင်းမြင်သာမှုသည် လက်ရှိ စီမံကိန်းကို သာမက အနာဂတ်ကာလတွင် ဆောင်ရွက်မည့် EIA များအပေါ် ယုံကြည်မှု တိုးပွားစေရေးအတွက် ဖြစ်ပါသည်။ ဆန့်ကျင်ဖက် ကြွင်းကျန်သက်ရောက်မှုများသည် စီမံကိန်း အဆိုပြုလွှာအား အတည်ပြုပေးစဉ် ကာလ၌ရှိသော ပမာဏထက် ကျော်လွန်မှု မရှိစေရေးနှင့် ထပ်မံဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည့် ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေး နည်းလမ်းများအား ခွဲခြားသတ်မှတ်နိုင်ရေးတို့ကြောင့် စစ်ဆေးကြီးကြပ်ခြင်းသည် အထူးအရေးကြီးပါသည်။

## ၃.၃ EIA နှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း တို့တွင် အဓိက ဆက်စပ်ပတ်သက်သူ များ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ

၃.၃.၁ ထိရောက်သည့် EIA ဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်တို့ လုပ်ဆောင်ခြင်းတွင် ဆက်စပ်ပတ်သက်သူ အများစု ပါဝင်လျက်ရှိ ပြီး ၎င်းတို့အသီးသီးတွင် ကွဲပြားသော အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ ရှိနေကြပါသည်။ အောက်ဖော်ပြပါ ဇယား ၁ တွင် အဓိက လုပ်ဆောင်သူများအတွက် ယင်းတို့၏အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို အကျဉ်းချုံး ဖော်ပြထားပါသည်။

**Table 1: EIA လုပ်ငန်းစဉ်များတွင် အဓိက လုပ်ဆောင်သူများ**

| ဆက်စပ်ပတ်သက်သူများ | EIA လုပ်ငန်းစဉ်များတွင် အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ |
|---|---|
| EIA ဆိုင်ရာ တာဝန်ရှိသူ | • အောက်ဖော်ပြပါတို့အပါအဝင် EIA မူဘောင်အား ကြီးကြပ်ခြင်း နှင့် အကောင်အထည်ဖော်ခြင်း–<br>– ဆက်စပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း နှင့် ထိန်းသိမ်းခြင်း<br>– မျှော်မှန်းထားသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊<br>– စီမံကိန်းများ စိစစ် မှတ်တမ်းတင်ထိန်းသိမ်းခြင်းနှင့် မွမ်းမံဆန်းစစ်ခြင်း (သို့မဟုတ် စိစစ်ရန် ရည်ရွယ်သည့် စီမံကိန်းများကို ကဏ္ဍအလိုက် အုပ်စုခွဲခြားရေး ယန္တရား တည်ဆောက်ခြင်း)<br>– EIA အကြံပေးပုဂ္ဂိုလ်များအဖြစ် လုပ်ဆောင်မည့် အကြံပေးများအား မှတ်တမ်းတင်စာရင်းရေးသွင်းခြင်း သို့မဟုတ် တာဝန်အပ်နှင်းခြင်း၊<br>• EIA လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သည့် စီမံကိန်း အဆိုပြုလွှာများ အားလုံး၏ မှတ်တမ်းများအား ထိန်းသိမ်းခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာကို စိစစ် ဆုံးဖြတ်ချက်ပေးခြင်း၊<br>• နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့် တာဝန်နှင့် ဝတ္တရား (ToR) မူကြမ်းအပေါ် ဆုံးဖြတ်ပေးခြင်း၊<br>• EIA အစီရင်ခံစာ မူကြမ်းအား သုံးသပ်ခြင်း နှင့် ဆုံးဖြတ်ချက် ချမှတ်သူအား အကြံပြုချက်များ ပံ့ပိုးပေးခြင်း၊<br>• EIA အစီရင်ခံစာ သုံးသပ်ခြင်း အဆင့်များ၏ တစ်စိတ်တစ်ပိုင်း အဖြစ် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး လုပ်ငန်းစဉ်များအား လုပ်ဆောင်ခြင်း၊<br>• လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုမိန့်များ ထုတ်ပြန်ပေးခြင်း၊<br>• EIA လုပ်ငန်းစဉ်တွင်း ဆက်စပ် ပတ်သက်သူများက အစိုးရထံသို့ ပေးပို့ တင်ပြချက်များအား ဆုံးဖြတ်ချက် ချမှတ်ခြင်း အဆင့်များတွင် မည်သို့ ထည့်သွင်းစဉ်းစားကြောင်း မှတ်တမ်းတင်ထိန်းသိမ်းခြင်း၊ |

| | |
|---|---|
| စီမံကိန်း အဆိုပြုသူ | • စီမံကိန်းအဆိုပြုလွှာအား စတင်အဆိုပြုတင်ပြခြင်း၊<br>• EIA လုပ်ငန်းစဉ်တစ်ခုလုံးသာမက အထူးသဖြင့် ပြည်သူလူထုနှင့် ပူးပေါင်း ပါဝင်ခြင်း စသည့် ယင်း၏ လုပ်ငန်းတာဝန်များနှင့် အညီ အစပြု လိုက်နာ ဆောင်ရွက်ခြင်း၊<br>• EIA အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခန့်အပ်ခြင်း၊<br>• EIA လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်စေခြင်း လုပ်ငန်းနှင့် သက်ရောက်မှုများအား ထိခိုက်မှု လျှော့ချခြင်း နှင့် အစားထိုး လျော်ကြေးပေးခြင်း လုပ်ငန်းတို့ အပါအဝင် EIA ၏ ရှုထောင့်ပေါင်းစုံကို ရန်ပုံငွေ ထောက်ပံ့ပေးခြင်း၊<br>• အောက်ဖော်ပြပါအချက်များအပါအဝင် တင်ပြလာသည့် EIA အစီရင်ခံစာတွင် ပါဝင်စေခြင်း နှင့် အတည်ပြုလက်မှတ်ထိုးခြင်း၊<br>– တည်ဆဲ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ဝတ္တရားများနှင့် ကိုက်ညီကြောင်း၊<br>– တိကျမှုနှင့် ပြည့်စုံမှုရှိကြောင်း၊<br>– ပြည်သူလူထု ပူးပေါင်းပါဝင်စေရေး နည်းလမ်းများဖော်ပြထားကြောင်း၊<br>• လိုအပ်ပါက EIA အကြံပေးပုဂ္ဂိုလ်နှင့်အတူ ပြည်သူလူထုပူးပေါင်း ပါဝင်စေရေး တွင် ဆောင်ရွက်ခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာ နှင့် EIA ဆောင်ရွက်ထားမှု များ၏ သင့်လျော် ကိုက်ညီသည့် သတင်းအချက်အလက်များအားလုံး အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးခြင်း၊<br>• EIA လုပ်ငန်းစဉ်အတွင်းနှင့် EMMP တို့တွင် ပြုလုပ်ထားသော ကတိကဝတ်များ အားလုံးကို ဖော်ဆောင်ခြင်း၊<br>• ၎င်းတို့၏ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဆက်စပ်သည့် လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲခြင်းနှင့် အပြည့်အဝတာဝန်ယူခြင်း၊ |
| EIA အကြံပေးပုဂ္ဂိုလ် | • EIA လုပ်ငန်းစဉ်များ (များသောအားဖြင့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း နှင့် EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်း အဆင့်များကို) ဦးဆောင်လုပ်ကိုင်ခြင်း၊<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများသာမက အခြား ဆက်စပ်ပတ်သက်သူ များနှင့် သဘောတူညီမှု ရရှိအောင် ညှိနှိုင်းဆွေးနွေးခြင်း၊<br>• အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချ မည့် နည်းလမ်းများကို စီမံကိန်း အဆိုပြုသူထံသို့ တင်ပြညှိနှိုင်းဆွေးနွေးခြင်း၊<br>• EIA အစီရင်ခံစာ တင်ပြနိုင်သည်အထိ အများပြည်သူနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များတွင် ဦးဆောင်ပေးခြင်း၊<br>• EIA အစီရင်ခံစာအား ပြန်လည်ဆန်းစစ်ခြင်း နှင့် ဆုံးဖြတ်ချက်ပေးခြင်း အဆင့်များတွင် အများပြည်သူ ပူးပေါင်းပါဝင်ရေး လုပ်ငန်းစဉ်များ၌ လိုအပ် သကဲ့သို့ ပါဝင်ဆောင်ရွက်ပေးခြင်း၊<br>• EIA လုပ်ငန်းစဉ်အတွင်း စီမံကိန်း အဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်တို့ထံ ဆက်စပ်ပတ်သက်သူများက တင်ပြချက်များအားလုံးကို EIA အစီရင်ခံစာ အတွင်း မည်သို့ ဖြေရှင်းဆောင်ရွက်ပေးထားကြောင်း မှတ်တမ်းများ ထိန်းသိမ်းထားခြင်း၊ |
| စီမံကိန်းကြောင့် ထိခိုက် ခံစားရသူများ (PAP) | • ၎င်းတို့အား ထိခိုက်နိုင်သည့် စီမံကိန်းအဆိုပြုလွှာများအား သတိပြုမိခြင်း၊<br>• ၎င်းတို့အား ထိခိုက်နိုင်သည့် စီမံကိန်းအဆိုပြုလွှာများ အကြောင်း ဖော်ပြ ထားသည့် သတင်းအချက်အလက်များအား ဖတ်ရှုခြင်းနှင့် စဉ်းစားဆင်ခြင်ခြင်း၊ |

| | |
|---|---|
| | • စီမံကိန်းအဆိုပြုလွှာနှင့် ပတ်သက်၍ စီမံကိန်းအဆိုပြုသူများ၊ EIA အကြံပေးများ၊ အခြား PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများနှင့် အတူ တတ်နိုင်သမျှတွေ့ဆုံဆွေးနွေးခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာများ၏ ဖြစ်နိုင်ဖွယ် ဘေးအန္တရာယ်များ နှင့် သက်ရောက်မှုများကိုသာမက ဖြစ်နိုင်သည့် စီမံကိန်းမှ အခြားလုပ်ဆောင်နိုင်သည့် နည်းလမ်းများနှင့် သက်ရောက်မှု ရှောင်ရှားနိုင်မည့် မဟာဗျူဟာများ ခွဲခြား သတ်မှတ်ရာတွင် ပံ့ပိုးကူညီပေးခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာများမှ ဒေသခံများ၏ လိုအပ်ချက်များ၊ ဆန္ဒများနှင့် မျှော်လင့်ချက်များကို ဆက်သွယ် ဖော်ထုတ်သတ်မှတ်ခြင်း၊<br>• စီမံကိန်း အဆိုပြုသူ၊ EIA အကြံပေးပုဂ္ဂိုလ် နှင့် EIA တာဝန်ရှိသူများထံ ဝေဖန် အကြံပြုချက်များ ပုံမှန် ပေးပို့ခြင်း၊ |
| အောက်ခြေမှ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် NGO များ၊ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှု အဖွဲ့အစည်းများ၊ မီဒီယာများ၊ တက္ကသိုလ်ကျောင်းများ၊ ဒေသတွင်း အဖွဲ့အစည်းများ အပါအဝင်)အခြား ဆက်စပ်ပတ်သက်သူများ | • EIA လုပ်ငန်းစဉ်တွင် နည်းပညာဗဟုသုတနှင့် ကျွမ်းကျင်မှု ဖြည့်ဆီးပေးခြင်း၊<br>• ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ အချက်အလက်စုစည်းမှု (databases) များကို လက်လှမ်းမီ အသုံးပြုစေခြင်း၊<br>• PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများကို သဘောတရားနားလည်စေရန် ပံ့ပိုးကူညီခြင်း နှင့် EIA လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာများ နှင့် EIA လုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များအား ဖြန့်ဖြူးပေးခြင်း၊<br>• စီမံကိန်း အဆိုပြုသူများ၊ EIA အကြံပေးပုဂ္ဂိုလ် နှင့် EIA တာဝန်ခံများထံ ဝေဖန် အကြံပြုချက်များ ပုံမှန်ပြုလုပ်ခြင်း၊ |
| အိမ်နီးချင်းနိုင်ငံများ | • ဖြစ်နိုင်ဖွယ် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများရှိနိုင်သည့် အိမ်နီးချင်းနိုင်ငံများ၏ စီမံကိန်းအဆိုပြုလွှာများကို သတိထားခြင်းနှင့် သင့်လျော်သည့် နယ်ခြားဖြတ်ကျော် EIA အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊<br>• ဖြစ်နိုင်ဖွယ် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများ ရှိသည့် အိမ်နီးချင်းနိုင်ငံများ၏ စီမံကိန်းအဆိုပြုလွှာများနှင့် ပတ်သက်သော နယ်ခြားဖြတ်ကျော် EIA လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊<br>• ဖြစ်နိုင်ဖွယ် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများ ရှိသည့် အိမ်နီးချင်းနိုင်ငံများ၏ စီမံကိန်းအဆိုပြုလွှာများနှင့် ပတ်သက်သော နယ်ခြားဖြတ်ကျော် EIA လုပ်ငန်းစဉ်များတွင် နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ရေး ပံ့ပိုးကူညီပေးခြင်း၊<br>• စီမံကိန်းအဆိုပြုလွှာများ၊ သက်ရောက်မှုများ၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ချမည့် နည်းလမ်းများနှင့် စီမံခန့်ခွဲမှုများနှင့် ပတ်သက်သည့် ဒေသဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များ စသည့် သတင်းအချက်အလက်များဝေမျှဖလှယ်ပေးခြင်း၊ |

## ၃.၄ EIA နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး ၏ အဓိက အဆင့်များ

၃.၄.၁ မဲခေါင်ဒေသတွင်းရှိ EIA စနစ်များနှင့် စီမံကိန်း ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် EIA အကောင်အထည် ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ခုအတိုင်း လုပ်ဆောင်လျက်ရှိ ကြပါသည်။ အထူးသဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးလုပ်ငန်း ဆောင်ရွက်သင့်သည့် EIA လုပ်ငန်းစဉ်၏ အဓိက အစိတ်အပိုင်းများကို အောက်ဖော်ပြပါ အဆင့်များအတိုင်း ခွဲခြားထားပါသည်–

၁။ **စိစစ်ခြင်း (Screening)** – ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း တစ်ရပ် သို့မဟုတ် အခြား ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း တစ်ခုခုကို စီမံကိန်း အကောင်အထည်ဖော်ခြင်း မပြုမီ လုပ်ဆောင်ရန် လိုအပ်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် စီမံကိန်း အဆိုပြုလွှာတစ်ရပ်အား စိစစ်သည့် လုပ်ငန်းစဉ်၊

၂။ **နယ်နမိတ် အတိုင်းအတာ သတ်မှတ်ခြင်း (Scoping)** – ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အတွက် စီမံကိန်းတစ်ရပ်၏ ဖြစ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို အနုစိပ် လေ့လာဆန်းစစ်ရန်၊ လိုအပ်သော အချက်အလက်များကို စုစည်းကောက်ယူရန်နှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ တစ်စောင်ပြင်ဆင်ရေးအတွက် တာဝန်နှင့်ဝတ္တရားများ (ToR) ပြုစုရန် EIA၏ နယ်ပယ် အတိုင်းအတာ သတ်မှတ်ရေး လုပ်ငန်းစဉ်၊

၃။ **EIA စုံစမ်းစစ်ဆေးခြင်း နှင့် EIA အစီရင်ခံစာတစ်စောင် ပြင်ဆင်ခြင်း (EIA investigation and Reporting)**– စီမံကိန်းအဆိုပြုလွှာ တစ်စောင်၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့် ဘေးအန္တရာယ်များအား သတ်မှတ်ခြင်း နှင့် သုံးသပ်ခြင်း တို့ပါဝင်သည့် လုပ်ငန်းအဆင့်၊

၄။ **EIA အစီရင်ခံစာနှင့် EMMP တို့အား ပြန်လည်ဆန်းစစ်ခြင်း (Review)**– EIA ဆိုင်ရာ တာဝန်ရှိသူများက EIA အစီရင်ခံစာအား စဉ်းစားစစ်ဆေးခြင်း၊

၅။ **EIA အစီရင်ခံစာအပေါ် ဆုံးဖြတ်ချက်ပေးခြင်း (Decision)** – စီမံကိန်း အဆိုပြုလွှာ တစ်ရပ်အား ဆက်လက် အကောင်အထည်ဖော်ဆောင်ရန်အတွက် လုပ်ထုံးလုပ်နည်းအရ အခြား ခွင့်ပြုမိန့်များ၊ လိုင်စင် များ သို့မဟုတ် ထောက်ခံချက်များလိုအပ်မည်ဖြစ်ကြောင်း မှတ်သားလျက် EIA အစီရင်ခံစာ တစ် စောင် (နှင့် EMMP အပါအဝင် ဆက်စပ် စာရွက်စာတမ်းများ)အား အတည်ပြု၊ မပြု (ပုံမှန် အားဖြင့် EIA ဆိုင်ရာ တာဝန်ခံများ) ဆုံးဖြတ်ချက်ချမှတ်သူများက ဥပဒေအရ ဆုံးဖြတ်ပေးထား သည့် ပုံမှန် ဆုံးဖြတ်ချက် ကို ဆိုသည်။

၆။ **စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း (Monitoring)** – အမှန်တကယ် ဆောင်ရွက် သည့် လုပ်ငန်းများ၊ သက်ရောက်မှုများနှင့် စီမံကိန်း တစ်ခု၏ ခြုံငုံလုပ်ဆောင်မှုကို ခွဲခြား သတ်မှတ်ပြီး EIA အစီရင်ခံစာနှင့် EMMP တို့တွင် ဖော်ပြထားသည့် ကတိကဝတ်ပြုမှုများနှင့် အဆိုပါ တွေ့ရှိချက်များကို နှိုင်းယှဉ်ခြင်းတို့အတွက် စီမံကိန်း ဧရိယာ အတွင်း၌ဖြစ်စေ သို့မဟုတ် ပြင်ပ တွင်ဖြစ်စေ လုပ်ဆောင်သော တိုက်ရိုက် နှင့် သွယ်ဝိုက် လုပ်ငန်းများ။

**Figure 3: EIA လုပ်ငန်းစဉ် နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း တို့တွင် ပါဝင်သည့် အဓိက အဆင့်များ**



၃.၄.၂ အဆိုပါ အဆင့်အသီးသီးအတွက် အလေ့အကျင့်ကောင်းများသည် PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်ရေးတွင် အထောက်အကူဖြစ်စေပါသည်။ ယင်းအဆင့် (၆)ဆင့်ကို ဤလမ်းညွှန်ချက်တွင် အဓိက နယ်ပယ်များအဖြစ် အသုံးပြုထားပါသည်။

၃.၄.၃ စီမံကိန်း အဆိုပြုလွှာတစ်ရပ်၏ သဘောသဘာဝ၊ အရွယ်အစား နှင့် အတိုင်းအတာများအပြင် ယင်း၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှု ပမာဏများအပေါ် အခြေခံကာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) စနစ်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုများကို အဆင့် (၂) ဆင့်ခွဲကာ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်ကို မှတ်သားထားသင့်ပါသည်။ ပထမအဆင့်သည် မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများတွင် EIA ဆောင်ရွက်မည့်အစား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) တစ်ရပ်ဆောင်ရွက်လေ့ရှိပါသည်။ EIA နှင့် IEE (သို့မဟုတ် ယင်းနှင့် ညီမျှသည့်ဆန်းစစ်မှု) တို့၏ အဓိက ကွာခြားချက်မှာ ယေဘုယျအားဖြင့် IEE သည် EIA အပြည့်အဝ ဆောင်ရွက်ခြင်းထက် အချိန်ကာလ တိုတောင်းစွာဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ IEE နှင့် EIA နှစ်မျိုးစလုံးသည် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် စစ်မှန်သော၊ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ရေး ဆောင်ရွက်ရန် ပါဝင်သော်လည်း မည်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက် ပြုလုပ်နေသည်ဟူသော အချက်အပေါ်မူတည်လျက် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး လုပ်ငန်းစဉ်ယန္တယားများ၏ သဘော သဘာဝသည်လည်း ကွာခြားနိုင်ပါသည်။ ပုံမှန်အားဖြင့် IEE ထက် အဆင့်များ ပိုမိုပါဝင်ခြင်း၊ ဆန်းစစ်ခြင်းကို ပိုမို ပြည့်ဝစွာ လုပ်ဆောင်နိုင်ခြင်း၊ EIA ဆောင်ရွက်ရန်လိုအပ်သော စီမံကိန်း အဆိုပြုလွှာများသည် ယေဘုယျအားဖြင့် ဖြစ်နိုင်ဖွယ် ဘေးအန္တရာယ်များနှင့် သက်ရောက်မှုများ ပိုမိုပါဝင်ခြင်း နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး ဆောင်ရွက်ခြင်းသည်လည်း ပို၍ အရေးကြီးခြင်းတို့ကြောင့် ဤလမ်းညွှန်ချက်သည် EIA လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးကို အသားပေး ရည်ညွှန်းဖော်ပြ ထားပါသည်။

## ၃.၅ EIA လုပ်ငန်းစဉ်တွင် ပါဝင်သော နယ်ခြားဖြတ်ကျော် အကြောင်းအရာများ

၃.၅.၁ မဲခေါင်မြစ်ဝှမ်းဒေသတွင် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများသည် ပိုမိုတိုးလာနိုင်ပြီး ဖြစ်နိုင်ဖွယ် ထိခိုက်နစ်နာမှုများ အိမ်နီးချင်းနိုင်ငံအပေါ် သက်ရောက်နိုင်တိုင်း ပြည်သူလူထု ပူးပေါင်းပါဝင်ရေးကို နိုင်ငံတွင်းနယ်နမိတ်တွင် သာမက တိုးချဲ့ဆောင်ရွက်ခြင်းသည် အလေ့အကျင့်ကောင်းများအဖြစ် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ နယ်ခြားဖြတ်ကျော် သက်ရောက်မှု အကြောင်းတရားများနှင့် ပတ်သက်၍ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရေး မည်သို့လုပ်ဆောင်နိုင်ကြောင်း နိုင်ငံတကာ ညွှန်ကြားချက်များ အများအပြားရှိနေပြီး အထူးသဖြင့် ဥရောပနိုင်ငံများ၏ အတွေ့အကြုံ အမြောက်အများကို လေ့လာတွေ့ရှိနိုင်ပါသည်။ နယ်ခြားဖြတ်ကျော် သက်ရောက်မှု အလားအလာများသော စီမံကိန်း အဆိုပြုလွှာများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးဆိုင်ရာ အခက်အခဲအချို့ ရှိနေကြပါသည်။ စီမံကိန်းအဆိုပြုသူများအနေဖြင့် အိမ်နီးချင်းနိုင်ငံများရှိ ဆက်စပ်ပတ်သက်သူများနှင့် မည်သို့မည်ပုံ တွေ့ဆုံနိုင်မည်ဆိုခြင်းသည် အစိုးရအဖွဲ့အစည်းများ ပါဝင်မှုသာမက သံတမန်ရေးရာ နှင့် နိုင်ငံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများပါ လိုအပ်မည်ဖြစ်ပါသည်။

၃.၅.၂ "အဆိုပြု [စီမံကိန်း] ကြောင့် နယ်ခြားဖြတ်ကျော်မှု အကြောင်းအရင်း တစ်ရပ်အတွက် သိသာ ထင်ရှားသည့် ဆိုးကျိုးများ ရှိမည်ဆိုပါက ယင်း ဘေးအန္တရာယ်များနှင့် ခွဲဝေအသုံးပြုနေရသည့် သယံဇာတများအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းတစ်ရပ်"[7] ကို နိုင်ငံအားလုံး မဖြစ်မနေ ဆောင်ရွက်ရမည် ဟု နိုင်ငံတကာ ဥပဒေတွင် အသိအမှတ်ပြုထားပါသည်။ နိုင်ငံတကာ တရားမျှတမှုရှိရေး ခုံရုံးအနေဖြင့်လည်း ဤသဘောတရားအရ ထိခိုက်သည့် အိမ်နီးချင်း နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် EIA လုပ်ငန်းစဉ်များ လိုအပ်ကြောင်းကို အသိအမှတ်ပြုထားပါသည်။

[7] စက္ကူစက်ရုံဖြစ်စဉ် (နည်းလမ်းအထောက်အပံ့များ) (အာဂျင်တီးနားနှင့် ဥရုဂွေး နိုင်ငံ) နိုင်ငံတကာ တရားမျှတမှုရှိရေး ခုံရုံး+ အစီရင်ခံစာ၊ ၂၀၁၆ ခုနှစ်၊ စာမျက်နှာ ၂၀၄

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

၃.၅.၃ မဲခေါင်မြစ်ဝှမ်းဒေသတွင် နယ်ခြားဖြတ်ကျော်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် သဘောတူညီချက်များနှင့် လုပ်ငန်းစဉ်ယန္တရားများ ထားရှိသော်လည်း နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ **EIA** မူဘောင်တစ်ရပ်အပေါ် ပုံမှန်အားဖြင့် သဘောတူညီမှု ယခုတိုင် မရှိသေးပါ။ ၁၉၉၅ ခုနှစ်တွင် သဘောတူညီခဲ့သည့် မဲခေါင်မြစ်ဝှမ်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (မဲခေါင်သဘောတူညီချက်) တွင် အဖွဲ့ဝင်နိုင်ငံအသီးသီးအနေဖြင့် ကြိုတင်အသိပေးချက်များ ထုတ်ပြန်ခြင်းနှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ရေသယံဇာတ စီမံကိန်းများအတွက် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများကို ဆွေးနွေးနိုင်ရန် ကြိုတင်ညှိနှိုင်းခြင်းများကို မည်သည့်ကတိကဝတ်မျှ မပြုလုပ်သေးမီ လုပ်ဆောင်ရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။[8] မဲခေါင်မြစ်ဝှမ်းဒေသကော်မရှင် (**MRC**) မှ နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ **EIA** စနစ် တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ အဆိုပါ အဆိုပြုထားသည့် စနစ်ကို **ERM** အဖွဲ့က **MRC** အဖွဲ့အတွက် ဆောင်ရွက်မည်ဖြစ်ပြီး ပတ်ဝန်းကျင် ဥပဒေရေးရာ တက္ကသိုလ်က ဆန်းစစ်သုံးသပ်မည်ဖြစ်ကာ **MRC** မှ ဆောင်ရွက်နေဆဲဖြစ်ပါသည်။

၃.၅.၄ နယ်ခြားဖြတ်ကျော်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်နိုင်မှု အလားအလာများ အထူးသဖြင့် ရေသယံဇာတ ဖွံ့ဖြိုးမှု၊ အန္တရာယ်ဖြစ်စေသော ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုနှင့် နယ်ခြားဖြတ်ကျော်မီးခိုးများ စသည်တို့ကို မဲခေါင် မြစ်ဝှမ်းဒေသတွင်သာမက အာဆီယံ နိုင်ငံများနယ်ပယ်အထိ ကျယ်ပြန့်စွာ အသိအမှတ်ပြုထားကြပါသည်။ ဥပမာ အာရှဖွံ့ဖြိုးမှုဘဏ်၏ မဟာမဲခေါင်မြစ်ဝှမ်းဒေသ ဇဟို ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်သည် ဒေသတွင်း အခြေခံအဆောက်အဦဖွံ့ဖြိုးမှုများ၏ ဖြစ်နိုင်ဖွယ် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများကို ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။[9] အခြား နယ်ခြားဖြတ်ကျော်မှုဆိုင်ရာ အဖွဲ့အစည်း ပေါ်ပေါက်လာမှုတွင် အခြားအဖွဲ့များအများအပြားရှိသည့်အနက် မဟာမဲခေါင်မြစ်ဝှမ်း ရထားလမ်း ဆိုင်ရာအဖွဲ့၊ ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ပူးပေါင်းဆောင်ရွက်မှု ဇဟိုဌာန၊ နှင့် မဲခေါင်ဒေသ ခရီးသွားလုပ်ငန်း ညှိနှိုင်းပေါင်းစပ်ရေးရုံး တို့ ပါဝင်ပါသည်။ နယ်ခြားဖြတ်ကျော် မီးခိုးငွေ့ ညစ်ညမ်းမှု အပေါ် ၂၀၀၂ ခုနှစ် အာဆီယံသဘောတူညီချက်အရ အာဆီယံနိုင်ငံများအနေဖြင့် နယ်ခြားဖြတ်ကျော် မီးခိုးငွေ့ညစ်ညမ်းမှုကို ကာကွယ်ရန်၊ စစ်ဆေးကြီးကြပ်ရန်နှင့် လျော့နည်းသက်သာစေမည့် နည်းလမ်းများအား မီးခိုးငွေ့ထွက်ပေါ်လာသည့် အရင်းမြစ်ဖြစ်သော မြေများနှင့်/သို့မဟုတ် တောမီးလောင်ကျွမ်းမှုများကို ထိန်းချုပ်ခြင်းဖြင့်ဖြစ်စေ၊ စီစစ်ကြီးကြပ်ခြင်း၊ ဆန်းစစ်ချက်များပြုလုပ်ခြင်းဖြင့်ဖြစ်စေ၊ ကြိုတင်သတင်း အချက်အလက် ထုတ်ပြန်ပေးသည့်စနစ်များ ဖွံ့ဖြိုးစေခြင်းဖြင့်ဖြစ်စေ၊ အချက်အလက် နှင့် နည်းပညာများ ဖလှယ်ခြင်းနှင့် အပြန်အလှန် ပံ့ပိုးကူညီခြင်းများဖြင့်ဖြစ်စေ လုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။[10] ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လျော့နည်းစေရန် ရည်ရွယ်လျက် နယ်ခြားဖြတ်ကျော် မီးခိုးငွေ့ညစ်ညမ်းမှုကြောင့် ထိခိုက်ခံစားရသည့် သို့မဟုတ် ခံစားရနိုင်သည့် နိုင်ငံတစ်နိုင်ငံက ဆက်စပ်သည့် သတင်းအချက်အလက်များ ရှာဖွေပေးရန် တောင်းဆိုလာခြင်းအပေါ် ချက်ချင်း လုပ်ဆောင် ပေးရမည် ဖြစ်ပါသည်။

၃.၅.၅ လက်ရှိအခြေအနေတွင် နယ်ခြားဖြတ်ကျော် သက်ရောက်မှုများရှိသည့် အဆိုပြု စီမံကိန်းများအတွက် ဆောင်ရွက်မည့် EIAs လုပ်ငန်းစဉ်များတွင် နယ်ခြားဖြတ်ကျော်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် ချမှတ်ထားသော ဒေသတွင်း ဥပဒေရေးရာ မူဘောင်အနေဖြင့် မရှိသေးပါ။ EIA လုပ်ငန်းစဉ်တွင် လက်ရှိ အလေ့အကျင့်ကောင်းများအား ထည့်သွင်းစဉ်းစားရာ၌ နိုင်ငံတကာ အတွေ့အကြုံများမှ သင်ခန်းစာအချို့ကို ထုတ်နုတ်အသုံးပြုနိုင်ပါသည်။

---

8 မဲခေါင်မြစ်ဆိုင်ရာကော်မရှင်၊ *နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ EIA* http://www.mrcmekong.org/about-mrc/programmes/environment-programme/transboundary-eia/

9 CEP အား အာရှဖွံ့ဖြိုးမှုဘဏ်က စီမံအုပ်ချုပ်လျက်ရှိပြီး မဲခေါင်မြစ်ဝှမ်းဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖြစ်ဖွဲ့စည်းထားသည့် နိုင်ငံပေါင်း (၆)နိုင်ငံရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနများကကြီးကြပ်ပါသည်။ http://www.adb.org/countries/gms/sector-activities/environment

10 http://haze.asean.org/?wpfb_dl=32

၃.၅.၆ ဥရောပနိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ကော်မရှင်သည် နယ်ခြားဖြတ်ကျော်သည့် အကြောင်းအရင်းတစ်ရပ်တွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဆိုင်ရာ လမ်းညွှန်ချက် (ECEညွှန်ကြားချက်)တစ်ရပ်ကို ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ (Espoo ကွန်ဗင်းရှင်းဟု ခေါ်ဆိုသည့်) နယ်ခြားဖြတ်ကျော်သည့် အကြောင်းအရင်းတစ်ရပ်တွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ ကွန်ဗင်းရှင်း၊ (၁၉၉၉ ခုနှစ်)နှင့် (Aarhus ကွန်ဗင်းရှင်းဟု ခေါ်ဆိုသည့်) ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သတင်း အချက်အလက်များ လက်လှမ်းမီ အသုံးပြုနိုင်ရေး နှင့် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ၌ တရားမျှတမှုရှိရေး ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၉၈ ခုနှစ်) စသည့် အဓိကကျသော ဥရောပနိုင်ငံများ အချင်းချင်း သဘောတူညီချက် နှစ်ရပ်အား EIA နှင့် ပြည်သူလူထုပူးပေါင်းပါဝင်ရေး တို့အတွက် ချမှတ် ကျင့်သုံးလျက် ရှိပါသည်။[11]

၃.၅.၇ Espoo ကွန်ဗင်းရှင်းသည် ပတ်ဝန်းကျင်အပေါ် အဆိုပြုထားသည့် စီမံကိန်းတစ်ရပ်ရပ်၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုကို ဆန်းစစ်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးတွင် အထောက်အကူဖြစ်စေရန် ရည်မှန်းကာ သိသာထင်ရှားသည့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ရှောင်ရှားရန်၊ လျော့နည်းရန်နှင့် ထိခိုက်မှုလျှော့ချရန် ကြိုတင်ကာကွယ်မှုပေးသည့် ယန္တရားတစ်ခုဖြစ်ပါသည်။ အခြားနိုင်ငံများရှိ ပတ်ဝန်းကျင်များအပေါ် သက်ရောက်မှုများအတွက် လုပ်ဆောင်မည့်လုပ်ငန်းများလည်း အကျုံးဝင်ပါရှိပါသည်။

၃.၅.၈ ECE ညွှန်ကြားချက်သည် မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများနှင့် လိုက်ဖက်ညီမည့် အဓိက အလေ့အကျင့်ကောင်းများစွာ ပါဝင်ကြောင်း ခွဲခြားသတ်မှတ်နိုင်ပါသည်–

- EIA ဆိုင်ရာ စာရွက်စာတမ်းများအား ထိခိုက်ခံရသည့် နိုင်ငံသုံး ဘာသာစကားသို့ ပြန်ဆိုခြင်း၊ အများပြည်သူ၏ ဝေဖန်ချက်များ နှင့် အကြံပြုချက်များကို စီမံကိန်းအဆိုပြုထားသည့် နိုင်ငံသုံး ဘာသာစကားသို့ ပြန်ဆိုခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် EIA ဆိုင်ရာ(စာအုပ်စာတမ်း၊ လက်ကမ်းစာစောင်များအပါအဝင်) အချက်အလက်များ ဖြန့်ဖြူးခြင်း၊ သတင်းစာ၊ ရေဒီယို၊ အီးမေး သို့မဟုတ် အင်တာနက်များမှတဆင့် အချက်အလက်များ ဖြန့်ပေးခြင်း နှင့် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးမှုများ စုစည်းကျင်းပခြင်း စသည်တို့အတွက် လိုအပ်သည့် ရန်ပုံငွေ ပံ့ပိုးပေးခြင်းများ၊
- အိမ်နီးချင်းနိုင်ငံများအား စီမံကိန်း အဆိုပြုလွှာများနှင့် ပတ်သက်၍ နယ်ခြားဖြတ်ကျော် သက်ရောက်နိုင်မှု အလားအလာများကို စောနိုင်သမျှစောစွာ ကြိုတင်အသိပေးထားသင့်ပြီး စီမံကိန်း အဆိုပြုသည့် နိုင်ငံတွင် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ အဆိုပါ ကြိုတင်အသိပေးချက်ကို ရရှိစေသင့်ပါသည်။
- စီမံကိန်းအဆိုပြုလွှာ တစ်ရပ်ရပ်ကြောင့် ထိခိုက်နိုင်မှု အလားအလာများသည့် အိမ်ရှင်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ နှစ်ခုလုံးကို EIAနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားနိုင်ရေး အလို့ငှာ PAP နှင့် ဆက်စပ်ပတ်သက်သူများထံမှ ဝေဖန်အကြံပြုတုံ့ပြန်ချက်များ စုစည်းရာတွင်လည်းကောင်း တာဝန်ယူသင့်ပါသည်။
- ထိခိုက်နိုင်မှု အလားအလာများသည့် မည်သည့်နိုင်ငံမှမဆိုနှင့် မည်သည့် ဆက်စပ်ပတ်သက်သူများမဆို တို့ထံမှ နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ EIAs အပေါ်မှ လက်ခံရရှိသည့် ဝေဖန်ချက်များကို ယင်းEIA အပေါ် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ပြုလုပ်ရာ၌ ထည့်သွင်းစဉ်းစားသင့်ပြီး အိမ်နီးချင်းနိုင်ငံများကိုပါ နောက်ဆုံး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အသိပေးဖြန့်ဝေသင့်ပါသည်။

[11] UNECE (၂၀၀၆ခုနှစ်+) နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာအကြောင်းအရင်းတစ်ရပ်တွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ရာ၌ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးညွှန်ကြားချက်၊ ECE/MP.EIA/7

၃.၅.၉ နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ EIA လုပ်ငန်းစဉ်အတွင်း ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် နယ်ခြားဖြတ်ကျော် အကျိုးသက်ရောက်မှုများရှိသည့် စီမံကိန်းများတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်၌ ပွင့်လင်းမြင်သာမှုနှင့် ဥပဒေနည်းလမ်းအရ တရားဝင်မှုတို့ကို တိုးမြင့်စေပါသည်။ ကြိုတင်မျှော်မှန်းထားသော နယ်ခြားဖြတ်ကျော် သက်ရောက်မှု ရှိနိုင်သည့် စီမံကိန်းအဆိုပြုလွှာများတွင် လုံလောက်သော နယ်မြေခြား ပြည်သူလူထုပူးပေါင်းပါဝင်မှု မရှိသည့် EIA များသည် နိုင်ငံအချင်းချင်း စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပြီး အလွန်အရေးပါသည့် ဒေသန္တရ အကြောင်းအရာများနှင့် တန်ဖိုးရှိသော ဒေသခံ သို့မဟုတ် ဌာနတိုင်းရင်းသားများ၏ ဒေသန္တရဗဟုသုတများပါ လုံးဝ ကျန်ရစ်မည်ဖြစ်ပါသည်။ ထိရောက်သည့် တုံ့ပြန်မှုဆိုင်ရာ ယန္တရားသည် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး နှင့် စစ်ဆေးကြီးကြပ်ရေး အစီအစဉ်များ (EMMPs) များကို စနစ်တကျ ရေးဆွဲနိုင်သဖြင့် နယ်မြေရပ်ခြား နိုင်ငံသားများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အကောင်းဆုံး ကြိုးပမ်းအားထုတ်နိုင်ပြီး စီမံကိန်း တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း ကာလများတွင် အငြင်းပွားမှုများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

၃.၅.၁၀ ECE လမ်းညွှန်ချက်သည် နယ်ခြားဖြတ်ကျော်ခြင်းဆိုင်ရာ EIA အစီအမံများ ဆောင်ရွက်ခြင်းအတွက် သီးသန့် လုပ်ထုံးလုပ်နည်း အကြောင်းအရာတစ်ရပ်ဖြစ် စဉ်းစားရမည်ဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါရှိသော အရေးပါသည့် သဘောတရားများနှင့် အကြံပြုထားသည့် ချဉ်းကပ်မှုနည်းလမ်းကို နယ်ခြားဖြတ်ကျော် သက်ရောက်မှုများရှိသည့် စီမံကိန်းအဆိုပြုလွှာများအတွက်လည်း အသုံးပြုနိုင်ပါသည်။ တစ်နည်းအားဖြင့် ဆိုသော် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံများ ကွဲပြားခြားနားမှုရှိသော်လည်း အိမ်ရှင်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ နှစ်ခုလုံးအတွက် တူညီသည့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ရေး သဘောတရားများ နှင့် ချဉ်းကပ်မှုနည်းလမ်းများကို အသုံးပြုသင့်ပါသည်။

# ၄။ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၏ အထွေထွေ သဘောတရားများ

## ၄.၁ ပြည်သူလူထုပူးပေါင်းပါဝင်ရေး နှင့် ယင်း၏ အကျိုးကျေးဇူးများ နောက်ခံအကျဉ်း

၄.၁.၁ ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းဟု ညွှန်းဆိုခေါ်ဝေါ်နိုင်သည့် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု လုပ်ငန်းစဉ်များ၏ ဆက်စပ်အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ နိုင်ငံတကာအမြင်အရ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း ကို ၁၉၉၂ ခုနှစ် ရီယို ကြေငြာချက် တွင် သတ်မှတ်ဖော်ပြထားပြီး ၁၉၇၀ ခုနှစ်များတွင် EIA စတင်လုပ်ဆောင်ခဲ့ကတည်းကပင် EIA ၏ ပင်မ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်ခံထားခဲ့ကြပါသည်။

**၄.၁.၂ ရီယို ကြေညာချက်၏ သဘောတရား (၁၀)**

*ပတ်ဝန်းကျင်ရေးရာ အကြောင်းကိစ္စရပ်များကို သင့်လျော်သည့် အဆင့်တွင်ရှိသော ဆက်စပ်သူများအားလုံး ပါဝင်ခြင်းဖြင့် အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းရပါသည်။ အမျိုးသားအဆင့်တွင် ဒေသခံပြည်သူများအကြား ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် လုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များ အပါအဝင် အများပြည်သူဆိုင်ရာ တာဝန်ရှိသူများ ထံ၌ရှိသည့် ပတ်ဝန်းကျင်နှင့်ဆက်စပ်သော သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိရန် နှင့် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်မည့် အခွင့်အရေးများရရှိရန် တစ်ဦးချင်းစီ၌ ရှိရပါမည်။ နိုင်ငံတော်အနေဖြင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိစေခြင်းဖြင့် အများပြည်သူ သိမြင်နားလည်ရေးနှင့် ပူးပေါင်းပါဝင်စေရေးတို့ မြှင့်တင်ရန်အလို့ငှာ ပံ့ပိုးကူညီပေးရမည်။ ပြန်လည်ပြင်ဆင်ခြင်းနှင့် ဖြေရှင်း ဆောင်ရွက်ပေးခြင်းများ အပါအဝင် တရားဥပဒေရေးရာနှင့် စီမံခန့်ခွဲရေးရာ လုပ်ဆောင်မှု အဆင့်ဆင့်အား ထိရောက်စွာ လက်လှမ်းမီသိရှိရေးကို ပံ့ပိုးပေးရမည်။*[12]

၄.၁.၃ အဓိပ္ပါယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှု၏ အကျိုးကျေးဇူးအချို့မှာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပိုမိုကောင်းမွန်စေခြင်း သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား ယုံကြည်ကိုးစားမှု ပိုမိုလာခြင်း စသည်တို့ကဲ့သို့ ရေတွက်တိုင်းတာရန် ခက်ခဲလှပါသည်။ ပိုမိုကောင်းမွန်သော စီမံကိန်းဒီဇိုင်း သို့မဟုတ် ထိရောက်သော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု သို့မဟုတ် ထိရောက်သည့် မကျေနပ်ချက် တိုင်ကြားမှု လုပ်ငန်းစဉ် စသည်တို့ကဲ့သို့သော အခြား အကျိုးကျေးဇူးများသည် တိုင်းတာရန် ခက်ခဲသော်လည်း စီမံကိန်းကြောင့် ထိခိုက်ခံရသည့် ဒေသခံပြည်သူများအတွက်မူ ကြီးမားသော အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။

## ၄.၂ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် အဓိကကျသော သဘောတရားများ

၄.၂.၁ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရေး ဖြစ်စေရန် အဓိက သဘောတရား (၃) ချက်ရှိပါသည်-

၁။ ပြည်သူလူထုပူးပေါင်းပါဝင်ရေးလုပ်ငန်းစဉ်အား သင့်လျော်သော အစီအစဉ်ရေးဆွဲခြင်း၊

၂။ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအား သတ်မှတ်ခြင်း၊ နှင့်

၃။ ထိခိုက်လွယ်သည့် အုပ်စုများအား အထူးအလေးပေး စဉ်းစားခြင်း၊

[12] ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှု တို့အပေါ် ကုလသမဂ္ဂနိုင်ငံများ၏ညီလာခံ၊ ရီယိုဒီဂျနေးရိုး၊ ဘရာဇီး၊ ဇွန်လ ၃-၁၄၊ ၁၉၉၂ ခုနှစ်၊ *ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် ရီယိုကြေငြာချက်စာတမ်း၊* U.N. Doc. A/CONF.151/26/Rev.1 (Vol. I), နောက်ဆက်တွဲ ၁၊ (၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)၊ သဘောတရား ၁၀၊

၄.၂.၂ အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းဆောင်ရွက်ရေးသည် စီမံကိန်း အစောပိုင်း အဆင့်တွင် စတင်ကာ စီမံကိန်းသက်တမ်း တစ်လျှောက်လုံး ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ အလုံးစုံ ပါဝင်သော၊ လက်လှမ်းမီနိုင်သော၊ အချိန်မီဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ပွင့်လင်းမှုရှိသည့် သဏ္ဌာန်ဖြင့် ဆောင်ရွက်ရပါသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆက်စပ်ပတ်သက်သူများ၏ အမြင်များအား ထည့်သွင်းစဉ်းစားမှုကို ဖြစ်စေသည့် ယဉ်ကျေးမှုနှင့် ကိုက်ညီသော အသွင်ဖြင့် ဆက်စပ်ပတ်သက်သူများအား အဆင့်သင့် လက်လှမ်းမီ အသုံးပြုနိုင်သော နားလည်ရန်လွယ်ကူသည့် သတင်းအချက်အလက်များ အပြည့်အစုံ ပံ့ပိုးပေးခြင်းတို့ ပါဝင်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ အတွက် ဘေးအန္တရာယ်များနှင့် သက်ရောက်မှုများကို အချိုးအစား ညီမျှသောအသွင်ဖြင့် ဆောင်ရွက် သင့်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းတွင် အရေးပါသည့် အချက်များစွာရှိပါသည်–[13]

- EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးကို အစီအစဉ်ချ ဆောင်ရွက်ရမည်။ အဆိုပါ အစီအစဉ် တစ်ရပ်ကို အလွန်ရိုးရှင်း လွယ်ကူသည့် EIA များအတွက်ပင် ရေးဆွဲရမည်။
- ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် EIA လုပ်ထုံးလုပ်နည်း ပြီးစီးသွားရေးကို ဦးတည်စေရုံမျှသာမဟုတ်ဘဲ လုပ်ငန်းစဉ်တစ်ခုလုံး၏ အစမှအဆုံးထိ ပါဝင်သော အစိတ်အပိုင်း တစ်ခု အဖြစ် လုပ်ဆောင်ရန် လိုအပ်ပါသည်။
- ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းတွင် သင့်လျော်ကိုက်ညီသော မှန်ကန်သည့် သတင်း အချက်အလက်များအားလုံး ရရှိရန် သေချာမှုရှိသည့် နည်းလမ်းဖြင့် EIA လုပ်ငန်းစဉ် ဆောင်ရွက် ခြင်းဖြစ်ပါသည်။
- ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရေးအတွက် နည်းလမ်းများ အံဝင်ခွင်ကျဖြစ်ရေးမှာလည်း လိုအပ်ချက် တစ်ရပ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကွဲပြားသည့် ဆက်စပ်ပတ်သက်သူများ၏ ကဏ္ဍများနှင့် စိတ်ဝင်စားမှုများ၊ အသိဉာဏ် ဗဟုသုတ ပုံစံအမျိုးမျိုး နှင့် ယဉ်ကျေးမှု မတူညီမှု များ စသည့်အချက်တို့နှင့် လိုက်လျောညီထွေ ဖြစ်ရေးပင်ဖြစ်ပါသည်။

### ၄.၂.၃ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် သင့်လျော်သည့် အစီအစဉ် ရေးဆွဲခြင်း

စီမံကိန်းအဆိုပြုသူနှင့် EIA အကြံပေးပုဂ္ဂိုလ်တို့သည် PAP၊ ထိခိုက်လွယ်သူ အုပ်စုများနှင့် စိတ်ပါဝင် စားသည့် ဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးတိုင်ပင်လျက် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက် ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲသင့်ပါသည်။ ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးရေး အစီအစဉ်ဟုလည်း ခေါ်ဆိုသည့် အဆိုပါ အစီအစဉ်သည် EIA လုပ်ငန်းစဉ်တွင် စီမံကိန်းကြောင့် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက်ခံစားရသူများအပါအဝင် ဆက်စပ်ပတ်သက်သူများ၏ ပါဝင်မှုနှင့် တွေ့ဆုံဆွေးနွေးမှုအတွက် လမ်းညွှန် သို့မဟုတ် လမ်းပြမြေပုံတစ်ခု ဖြစ်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်သည် စီမံကိန်းအဆိုပြုလွှာ၏ သီးခြားအခြေအနေ၊ ပတ်ဝန်းကျင် အနေအထားနှင့် ပူးပေါင်းပါဝင်သည့် ဒေသခံပြည်သူများ စသည်တို့နှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်ပါသည်။ ယင်းတွင် လုပ်ငန်းအစီအစဉ်မူဘောင်များ ကြိုတင်သတ်မှတ်ထားသင့်ပြီး EIA အကြံပေးပုဂ္ဂိုလ်အဖွဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်များ ကိုလည်း ခွဲဝေပေးထားသင့်ပါသည်။ အဆိုပါ အစီအစဉ်သည် EIA လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပါဝင်မည့် ရည်ရွယ်ချက်များ၊ ပရိသတ်များ၊ သတင်းအချက်အလက်များ၊ အသုံးပြုမည့် နည်းလမ်းများ နှင့် ဘတ်ဂျက်များ စသည်တို့အား သတ်မှတ်ရာတွင် လမ်းညွှန်စာအုပ် တစ်အုပ်ကဲ့သို့ ဖြစ်စေရပါမည်။ ပိုမိုထိရောက်မှုရှိရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်ကို မကြာခဏ

[13] "ဆက်စပ်ပတ်သက်သူများနှင့် ထိရောက်အကျိုးရှိစွာ တွေ့ဆုံဆွေးနွေးခြင်း"၊ IAIA Fastips၊ အမှတ် ၁၀ ('IA' မှ 'EIA သို့ ပြန်လည်ဆန်းစစ်ခြင်း) ဟူသော IAIA (၂၀၁၅ ခုနှစ်) အားမှီငြမ်းထားပါသည်။
http://www.iaia.org/uploads/pdf/Fastips_10EffectiveStakeholderEngagement.pdf

ပြန်လည် စိစစ်သုံးသပ်ကာ မွမ်းမံဆန်းသစ်ရပါမည်။ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်၏ နမူနာပုံစံကို နောက်ဆက်တွဲ – ၃ တွင် တွေ့နိုင်ပါသည်။

၄.၂.၄ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ်သည် သတင်းအချက်အလက် ဖြန့်ဝေခြင်း (သတင်းပေးခြင်း) နှင့် လက်ခံခြင်း (နားထောင်ခြင်း၊ နားလည်သဘောပေါက်ခြင်း၊ ဆွေးနွေးခြင်း) တို့အကြား ဟန်ချက်ညီရန်လည်း လိုအပ်ပါသည်။ ဆက်စပ်ပတ်သက်သူများ နည်းတူ စီမံကိန်း အဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်တို့သည် "ဖြန့်ဝေခြင်း" နှင့် "လက်ခံခြင်း" နှစ်မျိုးလုံးအတွက် အခွင့်အလမ်းများရှိရန် လိုအပ်ပါသည်။ အစီအစဉ်သည်လည်း မတူညီသည့် ဆက်စပ်ပတ်သက်သူများ အတွက် ကွဲပြားသည့်ပုံစံများဖြင့် ပါဝင်ရန်လိုအပ်သည်ဖြစ်ရာ ကွဲပြားသည့် ဆက်သွယ်မှု နည်းလမ်းများ အသုံးပြုရန် လိုအပ်သည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစား ထားသင့်ပါသည်။ ဤအကြောင်းရင်း တွင် IAIA က "တွေ့ဆုံဆွေးနွေးမှု အစီအစဉ်၏ မရှိမဖြစ် လိုအပ်ချက်များ"ကို ခွဲခြား သတ်မှတ်ထားပါသည်။[14]

- *ဆက်စပ်ပတ်သက်သူ အုပ်စုအလိုက် ခွဲခြားခြင်း၊*
- *တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် ကျင့်ဝတ်ထုံးတမ်းအားရွေးချယ်ခြင်း၊*
- *တွေ့ဆုံမှုတစ်လျှောက်လုံးတွင် ပါဝင်မည့် အကြောင်းအရာများကို ဖော်ပြခြင်း – နေရာ၊ အချိန်၊ ရည်ရွယ်ချက်၊ ပါဝင်မည့်အဖွဲ့များ၊ ဆွေးနွေးမည့်အကြောင်းအရာ နှင့် ဆက်သွယ်မည့်နည်းလမ်းများ*
- *မဖြစ်မနေလိုအပ်သော အရင်းအမြစ်များအား ခွဲဝေချထားခြင်း – ဘတ်ဂျက်၊ ဆက်သွယ်ရေး နည်းလမ်း၊ နည်းပညာ အကူအညီ၊ ပြောရေးဆိုခွင့်ရှိသူ နှင့် သင့်လျော်သည့် အဆောက်အဦး၊အခန်း*

၄.၂.၅ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ်၌ ခွဲဝေရမည့် အရင်းအမြစ်များတွင် အချိန်နှင့် ငွေကြေးတို့ ပါဝင်ပါသည်။ ဆက်စပ်ပတ်သက်သူများ အားလုံးသည် တင်ပြဆွေးနွေးလာသည့် အဆိုပြုလွှာ၊ အချက်အလက်နှင့် သဘောတရားများကို ဖမ်းယူသိရှိနားလည်၊ စဉ်းစားဆင်ခြင်၊ တုံ့ပြန်မှု ပြုလုပ်နိုင်ရေးတွင် အချိန်ကာလ အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်ပါသည်။ အချို့အဖွဲ့များသည် အခြားအဖွဲ့များထက် အချိန်ကာလ ပိုမိုလိုအပ်နိုင်သကဲ့သို့ အချို့အဖွဲ့များသည် မတူညီသည့် ဆွေးနွေးမှုခေါင်းစဉ် သို့မဟုတ် အဖွဲ့အတွင်းမှ အခြားအဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်မည်ဖြစ်ပါသည်။ အသေးစိတ် ရေးဆွဲသည့် အစီအစဉ်တွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သူအုပ်စုတို့ကို တွေ့ဆုံ ဆွေးနွေးရေးလည်း ပါဝင်သင့်ပါသည်။ ယေဘုယျ အသုံးတည့်နိုင်သည့် ဗျူဟာတစ်ခုသည် တက်ရောက်လာသူများအား အစည်းအဝေးတွင် ဖြေရှင်းပေးစေလိုသည့် မည်သည့်အကြောင်းကိစ္စရပ် သို့မဟုတ် မေးခွန်းများကိုမဆို ကြိုတင်ကာ (ဥပမာ – အီးမေးဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အကြံပေးပုဂ္ဂိုလ်အား လူကိုယ်တိုင်နှုတ်ဖြင့် ဖြစ်စေ)ပေးရန် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ ယင်းအတွက် လုပ်ငန်းစဉ်ယန္တရား ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး အစီအစဉ်သည် EIA လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် သတ်မှတ်ထားသည့် ဆက်စပ်ပတ်သက်သူများ၏ သီးခြားလိုအပ်ချက်များအပေါ် မူတည်၍ လုံလောက်သည့် အချိန် ခွဲဝေပေးရမည်။ ယင်းကြောင့် စီမံကိန်းအဆိုပြုသူနှင့် EIA အကြံပေးပုဂ္ဂိုလ်တို့ နှစ်ဦးလုံး အနေဖြင့် စိတ်ရှည်ရန် လိုအပ်ပါသည်။

၄.၂.၆ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်သည် EIA အကြံပေးပုဂ္ဂိုလ်နှင့် စီမံကိန်း အဆိုပြုသူတို့ အနေဖြင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်လွယ်မှု၊ ဘာသာစကား အခက်အခဲနှင့် တက်ရောက်သူများ၏ ပုံမှန်ပညာရေး အဆင့်များ ကဲ့သို့ အရေးကြီးသည့် အကြောင်းကိစ္စရပ်များကို ထည့်သွင်း စဉ်းစားကာ ဦးတည်မည့် ပရိသတ်များကို သင့်လျော်သည့် ပုံစံဖြင့် မည်သို့ ထိရောက်အကျိုးရှိစွာ ဆွေးနွေးမည်ဖြစ်ကြောင်းကိုလည်း စဉ်းစားထားသင့်ပါသည်။ တက်ရောက်လာသူများ၏ ယုံကြည်မှု သာမက

[14] IAIA (၂၀၁၅ ခုနှစ်) "ဆက်စပ်ပတ်သက်သူ များနှင့် ထိရောက်အကျိုးရှိစွာ တွေ့ဆုံဆွေးနွေးခြင်း"၊ IAIA Fastips၊ အမှတ်၊ ၁၀ ။

အကြောင်းအရာနှင့်ပတ်သက်၍ ဗဟုသုတကြွယ်ဝမှု နှင့် နည်းပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ ပြည့်စုံပြီး ဆွေးနွေးရာတွင်လည်း ၎င်းတို့အား စာနာမှု၊ ယင်းတို့ဖက်မှ ရပ်တည်မှုနှင့် အတွေ့အကြုံရှိမှုများအပေါ် အခြေခံသည့် ဦးဆောင်ဆွေးနွေးမည့်ပုဂ္ဂိုလ် (ပြောရေးဆိုခွင့်ရှိသူ)ရွေးချယ်ရာတွင်လည်း အထူး သတိထားရန် လိုအပ်ပါသေးသည်။ ပြောဆိုဆွေးနွေးမှုများအားလုံးသည် တက်ရောက်သူများအပေါ် လေးစားမှုရှိပြီး၊ ပွင့်လင်းသော စိတ်ထားဖြင့် ၎င်းတို့အား နားထောင်ပေးရန် နှင့် လေ့လာရန် ဆန္ဒရှိသူ ဖြစ်ရန်လည်း အထူးအရေးကြီးပါသည်။

*၄.၂.၇ သတင်း၏ ပါဝင်မှု နှင့်တင်ပြပုံ ကဲ့သို့ ယင်း၏ အမှန်တကယ် အကြောင်းအရာ တို့သည် အရေးကြီးသကဲ့သို့ အာရုံစူးစိုက်မှု၊ အတွေ့အကြုံ နှင့် ကျွမ်းကျင်မှုတို့လည်း လိုအပ်ပါသည်။*[15]

၄.၂.၈ အထက်တွင် မှတ်သားခဲ့သည့်အတိုင်း ထိရောက်သည့် EIA စနစ်၏ အဓိက သဘောတရားတစ်ခုမှာ စီမံကိန်းအဆိုပြုသူအနေဖြင့် ဆက်စပ်ကုန်ကျစရိတ်များ အားလုံးကို ကျခံပေးရမည်ဖြစ်ပါသည်။ ထိုစကားရပ်တွင် အဓိပ္ပါယ် ပြည့်ဝသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အကောင်အထည် ဖော်ခြင်းအတွက် ပံ့ပိုးကူညီပေးခြင်းလည်း ပါဝင်ပါသည်။ ဆိုလိုသည်မှာ EIA လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်စေရေး ဆောင်ရွက်မှု ကုန်ကျစရိတ်အားလုံးကို စီမံကိန်း အဆိုပြုသူက ကျခံရန် ဖြစ်ပါသည်။ ယင်းတွင် စီမံကိန်းအဆိုပြုသူ၏ အကြံပေးပုဂ္ဂိုလ်အတွက် ကုန်ကျစရိတ်များနှင့် EIA ဆိုင်ရာ တာဝန်ရှိသူများ EIA အစီရင်ခံစာအား စိစစ်သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်အတွင်း ပြည်သူလူထု ပူးပေါင်းပါဝင်မှု ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များပါ ပါဝင်ပါသည်။ ထိုနည်းတူစွာ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး အစီအစဉ်တွင် ယင်းအား အကောင်အထည်ဖော်ဆောင်ရာ၌ ကုန်ကျစရိတ်ကို ရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး ဘဏ္ဍာငွေ လုံလောက်စွာ ခွဲဝေထားရမည်။ ဦးစားပေးအလုပ်သည် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်မှုနှင့်အတူ ရလဒ် ကောင်းရရှိရေးပင် ဖြစ်ပါသည်။ ဘတ်ဂျက်ကို အထူးဂရုစိုက်ရန် လိုအပ်မည်မဟုတ်ပါ။

**၄.၂.၉ PAP နှင့် ဆက်စပ်ပတ်သက်သူများ သတ်မှတ်ခြင်း**

စီမံကိန်းအဆိုပြုလွှာတွင် မရှင်းလင်းသေးသည့် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများ သတ်မှတ်ရန် အထူးအရေးကြီးပြီး ၎င်းတို့၏ စိတ်ဝင်စားမှုအမျိုးမျိုးနှင့် အချက်အလက် လိုအပ်ချက်များကို ခွဲခြား သတ်မှတ်ရပါမည်။ အကြောင်းမှာ–

- စီမံကိန်းအဆိုပြုလွှာ တစ်ခုချင်းစီတွင် မတူညီသော PAP နှင့် ဆက်စပ်ပတ်သက်သူများ ပါဝင်နေခြင်း၊
- မတူညီသည့် PAP နှင့် ဆက်စပ်ပတ်သက်သူများအား ကွဲပြားသည့် နည်းလမ်းများဖြင့် ထိခိုက် စေနိုင်ခြင်း (အမျိုးသမီးများအား ထိခိုက်နိုင်မှုသည် အမျိုးသားများနှင့်မတူ ကွဲပြားနိုင်ပါသည်)
- မတူညီသည့် PAP နှင့် ဆက်စပ်ပတ်သက်သူများအနေဖြင့် EIA လုပ်ငန်းစဉ်တစ်ရပ်၏ ကွဲပြားသည့် အဆင့်များဖြင့် သင့်လျော်ကိုက်ညီခြင်း၊ နှင့်
- အလားတူ နယ်မြေဒေသတစ်ခုတည်းတွင် ကွဲပြားသည့် စီမံကိန်းများကြောင့် တူညီသော ဆက်စပ် ပတ်သက်သူများတွင်ပင် ကွဲပြားသည့်နည်းလမ်းများဖြင့် ထိခိုက်ခံစားရနိုင်ခြင်း တို့ဖြစ်ပါသည်။

၄.၂.၁၀ ဤကဲ့သို့ ဆက်စပ်ပတ်သက်သူများ ခွဲခြားသတ်မှတ်ခြင်းကို အောက်ဖော်ပြပါ အကြောင်းအရာများ ရရှိရန် အလို့ငှာ EIA လုပ်ငန်းစဉ်တွင် **စောနိုင်သမျှစောစွာ** ဆောင်ရွက်ရပါမည်–

- ထိရောက်သည့် ဆက်သွယ်မှု ရရှိရေး၊
- နောက်ထပ် ဆက်စပ်ပတ်သက်သူများကို ဖြည့်စွက်နိုင်ရေး၊

[15] IAIA (၂၀၁၅)၊ "ဆက်စပ်ပတ်သက်သူများနှင့် ထိရောက်အကျိုးရှိစွာ တွေ့ဆုံဆွေးနွေးခြင်း"၊ IAIA Fastip၊ အမှတ် ၁၀၊

- လေးစားမှုနှင့် ယုံကြည်မှု တည်ဆောက်ရေး၊
- ပြည်သူလူထု ပူးပေါင်းပါဝင်ရေးအတွက် လုံလောက်သည့် ဘတ်ဂျက် ခွဲဝေသတ်မှတ်ထားရေး နှင့်
- ရှင်းလင်းဆွေးနွေးနိုင်ရန် နှင့် သီးခြား ဆက်စပ်ပတ်သက်သူများ၏ အခက်အခဲများအား ထည့်သွင်းစဉ်းစားခြင်း နှင့် အချက်အလက်များ စုစည်းကောက်ခံခြင်းများအတွက် အချိန်ကာလ များများ ပေးခြင်း တို့ဖြစ်ပါသည်။

၄.၂.၁၁ ဆက်စပ်ပတ်သက်သူများ သတ်မှတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ရမည်မှာ မတူညီသော ဆက်စပ်ပတ်သက်သူများအုပ်စုနှင့် စီမံကိန်းအဆိုပြုသူနှင့် EIA အကြံပေးပုဂ္ဂိုလ်တို့အကြား ဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက်ရန်ဖြစ်ပါသည်။ ယင်းတွင် ဆက်စပ်ပတ်သက်သူများ အုပ်စု ကိုယ်စား ၎င်းတို့ဆန္ဒရှိမည်ဆိုပါက ပြောရေးဆိုခွင့်ရှိသူ ခန့်အပ်ခွင့်ပြုပေးခြင်းလည်း ပါဝင်နိုင်ပါသည်။

၄.၂.၁၂ EIA လုပ်ဆောင်ခြင်းများသည် **အားလုံးပါဝင်သော လုပ်ငန်းစဉ်များ** ဖြစ်သည်ကို အသိအမှတ်ပြုရန် အရေးကြီးပါသေးသည်။ တစ်ခါတစ်ရံတွင် လူထုနှင့်အဖွဲ့များက စီမံကိန်းအဆိုပြုလွှာတွင် စိတ်ဝင်စားမှု တစ်စုံတစ်ရာ ဖော်ပြခြင်းကို စီမံကိန်း အဆိုပြုသူအနေဖြင့် မလိုအပ်ဟု ထင်ကောင်းထင်မည်ဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့စိတ်ဝင်စားမှု တစ်စုံတစ်ရာ ဖော်ပြသည့် မည်သူမဆိုတွင် ၎င်းတို့၏ ထင်မြင်ချက်များ ဖော်ပြရန်နှင့် ၎င်းတို့၏ အမြင်များကို တင်ပြရန် အခွင့်အရေး တစ်ရပ်ရှိပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များသည် ပါဝင်နိုင်သည့် ဆက်စပ်ပတ်သက်သူ အမျိုးအစားကို ကန့်သတ်ခြင်း မပြုခြင်းမှာ အရေးကြီးပါသည်။

၄.၂.၁၃ အများသုံးဖြစ်သော– သို့သော် ပြည့်စုံသည် သို့မဟုတ် အံဝင်ခွင်ကျဖြစ်သည်ဟု မဆိုသာသော – ဖြစ်နိုင်ဖွယ် ဆက်စပ်ပတ်သက်သူများစာရင်းကို အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည်–

**Table 2: ဖြစ်နိုင်ဖွယ် ဆက်စပ်ပတ်သက်သူများစာရင်း**[16]

| | |
|---|---|
| **PAP** | • မြေ ပိုင်ရှင်များ၊ အသုံးပြုသူများနှင့် နေထိုင်သူများ၊<br>• ထိခိုက်ဧရိယာအတွင်းနှင့် ဝန်းကျင်ရှိ ဌာနေတိုင်းရင်းသားများ နှင့် တိုင်းရင်းသားမျိုးနွယ်စုများ<br>• အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းသူများ၊ သယံဇာတမှီခိုအုပ်စုများ နှင့် ဆင်းရဲသူများ အပါအဝင် ထိခိုက်လွယ်သည့် အုပ်စုများ<br>• နယ်ခြားဖြတ်ကျော် သက်ရောက်မှုများသည် အကြောင်းအရင်းတစ်ရပ် ဖြစ်နိုင်သည့် အိမ်နီးချင်းနိုင်ငံများရှိ ပြည်သူများ၊ |
| **အစိုးရ တာဝန်ရှိသူများ** | • နိုင်ငံ၊ တိုင်း၊ ခရိုင် နှင့် မြို့နယ်ကျေးလက် တာဝန်ရှိသူများ၊ အာဏာပိုင်များ၊<br>• ရေထု၊ စွန့်ပစ်ပစ္စည်း၊ မြေထု၊ အသံ နှင့် လေထု ညစ်ညမ်းမှုအပါအဝင် ညစ်ညမ်းမှုထိန်းချုပ်ရေး တာဝန်ရှိသူများ၊<br>• သဘာဝ၊ ယဉ်ကျေးမှုအမွေအနှစ် နှင့် မြေယာသဘာဝရှုခင်းများ ထိန်းသိမ်းရေး တာဝန်ရှိသူများ၊<br>• ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး တာဝန်ရှိသူများ၊<br>• မြေအသုံးချမှု ထိန်းချုပ်ခြင်း၊ မြေယာ အစီအစဉ်ရေးဆွဲခြင်း နှင့် ဇုန်ခွဲခြားခြင်း ဆိုင်ရာ တာဝန်ရှိသူများ၊<br>• စိုက်ပျိုးရေး၊ စွမ်းအင်၊ သစ်တော၊ ငါးလုပ်ငန်း အစရှိသည့် နယ်ပယ်များတွင် ၎င်းတို့၏စိတ်ဝင်စားမှုကို  ထိခိုက်ခံရနိုင်သူများအတွက် တာဝန်ရှိသူ အစိုးရဌာနများ၊<br>• နယ်ခြားဖြတ်ကျော် သက်ရောက်မှုများသည် အကြောင်းအရင်း တစ်ရပ်ဖြစ်နိုင်သည့် အိမ်နီးချင်းနိုင်ငံများရှိ တာဝန်ရှိသူများ၊ |
| **အခြားဆက်စပ် ပတ်သက်သူများ** | • ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စိတ်ဝင်စားသူ အုပ်စုများ၊<br>• ၎င်းတို့၏  စိတ်ဝင်စားမှုကို ထိခိုက်နိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၊<br>• ကုန်သွယ်မှု အသင်း၊ အဖွဲ့အစည်းများ ကဲ့သို့ ဒေသလုပ်ငန်းရှင်များ နှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ၊<br>• အမျိုးသမီးများ၊ အသင်းအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ ဒေသခံပြည်သူအစုအဖွဲ့များ၊ နေထိုင်သူအဖွဲ့များစသည်တို့ကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊<br>• သဘာဝပတ်ဝန်းကျင် အသုံးပြုသူများအား ကိုယ်စားပြုသည့် အဖွဲ့များ၊ ဥပမာ – လယ်သမားများ၊ ငါးဖမ်းသမားများ၊ ကိုယ်ပိုင်စားသုံးမှုနှင့် ရောင်းဝယ်မှုအတွက် ဒေသထွက်သယံဇာတများကို အသုံးပြုသည့် အမျိုးသမီးများ၊ ခရီးသွား လုပ်ငန်းဆောင်ရွက်သူများ၊<br>• သုတေသန အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် အခြား ကျွမ်းကျင်မှု ဌာနများ<br>• အောက်ခြေဒေသအဆင့် နှင့် နိုင်ငံအဆင့်ရှိ မီဒီယာများ၊<br>• ဘာသာရေးခေါင်းဆောင် သို့မဟုတ်ကျောင်းဆရာ တို့ကဲ့သို့ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် ဒေသခံကိုယ်စားလှယ်များ၊<br>• သိပ္ပံပညာရပ်ဆိုင်ရာ အဖွဲ့၊ သုတေသနပညာရှင်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊<br>• အောက်ခြေရှိ အများပြည်သူလူထု |

[16] လာအိုနိုင်ငံ+ EIA လမ်းညွှန်ချက်များ၊ MONRE၊ ၂၀၁၂ ခုနှစ်၊ အား မှီငြမ်းထားပါသည်။

**၄.၂.၁၄ ထိခိုက်လွယ်သူ အုပ်စုများကို အထူးအလေးထား ဆောင်ရွက်ပေးခြင်း၊**

ဆက်စပ်ပတ်သက်သူများ သတ်မှတ်ရာတွင် အထူးသဖြင့် ဒေသခံပြည်သူများအတွင်းမှ ထိခိုက်လွယ်သူ အုပ်စုများအား အထူးအလေးထား စဉ်းစားပေးခြင်းနှင့် ၎င်းတို့ ထိထိရောက်ရောက် ပါဝင်လာရန် လိုအပ်သည့် စွမ်းရည်များကို မြှင့်တင်ပေးခြင်းတို့ ပါဝင်ရန် လိုအပ်ပါသည်။ ယင်းတွင် အခြားဘာသာ စကား သို့မဟုတ် ဒေသစကားပြောဆိုကြသည့် ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုများ၊ အမျိုးသမီး များ၊ မသန်မစွမ်းသူများ၊ ဆင်းရဲခြင်းဟု သတ်မှတ်သည့် အခြေခံမျဉ်းအောက်တွင်ရှိသော ဝင်ငွေ အနည်းဆုံး ရရှိသူများ၊ မြေမဲ့ယာမဲ့များ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ကိုယ်စားလှယ် များ ပါဝင်လာစေရန် ပံ့ပိုးကူညီပေးရေး ထည့်သွင်းစဉ်းစားရပါမည်။ အဆိုပါ အဖွဲ့များ ပါဝင်လာရေး အတွက် ဖြည့်စွက်ပံ့ပိုး ကူညီမှုများလည်း လိုအပ်နိုင်ပါသည်။

၄.၂.၁၅ စီမံကိန်းအဆိုပြုလွှာတစ်ရပ်၏ EIA ဆောင်ရွက်မှုအပေါ် နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် အစိုးရ၏ တာဝန်ဖြစ်သောကြောင့် သတင်းအချက်အလက်များ ကြိုတင်အသိပေးခြင်းဖြင့် လွတ်လပ်စွာ သဘောတူညီချက်ကို ရယူခြင်း (FPIC)ဟူသည့် သဘောတရားအား အသုံးပြုခြင်းမှာ အဆိုပါ ဆုံးဖြတ်ချက် အပေါ်ရှိ တာဝန်ယူမှုအချို့ကို ဖြစ်စေပါသည်။ FPIC ၏ သဘောတရားသည် ဌာနေ တိုင်းရင်းသားများ၏ မြေနှင့်သယံဇာတများနှင့်ပတ်သက်သော အခွင့်အရေးများနှင့် စိတ်ဝင်စားမှု များကို ဖော်ပြအသုံးပြုရန် ရည်ရွယ်ပြီး ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအပေါ် ကုလသမဂ္ဂ နိုင်ငံများကြေညာချက်တွင် ဖော်ပြထားပါသည်။ ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့အားထိခိုက် စေနိုင်သည့် ဖွံ့ဖြိုးရေး စီမံကိန်းများအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်များ အပါအဝင် ၎င်းတို့၏ ဘဝ ရပ်တည်မှု၊ မြေ နှင့်သယံဇာတများအပေါ် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ရန် ရည်ရွယ်ပါသည်။ FPIC အား အသုံးပြုရခြင်းမှာ သဘောတူညီချက်မရရှိဘဲ ဆောင်ရွက်သည့် စီမံကိန်းအဆိုပြုလွှာများကြောင့် ဆန္ဒ မပါသော နေရာပြောင်းရွှေ့ရမှုများနှင့် ဌာနေတိုင်းရင်းသား PAP များကို ပြန်လည်နေရာချထားပေး ခြင်းများ နှင့်/သို့မဟုတ် ထုတ်လုပ်နိုင်စွမ်းရှိသော၊ ဝင်ငွေရရှိနေသော သို့မဟုတ် သက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးရခြင်း တို့ ဖြစ်ပေါ်လာနိုင်သောကြောင့်ဖြစ်ပါသည်။

၄.၂.၁၆ FPIC အား အသုံးပြုခြင်းသည် ဌာနေတိုင်းရင်းသား PAP များအနေဖြင့် EIA တွင် ၎င်းတို့၏ တုံ့ပြန်သံများ ပေးနိုင်ရန် အရိုးရှင်းဆုံး နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများတွင် ၎င်းတို့ကို လေးစားပေးသင့်သည့် သီးသန့်အခွင့်အရေးများရှိကြောင်း FPIC သဘောတရားအရ အသိအမှတ် ပြုထားပါသည်။ FPIC သဘောတရားအရ အတွန့်တက်ရလျှင် အဆိုပြုထားသည့် စီမံကိန်း ကို ၎င်းတို့သဘောမတူပါက ၎င်းတို့၏ သဘောတူညီချက်ရသည်အထိ စီမံကိန်းကို မွမ်းမံပြင်ဆင်ရမည် သာဖြစ်ပါသည်။

## ၄.၃ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း နယ်ပယ်အဆင့်ဆင့်

၄.၃.၁ ပြည်သူလူထု ပူးပေါင်းပါဝင်လာခြင်း၏ ရည်ရွယ်ချက်များ၊ ချဉ်းကပ်မှု၊ နည်းလမ်းများနှင့် အလေ့အထ များကို နားလည်သဘောပေါက်လာခြင်းနှင့် အသုံးပြုလာခြင်းသည် စဉ်ဆက်မပြတ် သိသာစွာ တိုးမြင့် လာပါသည်။ ယင်း၏ ကျယ်ပြန့်သော အတိုင်းအတာကို ကြည့်ကာ ထိရောက်မှုအရှိဆုံးနှင့် ကိုက်ညီ မှုအရှိဆုံး နည်းလမ်းအား ရွေးချယ်ခြင်းသည် ခက်ခဲနိုင်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IAP2)က ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး မူဘောင်တစ်ခုအား အထောက်အကူဖြစ်စေမည့် နယ်ပယ်အဆင့်အတန်းတစ်ခုကို ရေးဆွဲခဲ့ပြီး အောက်ဖော်ပြပါ ပုံ – ၄ တွင် ပြသထားပါသည်။

## Figure 4: ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနယ်ပယ်အဆင့်ဆင့်

(ပြည်သူလူထုပူးပေါင်းပါဝင်ရေး နိုင်ငံတကာ အဖွဲ့ အားမှီငြမ်းထားပါသည်။)

***အများပြည်သူ တိုးမြှင့်ပါဝင်လာခြင်းအဆင့်*** →

| | **သတင်းပေး** | **ဆွေးနွေးတိုင်ပင်** | **ပါဝင်** | **ပူးပေါင်း** | **လုပ်ပိုင်ခွင့်အပ်နှင်း** |
|---|---|---|---|---|---|
| **ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း၏ ရည်မှန်းချက်** | ပြဿနာများ၊ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ၊ အခွင့်အလမ်းများ နှင့်/ သို့မဟုတ် ဖြေရှင်းမှုများကို နားလည်သဘောပေါက်စေရေး ပံ့ပိုးကူညီရန်အလို့ငှာ အများပြည်သူအား ညီညွတ်မျှတသည့် အချက်အလက်များ ပံ့ပိုးပေးရန်၊ | အနုစိပ်လေ့လာမှု၊ အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများ နှင့်/ သို့မဟုတ် ဆုံးဖြတ်ချက်များ အပေါ် အများပြည်သူ၏ တုံ့ပြန်ချက်များ ရယူရန်၊ | အများပြည်သူ၏ စိုးရိမ်ပူပန်မှုများ နှင့် လိုအင်ဆန္ဒများ ကို ရှေ့နောက်ညီညွတ်စွာ နားလည်ကာ ထည့်သွင်းစဉ်းစားမှုပြုနိုင်ရေး အတွက် လုပ်ငန်းစဉ် တစ်လျှောက်လုံး အများပြည်သူနှင့် တိုက်ရိုက် လုပ်ကိုင် ဆောင်ရွက်ရန်၊ | အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ ပေါ်ပေါက်စေခြင်းနှင့် လိုလားသည့် ဖြေရှင်းဆောင်ရွက်မှုများ သတ်မှတ်ခြင်းများ အပါအဝင် ဆုံးဖြတ်ချက်၏ ရှုထောင့် အသီးသီး၌ အများပြည်သူနှင့် အတူတကွ မိတ်ဖက်ဆောင်ရွက်ရန်၊ | အများပြည်သူနှင့် ဆုံးဖြတ်ချက်ချမှတ် သူများ အကြား အပြီးသတ် ဆုံးဖြတ်ချက် ကို ညှိနှိုင်းဆွေးနွေးရန်၊ |
| **စီမံကိန်း အဆိုပြုသူ နှင့် ဆက်စပ် တာဝန်ရှိသူများက ပြည်သူလူထုကို ပေးထားသော ကတိ** | ကျနော်တို့ ဆက်ပြီး သတင်းအချက်အလက်များ ပေးနေပါမည်။ | ကျနော်တို့ ဆက်ပြီး သတင်းပေးခြင်း၊ နားထောင်ပေးခြင်း၊ စိုးရိမ်မှုများနှင့် လိုအင်ဆန္ဒများကို အသိအမှတ်ပြုခြင်း နှင့် အများပြည်သူ ပူးပေါင်းပါဝင်ခြင်းသည် ဆုံးဖြတ်ချက်အား မည်သို့ လွှမ်းမိုးမှု ရှိကြောင်းကို တုံ့ပြန်ပြောဆိုခြင်းများ ပြုလုပ်ပါမည်။ | သင်တို့၏ စိုးရိမ်မှုများနှင့် လိုအင်ဆန္ဒများ သည် အခြား ဆောင်ရွက်နိုင်သည့် နည်းလမ်းများပေါ် ပေါက်လာရေး အပေါ် တိုက်ရိုက် ထင်ဟပ်စေကြောင်း နှင့် အများပြည် သူ ပူးပေါင်းပါဝင်ခြင်းသည် ဆုံးဖြတ်ချက်အား မည်သို့ လွှမ်းမိုးမှု ရှိကြောင်း သေချာစေရေးအတွက် ကျနော်တို့ သင်တို့နှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်ပါမည်။ | ဖြေရှင်း ဆောင်ရွက်မှုများအတွက် အကြံဉာဏ်နှင့် ဆန်းသစ်ကြံဆခြင်း တို့ကို ရယူပြီး သင်တို့၏ အကြံဉာဏ်နှင့် ထောက်ခံမှုများကို ဆုံးဖြတ်ချက်တွင် အများဆုံး ပေါင်းစပ်နိုင်ရန် ကျနော် တို့ ဆောင်ရွက်ပါမည်။ | ကျနော်တို့သဘောတူထားသည့် အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ |
| **နည်းပညာ ဥပမာ** | ▪ အချက်အလက် အကျဉ်းချုပ်<br>▪ အင်တာနက် စာမျက်နှာ၊ | ▪ အများပြည်သူ ဝေဖန်ချက်များ<br>▪ အဖွဲ့လိုက် ဆွေးနွေးချက် | ▪ အလုပ်ရုံ ဆွေးနွေးပွဲများ | ▪ အများသဘောတူ ညီချက် ရယူခြင်း<br>▪ ပြည်သူလူထု ပူးပေါင်း ပါဝင်သည့် | ▪ လျှို့ဝှက်ဆန္ဒမဲ ပေးခြင်း<br>▪ ခွဲဝေ ဆုံးဖြတ်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| | • ပိုစတာနှင့် ဆိုင်းဘုတ်များ<br>• သတင်းစာ ကြော်ငြာ<br>• ရေဒီယို အသံလွှင့် ကြေငြာချက် | • စစ်တမ်းကောက်ယူခြင်း<br>• အများပြည်သူနှင့် တွေ့ဆုံပွဲ | | ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ | • ဆွေးနွေးညှိနှိုင်းခြင်း |

၄.၃.၂ လုပ်ကိုင်ဆောင်ရွက်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အဆင့်သည် ခြုံငုံရည်မှန်းချက်နှင့် အချိုးအစားညီမျှသင့်ပြီး စီမံကိန်း၏ သီးခြားအခြေအနေများနှင့်လည်း အံဝင်ခွင်ကျဖြစ်သင့်ပါသည်။ အများပြည်သူ ပါဝင်မှုအတွက် အသေးစိပ် ရည်မှန်းချက်အပေါ် မူတည်၍ EIA လုပ်ငန်းစဉ်၏ အဆင့်အသီးသီးတွင် ကွဲပြားနိုင်ပါသည်။

၄.၃.၃ အောက်ဖော်ပြပါ ပုံတွင် EIA လုပ်ငန်းစဉ်၏ အဆင့်အသီးသီး၌ ယေဘုယျအားဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး သင့်လျော်သည့် နယ်ပယ်ကို ဖော်ပြထားပြီး ယင်း၏ အသေးစိပ်ကို ဤလမ်းညွှန်ချက်၏ အခန်း ၆ မှ ၁၁ တွင် ဖော်ပြထားပါသည်။

**Figure 5: EIA အဆင့်တိုင်းတွင် ပါဝင်ရမည့် ပြည်သူ လူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး နယ်ပယ်**

| EIA အဆင့်များ | ပူးပေါင်းပါဝင်သည့် အဆင့် | | | | |
|---|---|---|---|---|---|
| | **သတင်းပေး** | **တိုင်ပင်** | **ပါဝင်** | **ပူးပေါင်း** | **လုပ်ပိုင်ခွင့်ပေး** |
| **စိစစ်ခြင်း** | ↔ | ↔ | | | |
| **နယ်ပယ် အတိုင်းအတာ သတ်မှတ်ခြင်း** | | ↔ | ↔ | ↔ | |
| **စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံ တင်ပြခြင်း** | | ↔ | ↔ | ↔ | |
| **ပြန်လည်ဆန်းစစ်ခြင်း** | | ↔ | ↔ | | |
| **ဆုံးဖြတ်ချက် ပေးခြင်း** | ↔ | | | | အချို့အခြေအနေများတွင် FPIC ကို အသုံးပြုပါသည်။ |
| **စစ်ဆေး ကြီးကြပ်ခြင်း** | | ↔ | ↔ | ↔ | |

## ၄.၄ EIA လုပ်ငန်းစဉ်များအပြင် အခြားအကြောင်းအရာများ၌ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး

၄.၄.၁ ဤလမ်းညွှန်ချက်သည် စီမံကိန်းအဆိုပြုလွှာများအား စိစစ်ခြင်း အဆင့်မှ စတင်သည့် EIA လုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် ရည်ညွှန်းဖော်ပြထားပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် အဓိပ္ပါယ်ပြည့်ဝသည်၊ ထိရောက်မှုရှိသည်ဟု

ဆိုနိုင်ရေးအတွက် အဓိက နည်းလမ်းများအနက် တစ်ခုမှာ စီမံကိန်း အစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းစဉ်၌ စောနိုင်သမျှ စောစွာ PAP၊ ထိခိုက်လွယ်သူ အုပ်စုများ၊ နှင့် အခြားဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံမှု စတင်ပြုလုပ်ရမည် ဖြစ်ပါသည်။ မကြာခဏဆိုသလိုပင် စီမံကိန်းအဆိုပြုလွှာနှင့်ပတ်သက်သည့် သတင်း အချက်အလက်များ မပြည့်စုံသေးမီ စီမံကိန်း ဖြစ်နိုင်စွမ်းနှင့် အကြိုဖြစ်နိုင်စွမ်း လေ့လာသည့် ကာလများ အတွင်း၌ပင် ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံခြင်း၏ အောက်ဖော်ပြပါ အချက်များပါဝင်သည့် အကျိုးကျေးဇူးများ ရရှိစေရန်ဖြစ်ပါသည်–

- စီမံကိန်း အဆိုပြုသူနှင့် ဒေသခံပြည်သူများအကြား အပြန်အလှန်ချိတ်ဆက်မှု စတင် တည်ဆောက်ရန်၊
- စီမံကိန်းအဆိုပြုလွှာ၏ ကနဦး သတင်းအချက်အလက်များကို ဒေသခံ ဆက်စပ်ပတ်သက်သူများ အား ပံ့ပိုးပေးရန်၊
- စီမံကိန်းအဆိုပြုလွှာအတွက် ဖြစ်နိုင်စွမ်းလေ့လာမှုပြုစဉ် ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံရန်၊
- စီမံကိန်း၏ သဘောတရားအား ပုံဖော်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ မြေနေရာရွေးချယ်ခြင်း စသည့် ကနဦး လုပ်ငန်းစဉ်များတွင် ဖြစ်နိုင်ဖွယ် လူမှုရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ရှောင်ရှားရန် နှင့်/သို့မဟုတ် လျော့နည်းစေရန်၊

၄.၄.၂ အဆိုပါ ကနဦးအဆင့်တွင်ပင် စီမံကိန်း၏ သဘောတရား သို့မဟုတ် အကြို ဖြစ်နိုင်စွမ်းလေ့လာမှု အကြောင်းကို စောနိုင်သမျှစောစောနှင့် အချက်အလက် များနိုင်သမျှများများ ထုတ်ပြန်ပေးသင့်ပါသည်။ ပွင့်လင်းမြင်သာမှုရှိရေး နှင့် အချက်အလက် လက်လှမ်းမီမှုရှိရေး ပြုလုပ်ပေးရန် ဆန္ဒရှိကြောင်း ဖော်ပြရန် အတွက် ဖြစ်ပါသည်။ ဤအဆင့်၌ အချို့သတင်းအချက်အလက်များ (ဥပမာ – စီးပွားရေးအရ လျှို့ဝှက်ချက်များ သို့မဟုတ် မသိသေးသည့် အချက်များ)အား မည်သည့်အကြောင်းကြောင့် ထုတ်ပြန် နိုင်ခြင်း မရှိသေးကြောင်းကို ရှင်းလင်းပြောပြရန် လိုအပ်ပါသည်။ ထို့ပြင် စီမံကိန်းအဆိုပြုသူများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု (CSR)မဟာဗျူဟာများသည် EIA တစ်ခု၏ အစိတ်အပိုင်းတစ်ခု မဟုတ်သည့်အတွက် EIA ထဲတွင် ချမှတ်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချမှုနည်းများနှင့် သီးခြားစီ ဖြစ်စေရန် ဆောင်ရွက်နေစဉ်တွင် ဤလမ်းညွှန်ချက်၌ ဖော်ပြထားသည့် ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေး သဘောတရားများအရ အဆိုပါ CSR မဟာဗျူဟာများ ပေါ်ပေါက်လာရေးကို လည်း လမ်းညွှန်မှုပြုပေးရန် အထောက်အကူဖြစ်စေနိုင်ပါသည်။

၄.၄.၃ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် EIA မူဝါဒဘောင် တစ်ခုလုံးအတွက် အရေးကြီး သည့်အလျောက် အမြဲတမ်း ပြန်လည်ဆန်းစစ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများ လိုအပ်ပါမည်။ အထူး သဖြင့် အဆိုပြုလွှာများအား စိစစ်နိုင်ရေး ရည်မှန်းချက်များဖြင့် စီမံကိန်းများအား ကဏ္ဍအလိုက် စာရင်း ပြုစု အသုံးပြုနေသည့် နိုင်ငံများသည် အဆိုပါ စာရင်းအား အမြဲတမ်း ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါ မည်။ EIA ဆိုင်ရာ တာဝန်ရှိသူ သို့မဟုတ် အခြား ဆက်စပ် အစိုးရ အဖွဲ့အစည်းများသည် နှစ်မြှုပ်ထား သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတဆင့် အဆိုပါ မူဝါဒ ရေးရာ ဆွေးနွေးခြင်းများ၌ ဆက်စပ်ပတ်သက်သူများအဖြစ် ပါဝင်စေသင့်ပါသည်။

## ၅။ EIA လုပ်ငန်းစဉ်၏ အဓိက အဆင့်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း – အကျဉ်းချုပ်

၅.၁ အဆင့်အသီးသီးတွင် လိုအပ်သည့် ရလဒ်ရရှိရန်အတွက် ပူးပေါင်းပါဝင်မှု ဆောင်ရွက်ရန် အသင့်လျော်ဆုံး ဖြစ်သော EIA လုပ်ငန်းစဉ် အဆင့် (၆)ကို ခွဲခြားသတ်မှတ်ထားပါသည်။ အဆိုပါ အဆင့်အသီးသီး တွင် လက်တွေ့ကျပြီး အလေ့အကျင့်ကောင်းအဖြစ် စဉ်းစားနိုင်သည့် ပြည်သူလူထုပူးပေါင်းပါဝင်မှု အဆင့်များ ပါရှိပါသည်။ သို့ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး နယ်ပယ်တို့သည် အဆင့် တစ်ဆင့်ချင်းစီ၏ ရည်ရွယ်ချက်များပေါ် မူတည်၍ ကွဲလွဲနိုင်ပါသည်။

- အဆင့် ၁ – စီမံကိန်းအဆိုပြုလွှာ စိစစ်ခြင်းတွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊
- အဆင့် ၂ – နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊
- အဆင့် ၃ – EIA စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းတွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်မှု၊
- အဆင့် ၄ – EIA အစီရင်ခံစာနှင့် EMMP အား ပြန်လည်ဆန်းစစ်ခြင်းတွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊
- အဆင့် ၅ – EIA အစီရင်ခံစာ နှင့် EMMP တို့အပေါ် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊
- အဆင့် ၆ – စီမံကိန်းအား စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်စေခြင်း နှင့် အရေးယူခြင်း တွင် ပါဝင်သော ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှု၊

၅.၂ အဆိုပါအဆင့်အသီးသီးတွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှု မည်သည့်အဆင့်တို့ လိုအပ် ကြောင်း နှင့် အများပြည်သူအတွက် မည်သည့် သတင်းအချက်အလက်များ အဆင်သင့် ပေးသင့်ကြောင်း စသည်ဖြင့် အဆင့်တိုင်းအတွက် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အသေးစိပ် ရည်ရွယ်ချက် များအား ခွဲခြားသတ်မှတ်ရန် အရေးကြီးပါသည်။ ယင်းသည် စီမံကိန်းအတွက်နှင့် EIA လုပ်ငန်းစဉ်တွင် ပါဝင်သူများ အားလုံးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်း၏ အကျိုးကျေးဇူးများ အများဆုံး ရရှိစေမည်ဖြစ်ပါသည်။

၅.၃ ဤလမ်းညွှန်ချက်တွင် ပြည်သူလူထုပူးပေါင်းပါဝင်တွေ့ဆုံ ဆွေးနွေးရာတွင် အနည်းဆုံး ပြုလုပ်သင့်သည့် အကြံပြုချက် ပါဝင်ပါသည်။ ယင်းတို့သည် လက်တွေ့ အတွေ့အကြုံများအပေါ် အခြေခံထားပြီး EIA တွင် အလေ့အကျင့်ကောင်းများကို ထင်ဟပ်ထားပါသည်။ အခြေခံကျကျ ရည်ရွယ်ချက်မှာ EIA လုပ်ငန်းစဉ်၏ အဆင့်အသီးသီးတွင် အဓိပ္ပါယ်ပြည့်ဝသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ကို အမြဲတမ်း အလေးထား ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပြုထားသည့် စီမံကိန်းသည် ဧရာမ သို့မဟုတ် အထူးအငြင်းပွားဖွယ် စီမံကိန်းတစ်ရပ်ဖြစ်မည်ဆိုပါက ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အဓိပ္ပါယ်ပြည့်ဝမှုရှိရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပိုမိုလုပ်ဆောင်ရမည် ဖြစ်ပါသည်။ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့်သည် အချိန်ကာလ ကြာကောင်းကြာနိုင်ပြီး EIA စုံစမ်းစစ်ဆေးခြင်းအဆင့်သည် ပြီးစီးရန် တစ်နှစ် သို့မဟုတ် ယင်းထက်မက ကြာမြင့်နိုင်ပါသည်။ အဆိုပါ စီမံကိန်းကြီးများအနေဖြင့် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများနှင့် အစည်းအဝေး အများအပြား ပြုလုပ်နိုင်ရန် ပို၍ အသေးစိပ်သော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ်များကို ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ဤအကြောင်းအရာများသည် ယင်းကဲ့သို့ ကြီးမား ရှုပ်ထွေးသော စီမံကိန်းကြီးများ၏ တိုက်ရိုက်သက်ဆိုင်သော အကျိုးဆက်များပင်ဖြစ်ပါသည်။

# ၆။ အဆင့် ၁– စီမံကိန်းအဆိုပြုလွှာများ စိစစ်ရာတွင် ပါဝင်သည့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှု

၆.၁.၁ စီမံကိန်းအဆိုပြုလွှာများစိစစ်ခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း ပုံမှန် လုပ်ငန်းစဉ်တစ်ခုမှ ပထမဦးဆုံးအဆင့်ဖြစ်ပြီး ယင်းအဆင့်တွင် အဆိုပြု ထားသည့် စီမံကိန်းတစ်ရပ်ရပ်အား ဆက်စပ် အစိုးရ EIAဆိုင်ရာ တာဝန်ရှိသူက IEE၊ EIA တစ်ခုခု သို့မဟုတ် အခြား ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း တစ်ရပ်ရပ် လိုအပ် သို့မဟုတ် မလိုအပ်ကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ပြုလုပ်ပေးပါသည်။ သီးခြား စီမံကိန်းတစ်ရပ်ရပ်ကို EIA တစ်ခု ဆောင်ရွက်ရန် လိုအပ်ခြင်း၊ မလိုအပ်ခြင်းအပေါ် ဆုံးဖြတ်ချက်သည် နိုင်ငံအသီးသီး၏ ရှိပြီးသား လုပ်ထုံးလုပ်နည်းများအရ EIA တစ်ခုဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားများစာရင်းဖြင့် ဆုံးဖြတ်ကြပါသည်။ အချို့နိုင်ငံများသည် စီမံကိန်းကြောင့် ပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသည့် သက်ရောက်မှု တစ်စုံတရာ ဖြစ်ပေါ်လာနိုင်ဖွယ် ရှိမည်ဆိုပါက စီမံကိန်းအဆိုပြုလွှာအား စိစစ်သည့် စာရင်းကို အသုံးမပြုဘဲ EIA ဆိုင်ရာ တာဝန်ရှိသူကို ဆုံးဖြတ်ခွင့် အာဏာအပ်နှင်းထားလေ့ရှိပါသည်။

## ၆.၁ စီမံကိန်း အဆိုပြုလွှာ စိစစ်ခြင်း အဆင့်တွင် ပါဝင်သော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ရည်ရွယ်ချက်

၆.၁.၁ EIA ဆိုင်ရာ ဥပဒေတွင် စီမံကိန်းအဆိုပြုလွှာများ စိစစ်သည့် အဆင့်၌ ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်း အထူးဖော်ပြထားခြင်း မရှိသော်လည်း ယင်းအဆင့်တွင် ပါဝင်ရန် အထူး အကြံပြုအပ်ပါသည်။ ယေဘုယျ သဘောထားတစ်ခုမှာ စီမံကိန်းအဆိုပြုသူများ နှင့် ဒေသခံပြည်သူများ အကြား အပြန်အလှန် ချိတ်ဆက်မှု တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများ ပွားများစေရန် အလို့ငှာ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး လုပ်ငန်းကို စောနိုင်သမျှ စောစွာ စတင်ဆောင်ရွက်ထားသင့်ပါသည်။ စိစစ်ခြင်းလုပ်ငန်းသည် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နယ်မြေဧရိယာအတွင်းတွင် ဆောင်ရွက်မည့် သို့မဟုတ် ၎င်းတို့၏ စားဝတ်နေရေးကို ထိခိုက်နိုင်သည့် သီးခြား စီမံကိန်းအကြောင်း ပထမဆုံး အကြိမ် ကြားသိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံအဆင့်နှင့် ဒေသအဆင့် အစိုးရအဖွဲ့အစည်းများနှင့် ဆက်စပ် ဝန်ကြီးဌာနများက ယင်း အဆိုပြုထားသည့် စီမံကိန်းအကြောင်းကို ပထမဆုံးအကြိမ် သတိထား မိစေနိုင် ပါသည်။ ကနဦး ဆွေးနွေးမှုများနှင့် ဝေဖန်မှုများ၏ ရလဒ်များသည် အဆိုပြုထားသည့် စီမံကိန်း ၏ EIA ဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ မရှိ ဆုံးဖြတ်ခြင်း နှင့် အခြားဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများ အတွက် အရေးကြီးသည့် ထည့်ဝင်မှု ကုန်ကြမ်းဖြစ်စေပါသည်။ နောက်ဆုံးအနေဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် ဤအဆင့်တွင် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပြုလွှာစိစစ် ဆုံးဖြတ်ခြင်းသည် ပုံမှန် EIA ဆောင်ရွက်ရန်မလိုဟူသော ရလဒ်များ ထွက်ပေါ်လာနိုင်ပြီး ယင်းအတွက်ကြောင့် EIA လုပ်ငန်းစဉ်တွင် အစိုးရ၏ ဆုံးဖြတ်ချက်၌ ဒေသခံ ပြည်သူများ၏ ပါဝင်ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အခွင့်အလမ်း ဖြစ်နေနိုင်ပါသည်။

၆.၁.၂ သို့အတွက်ကြောင့် အဆိုပြုလွှာစိစစ်သည့် အဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ–

- စီမံကိန်းအဆိုပြုသူ နှင့် PAP သာမက ဆက်စပ်အစိုးရ အဖွဲ့အစည်း စသည့် နှစ်ဖွဲ့ တို့အကြား အပြန်အလှန် ဆက်နွယ်ချက် တည်ထောင်ရန်၊
- PAP များသည် စီမံကိန်းအဆိုပြုလွှာနှင့် EIA လုပ်ငန်းစဉ် တို့ကို သတိပြုမိစေရန်၊
- EIA လုပ်ငန်းစဉ်တွင် PAP နှင့် ဒေသခံ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်နိုင်ရေး ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်၊
- အဆိုပြုလွှာ စိစစ်သည့် ဆုံးဖြတ်ချက်တွင် စဉ်းစားနိုင်ရန်အတွက် စီမံကိန်းအဆိုပြုလွှာအပေါ် ၎င်းတို့၏ ကနဦးအမြင်များ ပါဝင်ရေး အခွင့်အလမ်းတစ်ရပ်အဖြစ် ဒေသခံ ပြည်သူများအား ပံ့ပိုးကူ

ညီပေးရန်၊ (ဆိုလိုသည်မှာ ဖြစ်နိုင်သည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ၊ စီမံကိန်းဒီဇိုင်း၊ အတိုင်းအတာ နှင့် တည်နေရာ စသည့် စဉ်းစားမှုများ စသည်ဖြင့်)၊ နှင့်

- အဆိုပြုလွှာစိစစ် ဆုံးဖြတ်ချက်အား အများပြည်သူသိရှိနိုင်ရေး သေချာမှုရှိစေရန်၊

## ၆.၂ မျှော်မှန်းထားသည့် ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေး အဆင့်

၆.၂.၁ သို့အတွက်ကြောင့် အဆိုပြုလွှာစိစစ်သည့် အဆင့်တွင် မျှော်မှန်းနိုင်သော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အနိမ့်ဆုံး အဆင့်များမှာ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း နယ်ပယ်၏ **သတင်းပေး နှင့် ဆွေးနွေးတိုင်ပင် သည့် အဆင့်များ** ဖြစ်ပါသည်။ အဆိုပြုလွှာ စိစစ်သည့် အဆင့်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၌ အကောင်းမြင် ချဉ်းကပ်မှုပုံစံသည် အရေးကြီးပါသည်၊ အနာဂတ်ကာလ EIA လုပ်ငန်းဆောင်ရွက်စဉ်တွင် တွေ့ဆုံဆွေးနွေးနိုင်မှုအတွက် အခြေအနေကောင်း တစ်ရပ် တည်ဆောက်နိုင်ရန်အတွက် ဖြစ်ပါသည်။

၆.၂.၂ အဆိုပြုလွှာ စိစစ်သည့် အဆင့်တွင် PAP နှင့် ဆက်စပ်ပတ်သက်သူများကို အဆိုပြုထားသည့် စီမံကိန်းအကြောင်း ပထမဦးစွာ သတင်းပေးထားရန် လိုအပ်ပါသည်။ ယင်းအဆင့်သည် အဆိုပြုထားသည့် စီမံကိန်းအပေါ် ၎င်းတို့၏ ကနဦး ဝေဖန်ချက် နှင့် တုံ့ပြန်ချက်များ (ဥပမာ **ဆွေးနွေးတိုင်ပင်သည့် အဆင့်**) ပေးနိုင်မည်ဖြစ်ပြီး ယင်းတို့သည် EIA ဆိုင်ရာတာဝန်ရှိသူများကိုလည်း လိုအပ်သည့် ဆန်းစစ်ချက်ပုံစံနှင့်ပတ်သက်၍ သတင်းပေးပြီးဆုံးဖြတ်ချက်တစ်ရပ် ပြုလုပ်ရာတွင် အကူအညီဖြစ်စေပါသည်။

၆.၂.၃ စီမံကိန်းအဆိုပြုသူ (နှင့် ၎င်း၏ EIA အကြံပေးပုဂ္ဂိုလ်များ) နှင့် ဒေသခံပြည်သူများအကြား အဆိုပြုလွှာစိစစ်ခြင်း ဖြစ်စေရေးအတွက် ဖြစ်နိုင်သမျှ အားလုံးပါဝင်စေသင့်ပါသည်။ ယင်းစကားရပ်တွင် စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်သည့် နယ်မြေဧရိယာ သို့မဟုတ် ကျေးရွာမှ ဒေသခံ ခေါင်းဆောင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ဌာနေတိုင်းရင်းသားများ နှင့် CSO တို့ ပါဝင်ပါသည်။ ဤဆွေးနွေးပွဲသည် အဆိုပါ အဓိကပုဂ္ဂိုလ်များကို သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ဖြစ်ပါသည် (ဥပမာ **သတင်းပေးသည့်အဆင့်**)။ အဆိုပါ သတင်းအချက်အလက်များကို PAP နှင့် ဒေသခံ CSOs များအားလုံးထံ ပြန့်နှံ့ရောက်ရှိသွားနိုင်ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စီမံကိန်း၏ အသေးစိပ်၊ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့် နောက်တစ်ဆင့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခြင်း အကြောင်းများကို သတင်းအချက်အလက်များ အနေဖြင့် ချပြဆွေးနွေးရပါမည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် EIA အကြံပေးပုဂ္ဂိုလ်အနေဖြင့် နောက်တစ်ကြိမ်တွေ့ဆုံရာ၌ မည်သူ့ကို ထည့်သွင်းဆွေးနွေးသင့်ကြောင်းနှင့် မည်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးရန် လိုအပ်ကြောင်းကိုလည်း ခွဲခြားရာတွင် အထောက်အကူ ဖြစ်စေပါသည်။ အဆိုပါ ဆွေးနွေးပွဲ၏ ကုန်ကျစရိတ်အားလုံးကို စီမံကိန်းအဆိုပြုသူက ပေးဆောင်သင့်ပြီး ဒေသခံပြည်သူများ အနေဖြင့် တစ်စုံတရာ တာဝန်ယူ ကုန်ကျစေခြင်း မဖြစ်သင့်ပါ။

၆.၂.၄ ယင်း၏ စီမံကိန်းအဆိုပြုလွှာကို EIA ဆိုင်ရာ တာဝန်ရှိသူများထံ စိစစ်ပေးနိုင်ရန် တင်ပြသည့် အချိန်တွင် စီမံကိန်းအဆိုပြုသူအနေဖြင့် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေးလုပ်ငန်းစဉ် ကျင်းပခဲ့သည့် နေ့ရက်နှင့် ကနဦးလက်ခံရရှိသည့် တုံ့ပြန်ချက်များ ပါဝင်သော အကျဉ်းချုပ် အစီရင်ခံစာကို ပူးတွဲတင်ပြ သင့်ပါသည်။

Table 3: အဆိုပြုလွှာ စိစစ်ရန် တွေ့ဆုံဆွေးနွေးမှု အကျဉ်းချုပ်

| မည်သူ ပါဝင်သင့်သလဲ၊ | တွေ့ဆုံ ဆွေးနွေးပွဲ စီစဉ်ရန် မည်သူ့ တွင် တာဝန်ရှိသလဲ၊ | လိုချင်သော ရလဒ်က ဘာလဲ၊ |
|---|---|---|
| အောက်ခြေအဆင့်ရှိ PAP နှင့် ဒေသခံ CSOs<br><br>ဒေသခံ ဆက်စပ် တာဝန်ရှိသူများ<br><br>စီမံကိန်း အဆိုပြုသူ နှင့် (ခန့်အပ်ပြီးပါက)EIA အကြံပေးပုဂ္ဂိုလ်<br><br>ဘာသာပြန်ဆိုသူ/များ | စီမံကိန်းအဆိုပြုသူ၊ ဒေသခံ ဆက်စပ် တာဝန်ရှိသူများ နှင့် အများပြည်သူလူထု ခေါင်းဆောင်များ ပူးပေါင်း ဆောင်ရွက်ခြင်း | PAP တို့အား စီမံကိန်းနှင့် EIA လုပ်ငန်းစဉ် အကြောင်း အသိပေးရန်၊<br><br>စီမံကိန်းအဆိုပြုသူ အနေဖြင့် စီမံကိန်းနှင့် EIA ပြင်ဆင်မှုတွင် ပေါင်းစပ်နိုင်ရန်အတွက် စိစစ်မည့် စီမံကိန်းအဆိုပြုလွှာနှင့်ပတ်သက်၍ ကနဦး ဝေဖန်ချက်များအား စုစည်းရန်၊<br>.<br>EIA ဆိုင်ရာ တာဝန်ရှိသူအနေဖြင့် အဆိုပြုမည့် စီမံကိန်းနှင့်ပတ်သက်၍ စိစစ်ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ကနဦး ဝေဖန်ချက်များအား စုစည်းရန်၊ |

## ၆.၃ ထုတ်ပြန်ရမည့် သတင်းနှင့် စုစည်းကောက်ခံရမည့် အချက်အလက်

၆.၃.၁ အဆိုပြုလွှာ စိစစ်သည့် အဆင့်တွင် ဆက်စပ်ပတ်သက်သူများအား ထုတ်ပြန်ပေးနိုင်မည့် သတင်းအချက်အလက်များသည် ကန့်သတ်မှုများ ရှိနေပါသည်။ အကြောင်းရင်းမှာ သက်ရောက်မှုများကို နယ်ပယ် အတိုင်းအတာ သတ်မှတ်ရာတွင် လက်ရှိအခြေအနေ၌ အကြိုလုပ်ဆောင်သည့် လုပ်ငန်း သဘောဖြစ်သောကြောင့် အဆိုပြုသူ၏ ဖြစ်နိုင်ချေ လေ့လာခြင်းများကိုသာ အသိပေးနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် စီမံကိန်းနှင့် ပတ်သက်သော ရိုးရှင်းလွယ်ကူစွာ လက်လှမ်းမီနိုင်သည့် အခြေခံ အချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။ (နောက်ဆက်တွဲ ၄ တွင်ကြည့်ပါ။)

၆.၃.၂ အဆိုပြုလွှာ စိစစ်သည့်အဆင့်တွင် စီမံကိန်းအဆိုပြုသူ (သို့မဟုတ် ၎င်း၏ EIA အကြံပေးပုဂ္ဂိုလ်) အနေဖြင့် ရှင်းလင်းပြရမည့် အဓိကအကြောင်းအရာ အချို့မှာ–

- EIA လုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်များ၊
- စီမံကိန်းနယ်နိမိတ်၊ အတိုင်းအတာများနှင့် ကန့်သတ်မှုများ၊
- စီမံကိန်း၏ အဆင့်အမျိုးမျိုး နှင့် ဖြစ်နိုင်သော တည်ဆောက်ခြင်း နှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့၏ ခန့်မှန်းအချိန်ကာလ၊
- (အလားတူ စီမံကိန်းများကို အခြေခံ၍) ကြိုတင်ခန့်မှန်းမိသော အဓိက အကြောင်းအရင်းများနှင့် စိုးရိမ်ပူပန်မှုများ၊
- PAP နှင့် ဆက်စပ်ပတ်သက်သူများ ခွဲခြားသတ်မှတ်ရန် လုပ်ငန်းစဉ်၊
- (အကောင်းအဆိုးနှစ်မျိုးလုံးပါဝင်သော) မြေသိမ်းယူမှု နှင့် စားဝတ်နေရေး သက်ရောက်မှုများ အပါအဝင် ဖြစ်နိုင်ဖွယ် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၊
- ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုများအပေါ် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ၊
- မျှော်မှန်းထားသည် အနာဂတ်ကာလ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်၊

**Table 4: စိစစ်ခြင်းအဆင့်တွင် သတင်းအချက်အလက် လိုအပ်ချက်များနှင့် ထုတ်ပြန်ချက်**

| ဘယ်လိုသတင်းအချက်အလက်များ ပေးသင့်သလဲ၊ | အချက်အလက်များ ပံ့ပိုးပေးရန် ဘယ်သူ့တွင် တာဝန်ရှိသလဲ၊ | အချက်အလက်များကို ဘယ်သူက လက်လှမ်းမီသင့်သလဲ၊ |
|---|---|---|
| စီမံကိန်းအကြောင်း အကျဉ်း ဖော်ပြချက် ၊ ကျိုးကြောင်း ရှင်းလင်းချက်၊ မြေပုံများ၊ အစီအစဉ် မူကြမ်း နှင့် အခြား ရနိုင်သမျှ သတင်း အချက်အလက် များအပါအဝင် စီမံကိန်း အဆိုပြုလွှာ၏ အဓိကအချက်များ၊<br><br>စီမံကိန်း အဆိုပြုသူ နှင့် (သိပြီးပါက) EIA အကြံပေးပုဂ္ဂိုလ်တို့၏ အသေးစိပ် အချက်အလက်များ၊<br><br>(အဆိုပြုလွှာစိစစ်ဆုံးဖြတ်ချက် ကို မစဉ်းစားဘဲ) EIA လုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်များ<br><br>အစီအစဉ်ရေးဆွဲထားသည့် အနာဂတ် ကာလ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၏ အဓိကအချက်များ | စီမံကိန်း အဆိုပြုသူ | ဒေသခံပြည်သူများ၊ မီဒီယာများ၊ CSOs များ၊ ဒေသ အာဏာပိုင်များ၊ |
| စီမံကိန်းအဆိုပြုလွှာအပေါ် ကနဦး ဝေဖန်ချက် | ဒေသခံ ပြည်သူများ၏ ခေါင်းဆောင် | စီမံကိန်းအဆိုပြုသူနှင့် EIA ဆိုင်ရာ တာဝန်ရှိသူ |
| အဆိုပြုလွှာ စိစစ်ဆုံးဖြတ်ခြင်း | EIA ဆိုင်ရာ တာဝန်ရှိသူ နှင့် စီမံကိန်း အဆိုပြုသူ | EIA ဆိုင်ရာ တာဝန်ရှိသူ ၏ အင်တာနက်စာမျက်နှာမှ တဆင့် အပါအဝင် အများပြည်သူ |

## ၆.၄ အဆိုပြုလွှာ စိစစ်သည့် အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေးအတွက် အရေးကြီး မေးခွန်းများ

အဆိုပြုလွှာစိစစ်ခြင်းအဆင့်အပြီးတွင် စီမံကိန်းအဆိုပြုသူ၊ EIA ဆိုင်ရာတာဝန်ရှိသူ နှင့် စိတ်ပါဝင်စားသည့် ဆက်စပ်ပတ်သက်သူများ အနေဖြင့် အောက်ဖော်ပြပါမေးခွန်းများကို ဖြေဆိုနိုင်သင့်ပါသည်။ အဆိုပြုလွှာစိစစ်ခြင်းအဆင့်တွင် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၏ ရည်ရွယ်ချက်များ ပြည့်ဝမှု ရှိမရှိ ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေရေး လမ်းညွှန်အဖြစ် အဆိုပါ မေးခွန်းများကို အသုံးပြုရန် ရည်ရွယ်ပါသည်။

**Table 5: အဆိုပြုလွှာ စိစစ်သည့်အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင်မှု အတွက် အရေးကြီးသည့် မေးခွန်းများ**

| မေးခွန်း | သိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N) | အကြံပြု ဝေဖန်ချက် |
|---|---|---|
| စီမံကိန်းအဆိုပြုသူက ဘယ်သူလဲ၊ | | |

| | | |
|---|---|---|
| အဆိုပြုထားသည့် စီမံကိန်းကို ဘယ်သူ ငွေကြေး ထောက်ပံ့သလဲ၊ | | |
| (အကယ်၍ ခန့်အပ်ပြီးပါက) EIA အကြံပေးပုဂ္ဂိုလ်များက ဘယ်သူတွေလဲ၊ | | |
| ဘယ်လို စီမံကိန်းအမျိုးအစားနဲ့ အဆိုပြုတာလဲ၊ | | |
| စီမံကိန်းအတွက် မြေနေရာ ဘယ်လောက် လိုတာလဲ၊ အဲဒီမြေရဲ့ လက်ရှိအခြေအနေက ဘယ်လိုလဲ၊ | | |
| ဘာ အစီအစဉ်တွေ၊ မြေပုံတွေ နဲ့ ပုံကားချပ်တွေ ရနိုင်တာလဲ၊ | | |
| စီမံကိန်း၏ ဖြစ်နိုင်တဲ့ အဓိက အကြောင်းအရာများ နဲ့ သက်ရောက်မှုတွေက ဘာတွေလဲ၊ | | |
| အဆိုပြုထားတဲ့ စီမံကိန်းအတွက် ကျိုးကြောင်း ပြချက်က ဘာလဲ၊ | | |
| စီမံကိန်း တည်ဆောက်ခြင်း နဲ့ လည်ပတ်လုပ်ကိုင် ခြင်းတို့အတွက် အချိန်ကာလက အကြမ်းအားဖြင့် ဘယ်တော့လဲ၊ | | |
| စီမံကိန်းကြောင့် ထိခိုက်ခံစားရသူတွေက ဘယ်သူတွေလဲ၊ | | |
| ဆက်စပ်ပတ်သက်သူတွေက ဘယ်သူတွေလဲ၊ | | |
| ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ထည့်သွင်းစဉ်းစားတဲ့အခါ PAP နဲ့ ဆက်စပ် ပတ်သက်သူများအပြင် အခြား ဘယ်သူတွေ ကျန်သေးလဲ၊ (ဥပမာ – တိုင်းရင်းသား မျိုးနွယ်စုများ၊ အမျိုးသမီးများ၊ စသဖြင့်) | | |
| PAP နဲ့ ဆက်စပ်ပတ်သက်သူတွေကို ဘယ်လို ခွဲခြား သတ်မှတ်မလဲ၊ | | |
| ဒေသခံပြည်သူများနှင့် အဆိုပြုလွှာစိစစ်သည့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သလား၊ | | |
| အဆိုပြုတဲ့ စီမံကိန်းအပေါ် ဒေသခံပြည်သူများက ၎င်းတို့ရဲ့ အမြင်များ ဖော်ပြခွင့် ရခဲ့သလို ခံစားရ သလား၊ | | |
| နောက်တစ်ဆင့် EIA နဲ့ စီမံကိန်း ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များတွင် PAP နဲ့ အခြား ဆက်စပ် ပတ်သက်သူများ ဘယ်လို ပါဝင်ခွင့် ရနိုင်သလဲ၊ | | |
| ဒီစီမံကိန်းအတွက် EIA လုပ်ငန်းတစ်ရပ် လုပ်ဆောင်ရန် လိုအပ်၊ မလိုအပ် ဆိုတာကို EIA တာဝန်ခံက ဆုံးဖြတ်ပြီးပြီလား၊ (ဆိုလိုသည်မှာ အဆိုပြုလွှာ စိစစ်ဆုံးဖြတ်က ဘာလဲ) | | |
| အဆိုပြုလွှာ စိစစ်ဆုံးဖြတ်ချက်ကို အများပြည်သူ သိရှိအောင် ပြုလုပ်ပြီးပြီလား၊ | | |

# ၇။ အဆင့် ၂ – နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု

၇.၀.၁ အဆိုပြုလွှာစိစစ်ချိန်တွင်း အဆိုပြုထားသည့် စီမံကိန်းတစ်ရပ်ရပ်အတွက် EIA တစ်ခု လုပ်ဆောင်ရမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်နှင့် တစ်ပြိုင်နက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းမှာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း (Scoping) ဖြစ်ပါသည်။ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း သည် EIA တစ်ခု၏ လုပ်ငန်းနယ်ပယ်အတိုင်းအတာများ (ဆိုလိုသည်မှာ စီမံကိန်းအဆိုပြုလွှာတစ်ရပ်၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို အနုစပ်ဆန်းစစ်လေ့လာရန် နှင့် စုဆောင်းကောက်ယူရန် လိုအပ်သည့် ဆက်စပ် သတင်းအချက်အလက်များနှင့် စီမံကိန်း၏ ဖြစ်နိုင်သည့် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများကို ခွဲခြားသတ်မှတ်ခြင်း) နှင့် EIA အစီရင်ခံစာ တစ်ခု ပြင်ဆင်နိုင်ရန်အတွက် **တာဝန်နှင့်ဝတ္တရား (ToR)** ဖြစ်ပေါ်လာရေးတို့ကို ဆုံးဖြတ်ပေးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

၇.၀.၂ တာဝန်နှင့်ဝတ္တရားများ (ToR) မူကြမ်းတွင် EIA အစီရင်ခံစာ၌ စုံစမ်းစစ်ဆေးရန် နှင့် ဆန်းစစ်ရန် လိုအပ်သည့် အဓိက ကျသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ ပါဝင်ပါမည်။ တာဝန်နှင့်ဝတ္တရား မူကြမ်းကို EIA ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆန်းစစ်သင့်ပြီး သင့်လျော်ပါက အတည်ပြုပေးသင့်ပါသည်။ ToR မူကြမ်းကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့်အတူ ပြန်လည်ဆန်းစစ်သင့်ပါသည်။ ယင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ယနေ့ထိ ကြိုးပမ်းအားထုတ်မှုများ နှင့် EIA လုပ်ငန်းစဉ်တွင် ဆက်လက်လုပ်ဆောင်မည့် အဆင့်များအတွက် **ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး** အသေးစိပ် **အစီအစဉ်များ**ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်ပါသည်။

၇.၀.၃ အကယ်၍ ငှားရမ်းခန့်အပ်မှုများ မပြုလုပ်ရသေးပါက စီမံကိန်းအဆိုပြုသူက ဤနေရာမှစတင်ကာ EIA အကြံပေးပုဂ္ဂိုလ်အား နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း နှင့် EIA စုံစမ်းစစ်ဆေးခြင်း အဆင့်များတွင် ဆောင်ရွက်ရန် များသောအားဖြင့် စာချုပ်ချုပ်ဆိုရပါမည်။ **နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာ (Scoping Report)**၊ ToR ပြင်ဆင်ခြင်း နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်သည် စီမံကိန်း အဆိုပြုသူမှ ငှားရမ်းထားသည့် EIA အကြံပေးပုဂ္ဂိုလ်၏ တာဝန်သာဖြစ်ပါသည်။ EIA အကြံပေးပုဂ္ဂိုလ်သည် များသောအားဖြင့် EIA လုပ်ငန်းစဉ်တွင် PAP နှင့် ဆက်စပ် ပတ်သက်သူများအား အသိပေးရန်နှင့် တွေ့ဆုံနိုင်ရေး သေချာအောင်ပြုလုပ်ရန် တာဝန်ရှိပါသည်။ ဤအခန်းတွင် EIA အကြံပေးပုဂ္ဂိုလ်က လုပ်ဆောင်မည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို ရည်ညွှန်းလိုသော်လည်း ဤလုပ်ငန်းသည် စီမံကိန်းအဆိုပြုသူ၏ ကိုယ်စားဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ယေဘုယျအားဖြင့် ယင်း၏ ကိုယ်စားလှယ်အပါအဝင် ဖြစ်သည်ဟု သဘောပေါက် နားလည်ထားရမည် ဖြစ်ပါသည်။

## ၇.၁ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု၏ ရည်ရွယ်ချက်

၇.၁.၁ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၏ ရည်ရွယ်ချက်မှာ–

- ဆက်စပ်ပတ်သက်သူများအားလုံး အထူးသဖြင့် PAP နှင့် ထိခိုက်လွယ်သူ အုပ်စုများကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန်၊
- PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများကို ကောင်းစွာ အသိပေးပြီးဖြစ်ကြောင်းနှင့် စီမံကိန်း အဆိုပြုလွှာကို သိရှိပြီးဖြစ်ကြောင်း သေချာစေရန်၊
- EIA စုံစမ်းစစ်ဆေးခြင်းတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ToR ၌ အကြောင်းအရာ အခက်အခဲများ ခွဲခြားသတ်မှတ်နိုင်သည့် အခွင့်အလမ်းများ PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများ ရရှိရေး သေချာစေရန်၊

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

- EIA စုံစမ်းစစ်ဆေးခြင်းအတွက် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအစီအစဉ် ရေးဆွဲရာ၌ PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးရန်။

## ၇.၂ မျှော်မှန်းထားသော ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရေး၏ အဆင့်

၇.၂.၁ EIA အသေးစိပ် စုံစမ်းစစ်ဆေးသည့်အဆင့်တွင် မည်သည့် အချက်များ ထည့်သွင်းစဉ်းစားရမည်ကို ဆုံးဖြတ်ပေးရေးအတွက် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအဆင့်သည် အရေးကြီးပါသည်။ သို့အတွက်ကြောင့် အဆိုပါဆုံးဖြတ်ချက်များတွင် ဆက်စပ်ပတ်သက်သူများ၏ စိတ်ဝင်စားမှုများနှင့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းနိုင်ရန်အလို့ငှာ ၎င်းတို့၏ ဝေဖန်အကြံပြုချက်များ ဖြည့်တင်းနိုင်သည့် အခွင့်အလမ်းများ ရရှိရေးသည်လည်း မရှိမဖြစ်လိုအပ်ပါသည်။ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းအဆင့်တွင် မျှော်မှန်းထားသည့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အနည်းဆုံးအဆင့်မှာ ပူးပေါင်းပါဝင်ခြင်းနယ်ပယ်မှ **ဆွေးနွေးတိုင်ပင်သည့်အဆင့်** နှင့် နားလည်သဘောပေါက်သွားသောအခါ **ပါဝင်သည့်အဆင့်** (စီမံကိန်း၏ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို အတူတကွ သတ်မှတ်ခြင်း) သို့မဟုတ် **ပူးပေါင်းသည့်အဆင့်** (ဆိုလိုသည်မှာ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ် အပေါ် အများသဘောတူဆုံးဖြတ်ခြင်းရောက်သည်အထိ)ကိုပင် ရောက်ရှိပြီး အများအတည်ပြုသည့် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့် ToR ပေါ်ပေါက်လာရေး အတွက် ဦးတည်သွားကာ EIA စုံစမ်းစစ်ဆေးရေးကို ပိုမိုချောမွေ့လွယ်ကူ သွားစေနိုင်ပါသည်။ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရာ၌ အသိပေးသည့် အဆင့်မျှဖြင့် လုံလောက်ပြည့်စုံမည်မဟုတ်ပါ။ အကြောင်းရင်းမှာ PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများထံမှ တုံ့ပြန်ချက်ပေးနိုင်မည့် အခွင့်အလန်းရရှိနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

၇.၂.၂ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု အဓိပ္ပါယ်ပြည့်ဝပြီး ရည်ရွယ်ချက် ပြည့်ဝမှုရှိစေရေး သေချာစေရန် အဓိကကျသည့် အောက်ဖော်ပြပါ ရည်ရွယ်ချက် (၃)ခု ကို အောင်မြင်စွာ ရရှိရန် အလို့ငှာ ဆောင်ရွက်ရပါမည်–

၁။ PAP နှင့် ဆက်စပ်ပတ်သက်သူများကို ပထမဦးစွာ စီမံကိန်းအဆိုပြုလွှာ အကြောင်းကို အသိပေးရန် လိုအပ်ပါသည်။

၂။ အသိပေးပြီးပါက အဆိုပြုလွှာအား စဉ်းစားနိုင်ရန် သင့်လျော်သည့် အချိန်ပေးရမည်ဖြစ်ပြီး PAP နှင့် ဆက်စပ်ပတ်သက်သူများကို ၎င်းတို့အား၊ ၎င်းတို့၏ ဒေသခံများ၊ ၎င်းတို့၏ စားဝတ်နေရေး၊ ပတ်ဝန်းကျင်နှင့် အခြား ဆက်စပ်သည့် ထိခိုက်နိုင်သည့် အဓိက အခက်အခဲ အကြောင်းအရာများ အပေါ် **ဆွေးနွေး တိုင်ပင်**သင့်ပါသည်။

၃။ PAPနှင့် ဆက်စပ်ပတ်သက်သူများ အနေဖြင့် ၎င်းတို့၏ အမြင်များ ပေးခွင့်ရပြီးသောအခါ အဆိုပါ အရေးကြီးသည့် အကြောင်းရင်းများကို EIA စုံစမ်းစစ်ဆေးချိန်ကာလအတွင်း ToR မူကြမ်း နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်တွင် ထည့်သွင်းထားကြောင်း ပြန်လည်ဆန်းစစ်နိုင်ခွင့် ရရှိစေရန် ၎င်းတို့အား ပြန်လည်ရှင်းလင်း ချပြဆွေးနွေးသင့်ပါသည်။

၇.၂.၃ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး အောင်မြင်စွာ ရရှိရန် လိုအပ်သည့် အစည်းအဝေးအကြိမ်အရေအတွက် နှင့် တွေ့ဆုံဆွေးနွေးသည့် နည်းပညာအသေးစိပ် တို့သည် အဆိုပြုထားသည့် စီမံကိန်း၏ သဘောသဘာဝ၊ ယင်း၏ တည်နေရာ၊ ဆက်စပ်ပတ်သက်သူများအကြား အဆိုပြုလွှာအကြောင်း သိနားလည်သည့် အဆင့် စသည်တို့အပေါ်တွင် မူတည်ပါသည်။ ယေဘုယျအားဖြင့် PAP နှင့် ဆက်စပ်ပတ်သက်သူများ တွေ့ဆုံသည့် အကြိမ် အနည်းဆုံး နှစ်ကြိမ်ရှိသင့်ပြီး ယင်းတွင် နောက်ထပ်ပြုလုပ်ရမည့် အမျိုးသမီးများ နှင့် ထိခိုက်လွယ်သူများ၏ အမြင်များအား ပြည့်ဝစွာ စဉ်းစားပေးထားကြောင်း သေချာမှုရှိစေမည့် ဖြည့်စွက်အစည်းအဝေးများ ပါဝင်သေးပါ။ အဆိုပါ အစည်းအဝေးများသည် ဆက်စပ်ပတ်သက်သူများ အားလုံးနှင့် EIA လုပ်ငန်းစဉ်အကြား အမြဲတမ်း ယုံကြည်မှုရရှိရေး တည်ဆောက်ရာတွင် အဓိကသော့

ချက်များဖြစ်ကြပါသည်။ ယင်းကဲ့သို့ ယုံကြည်မှုမျိုးကို အစည်းအဝေးတစ်ကြိမ်သာ ပြုလုပ်ရုံဖြင့် မရရှိနိုင်ပါ။ အခြေအနေအကြောင်းချင်းရာနှင့် စီမံကိန်း အဆိုပြုသူထံ ညှိနှိုင်းတိုင်ပင်ခြင်းတို့အပေါ် အခြေခံ၍ လိုအပ်မည့် အစည်းအဝေး အရေအတွက် အတိအကျကို ဆုံးဖြတ်ပေးရန်မှာ EIA အကြံပေးပုဂ္ဂိုလ်၏ တာဝန်ပင်ဖြစ်ပါသည်။

၇.၂.၄ အစည်းအဝေးအသီးသီး မကျင်းပမီ EIA အကြံပေးပုဂ္ဂိုလ်သည် စီမံကိန်းကြောင့် သက်ရောက်နိုင်သည့် ကျေးရွာများနှင့် ဒေသခံများထံသို့ ကြိုတင်အသိပေးကြေညာစာဖြင့် ဆက်သွယ်အကြောင်းကြားသင့်ပါသည်။ ယင်းသို့အကြောင်းကြားခြင်းသည် အစည်းအဝေး နေ့ရက်မတိုင်မီ နှစ်ပတ်ခန့်ကြိုတင်ကာ အကြောင်းကြားသင့်ပါသည်။ ဆက်စပ်ပတ်သက်သူများအတွက် အဆင်ပြေသည့် အချိန်နှင့် နေရာတွင် အတူတကွ တွေ့ဆုံနိုင်ရေး လုံလောက်သည့် အချိန်ကာလပေးရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။ ပထမဆုံးကျင်းပသည့် အစည်းအဝေးသည် ဒေသခံများအား သတင်းအချက်အလက်ပေးရန် နှင့် PAP များနှင့် နောက်ထပ်ကျင်းပမည့် အစည်းအဝေးအတွက် အစီအစဉ်ရေးဆွဲရန် ဖြစ်သင့်ပါသည်။

### ၇.၂.၅ ပထမအကြိမ် တွေ့ဆုံဆွေးနွေးခြင်း

များသောအားဖြင့် အဆိုပြုထားသည့် စီမံကိန်းနှင့် နီးသောနေရာတွင် အစည်းအဝေးပုံစံဖြင့် ပထမဆုံးအကြိမ် တွေ့ဆုံရာ၌ PAP နှင့် ဆက်စပ်ပတ်သက်သူများကို (ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည့် ဖြစ်နိုင်ဖွယ်သက်ရောက်မှုများ အပါအဝင်) အဆိုပြုထားသည့် စီမံကိန်းအကြောင်း **အသိပေးရန်၊** EIA လုပ်ငန်းစဉ်၏အဓိကအချက်များကိုဖော်ပြရန်၊ (နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့်တွင် ဝေဖန်အကြံပြုချက်များ ပေးရန် တောင်းဆိုခြင်းများအပါအဝင်) ဆက်လက်ကျင်းပမည့် ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေးအစီအစဉ်တို့ကို ရှင်းပြရန် ဖြစ်ပါသည်။ အဆိုပါ အချက်အလက်များကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း ဆောင်ရွက်စဉ်အချိန်အတွင်း သို့မဟုတ် ယင်းအဆင့်ထက်စောစွာ ပေးထားခဲ့ပြီးပါက နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအဆင့်၏ အစပိုင်းများတွင် နောက်ဆုံး အခြေအနေရှိ သတင်းအချက်အလက်များကို ရှင်းလင်းပြသင့်ပါသည်။ ပထမဆုံးအကြိမ် အစည်းအဝေးတွင် စီမံကိန်းကြောင့် ထိခိုက်နိုင်ဖွယ်ရှိသည့် ကျေးရွာနှင့် နယ်ပယ်ဧရိယာအတွင်းရှိ ဒေသခံအဖွဲ့ ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုများ၏ ကိုယ်စားလှယ်များ သို့မဟုတ် အခြား ထိခိုက်လွယ်သူ အုပ်စုများနှင့် ဒေသအာဏာပိုင်များ ပါဝင်သင့်ပါသည်။ ဤပထမဆုံးအကြိမ် အစည်းအဝေးသည် EIA အကြံပေးပုဂ္ဂိုလ်အား အနာဂတ်တွင် မည်သူ့ကို ဆွေးနွေးတိုင်ပင်သင့်ကြောင်းနှင့် မည်သည့် အချက်အလက်များ ထုတ်ပြန်ပြောဆိုရမည်ဖြစ်ကြောင်းကို ခွဲခြားရာတွင် အထောက်အကူဖြစ်စေပါသည်။

### ၇.၂.၆ ဒုတိယ အကြိမ် (နှင့် နောက်ဆက်တွဲ) တွေ့ဆုံဆွေးနွေးပွဲများ

ဒုတိယအကြိမ်နှင့် နောက်ဆက်တွဲ တွေ့ဆုံဆွေးနွေးပွဲများသည် – အုပ်စုဖွဲ့ ဆွေးနွေးခြင်းကဲ့သို့ အခြားနည်းလမ်းများ သို့မဟုတ် အစည်းအဝေးစသည့် နည်းလမ်းများဖြင့် – နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာတွင် PAP နှင့် အခြားဆက်စပ် ပတ်သက်သူများထံမှ စိုးရိမ်ပူပန်မှုများနှင့် အခက်အခဲ အကြောင်းအရာများကို မေးမြန်းရန်နှင့် အစီရင်ခံစာမူကြမ်းကို ရှင်းလင်းပြရန်နှင့် ယင်းအပေါ် တုံ့ပြန်ချက်များရရှိရန် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးများသည် အောက်ခြေအဆင့်တွင် ကျင်းပရမည်ဖြစ်ပြီး EIA လုပ်ငန်းစဉ်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်တို့နှင့် ပတ်သက်၍ PAPများကို အသေးစိတ် အချက်အလက်များဖြင့် ထုတ်ပြန် ဆွေးနွေးရပါမည်။ ထို့အပြင် ဤအစည်းအဝေးများသည် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအား မေးခွန်းများ မေးမြန်းစေခြင်းနှင့် EIA စုံစမ်းစစ်ဆေးစဉ်တွင် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် စီမံကိန်းနှင့် ပတ်သက်သော အကြောင်းအရာများနှင့် စိုးရိမ်ပူပန်မှုများ ဖော်ပြစေခြင်းတို့ကို ခွင့်ပြုဆောင်ရွက်ရပါမည်။ ယင်းသို့ ပြုလုပ်ခြင်းသည် အမျိုးသမီးများနှင့် ထိခိုက်လွယ်သူ အုပ်စုများနှင့် သီးခြား တွေ့ဆုံရန် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်း ရရှိနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် ဤအစည်းအဝေးများသည် EIA စုံစမ်းစစ်ဆေးခြင်းအတွက် ToR မူကြမ်း နှင့် ပြည်သူလူထု ပူးပေါင်း

ပါဝင်ဆောင်ရွက်ရေး အစီအစဉ်များကို ဒေသခံပြည်သူများက ပြန်လည်ဆန်းစစ်နိုင်ရန် နှင့် တုံ့ပြန်ချက်များ ပေးနိုင်ရန် ရှင်းလင်း ဆွေးနွေးရပါမည်။

၇.၂.၇ နယ်ပယ်အတိုင်းအတာသတ်မှတ်သည့်အဆင့်တွင် ဤအစည်းအဝေးများသည် အကြံဉာဏ်များနှင့် အချက်အလက်များ ဖလှယ်ရန်ဖြစ်ပါသည်။ အသေးစိပ် ဆန်းစစ်ခြင်း တစ်ရပ် မပြုလုပ်မီ နယ်ပယ်အတိုင်း အတာသတ်မှတ်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်တွင် PAP ထံမှ ဒေသ ပတ်ဝန်းကျင် တန်ဖိုးများနှင့် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များရရှိရန် ယင်းကို အသုံးပြုနိုင်ပါသည်။ အဆိုပါစကားရပ်တွင် စီမံကိန်းကြောင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို ထိခိုက်နိုင်သည့် ဖြစ်နိုင်ဖွယ် ဘေးအန္တရာယ်များ သို့မဟုတ် ဒေသတွင်မည်သည့် အပင်များနှင့် တိရစ္ဆာန်များ ကျက်စားနေကြောင်း သိရှိနိုင်ရန်တို့လည်းပါဝင်ပါသည်။

**Table 6: နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း တွေ့ဆုံမှုအကျဉ်း**

| | **ဘယ်သူပါဝင်သင့်သလဲ၊** | **တွေ့ဆုံပွဲ အစီအမံများကို ဘယ်သူ တာဝန်ယူသင့်သလဲ** | **ရရှင်သော ရလဒ်က ဘာတွေလဲ** |
|---|---|---|---|
| **ပထမအကြိမ် တွေ့ဆုံဆွေးနွေးခြင်း (နယ်ပယ် အတိုင်းအတာ သတ်မှတ်ခြင်း ၏ အစပိုင်း)** | PAP နှင့် အခြား ဆက်စပ် ပတ်သက်သူများ<br><br>အမျိုးသမီးများနှင့် ထိခိုက်လွယ်သူ အုပ်စုများ ပါဝင်လာရေးအတွက် အထူး အလေးထားခြင်း၊<br><br>ဆက်စပ် ဒေသအာဏာပိုင်များ<br><br>စီမံကိန်း အဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်<br><br>ဘာသာပြန်ဆိုသူ/များ | EIA အကြံပေးပုဂ္ဂိုလ် နှင့် ဒေသခံ ပြည်သူအဖွဲ့ ခေါင်းဆောင်များ ညှိနှိုင်းပေါင်းစပ်ခြင်း | စီမံကိန်းအဆိုပြုလွှာဆိုင်ရာ အချက်အလက်များအား PAP နှင့် ဆက်စပ်ပတ်သက်သူများကို **အသိပေးရန်**<br><br>EIA လုပ်ငန်းစဉ်အား PAP နှင့် ဆက်စပ်ပတ်သက်သူများကို **အသိပေးရန်**<br><br>နောက်တစ်ကြိမ် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစည်းအဝေး အတွက် ရက်သတ်မှတ်ရန်၊ |

| | | | |
|---|---|---|---|
| **ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေး ခြင်း** | PAP နှင့် အခြားဆက်စပ် ပတ်သက်သူများ<br><br>ဒေသ အာဏာပိုင်များ<br><br>စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်<br><br>ဘာသာပြန်ဆိုသူ/များ<br><br>ဤအစည်းအဝေးသည် အမျိုးသား အတွက် နှင့် အမျိုးသမီးအတွက် (အမျိုးသမီး ပံ့ပိုးကူညီသူ ဖြင့်) သီးခြား အစည်းအဝေးများ အနေဖြင့် လည်းကောင်း၊ ၎င်းတို့ စုပေါင်းပါဝင်သည့် အစည်းအဝေး အနေဖြင့် လည်းကောင်း ကျင်းပသင့် ပါသည်။ | EIA အကြံပေးပုဂ္ဂိုလ် နှင့် ဒေသခံ ပြည်သူများ ၏ ကိုယ်စားလှယ်တို့ ပူးပေါင်း ဆောင်ရွက်ခြင်း | ToR တွင် ပါဝင်သင့်သည့် အကြောင်းအရာများအပေါ် PAP နှင့် အခြား ဆက်စပ် ပတ်သက်သူများထံမှ ကနဦး တုံ့ပြန်ချက် နှင့် အကြံဉာဏ်များ ဖော်ထုတ်ရန် (ဥပမာ **တိုင်ပင် ဆွေးနွေးခြင်း**)<br><br>အနာဂတ်ကာလတွင် ကျင်းပမည့် အစည်းအဝေးများ နှင့် သတင်းအချက်အလက် များ ပံ့ပိုးခြင်း တို့ပါဝင်မည့် အဆိုပြုထားသည့် **ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း အစီအစဉ်**ကို PAP အား **အသိပေးရန် နှင့် တိုင်ပင်ဆွေးနွေးရန်** |
| **နောက်ဆက်တွဲ တွေ့ဆုံဆွေးနွေး ခြင်း** | အောက်ခြေအဆင့်ရှိ PAP နှင့် CSO များ<br><br>စီမံကိန်း သို့မဟုတ် ဧရိယာ တွင် စိတ်ပါဝင်စားသည့် နိုင်ငံအဆင့် NGO များနှင့် သွယ်ဝိုက်ကာ ထိခိုက်ခံစား ရသူများ ပါဝင်ပါသည်။<br><br>ဒေသအာဏာပိုင်များ<br><br>စီမံကိန်း အဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်<br><br>ဘာသာပြန်ဆိုသူ/များ | EIA အကြံပေးပုဂ္ဂိုလ် နှင့် ဒေသခံပြည်သူများ ၏ ကိုယ်စားလှယ်များ | **ToR** မူကြမ်းကို ရှင်းလင်းဆွေးနွေးခြင်းဖြင့် PAP နှင့် အခြား ဆက်စပ် ပတ်သက်သူများအတွက် စိုးရိမ်ပူပန်မှုများ၏ အကြောင်း အရာများ ပါဝင်မှုရှိမရှိ အပေါ် တုံ့ပြန်ချက်များ ရယူခြင်း (ဥပမာ – **ဆွေးနွေးတိုင်ပင်ခြင်း**) |

၇.၂.၈ ဤအစည်းအဝေးများ စီစဉ်ခြင်းနှင့် ကျင်းပခြင်း ကုန်ကျစရိတ်သည် EIA အကြံပေးပုဂ္ဂိုလ်၏ လုပ်ငန်း တာဝန်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်သည်လည်း စာချုပ်တွင် စီမံကိန်း အဆိုပြုသူက အဆိုပါ ကုန်ကျစရိတ် များကို ထည့်တွက်ထားကြောင်း သေချာမှုရှိစေရပါမည်။ ယင်းကုန်ကျစရိတ်တွင် ခန်းမငှားရမ်းခြင်း၊ အချက်အလက်များနှင့် စာရွက်စာတမ်းများ ပံ့ပိုးခြင်း၊ အစိုးရ တာဝန်ရှိသူများ သို့မဟုတ် အခြား တက်ရောက်သူများ တက်ရောက်ခြင်း နှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များ နှင့် ဧည့်ခံကုန်ကျ စရိတ် စသည်တို့ ပါဝင်ပါသည်။

၇.၂.၉ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ နှင့် အပြီးသတ် ToR ကို သင့်လျော်သည့် နေရာတွင် EIA အကြံပေးပုဂ္ဂိုလ်၏ အတည်ပြုချက်ဖြင့် စီမံကိန်း အဆိုပြုသူက အများပြည်သူသိရှိအောင် ပြုလုပ်ပေးရမည်ဖြစ်ပါသည်။ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာတွင် EIA စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း PAP နှင့် ဆက်စပ်ပတ်သက်သူများအား **အသိပေးရန်** နှင့် **ဆွေးနွေးတိုင်ပင်ရန်** စီမံကိန်း အဆိုပြုသူ (နှင့် ၎င်း၏ EIA အကြံပေးပုဂ္ဂိုလ်)က အသုံးပြုမည့် **ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်** တစ်ရပ်လည်း ပါဝင်သင့်ပါသည်။ ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ် နမူနာ ကို နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။

## ၇.၃ ထုတ်ပြန်ပေးရမည့်သတင်းနှင့် ကောက်ခံ စုစည်းရမည့် အချက်အလက်

၇.၃.၁ သတင်းအချက်အလက်အနေဖြင့် စီမံကိန်း၏ နယ်ပယ်အတိုင်းအတာ၊ အရွယ်အစားနှင့် အမျိုးအစားတို့ကို ရှင်းလင်းစွာ ထုတ်ပြန်ပေးသင့်ပါသည်။ ယင်းစကားရပ်တွင် မြေပုံများ၊ ရေးဆွဲထားသည့်ပုံများ၊ ရုပ်ပုံကားချပ်များနှင့် အခြား မြင်လွယ်သည့် အချက်အလက်များလည်း ပါဝင်သင့်ပါသည်။ ဒေသခံများနားလည်လွယ်ကူစေသည့် နည်းလမ်းများဖြင့် စီမံကိန်း၏ အသေးစိပ်အချက်အလက်များကို ရှင်းပြသင့်ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ဒေသခံတစ်ဖွဲ့မှ အခြားတစ်ဖွဲ့တွင်လည်းကောင်း၊ တစ်နေရာမှ အခြားတစ်နေရာတို့တွင်လည်းကောင်း ကွဲပြားနိုင်ပါသေးသည်။

၇.၃.၂ သတင်းအချက်အလက်သည် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများ နားလည်ရန်လွယ်ကူသည့် ပုံစံဖြင့်**ကိုက်ညီသင့်လျော်သင့်ပါသည်**။ ဆိုလိုသည်မှာ နည်းပညာဆိုင်ရာ စာရွက်စာတမ်းများကို ရိုးရှင်းသည့် ဒေသသုံးဘာသာစကား၊ ဝေါဟာရများဖြင့် ရှင်းပြခြင်းဖြစ်ပါသည်။ ဒေသခံ ပြည်သူများ နောက်ထပ်ဆွေးနွေးရန် ယင်းတို့ထံ၌ ပေးထားခဲ့သင့်သည့် မြေပုံများ၊ ပုံစံကားချပ်များ၊ လက်ကမ်းစာစောင်များ နှင့် အခြားအရေးကြီးသည့် အချက်အလက်များနှင့် စာရွက်စာတမ်းများကို ဆိုလိုပါသည်။

၇.၃.၃ အဆိုပါ အချက်အလက်များကို အင်တာနက်တွင် တင်ထားသင့်ပြီး၊ ထိုနည်းတူ ဒေသအာဏာပိုင်ရုံးများ၊ EIA ဆိုင်ရာ တာဝန်ခံရုံး နှင့် ဒေသခံပြည်သူ ကိုယ်စားလှယ်များထံတွင် အခြားဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူတို့ အလွယ်တကူ လက်လှမ်းမီအောင် ပြုလုပ်ပေးသင့်ပါသည်။ လိုအပ်ပါက ဒေသခံပြည်သူများ၏ ပြင်ပနယ်ပယ်ရှိ အခြားသူများလည်း လက်လှမ်းမီအောင် ဖြန့်ဝေပေးနိုင်ရန် PAPအား ပံ့ပိုးပေးသည့် စာရွက်စာတမ်းများအားလုံးကို အများပြည်သူdomain တွင်ရှိသော အချက်အလက်များနှင့် တပြေးညီဖြစ်စေသင့်ပါသည်။ သိပ္ပံပညာနှင့် နည်းပညာရပ်ဆိုင်ရာ အချက်အလက်များကို ရှင်းပြရန် တောင်းဆိုလာပါက EIA အကြံပေးပုဂ္ဂိုလ်သည် သင့်လျော်သည့် ပညာရှင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံနိုင်ရန် စီမံဆောင်ရွက်ပေးသင့်ပါသည်။

၇.၃.၄ အရေးကြီးသည့် အကြောင်းအရာအချို့အား EIA အကြံပေးပုဂ္ဂိုလ်က အစည်းအဝေးတွင် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အဆင့် ဆောင်ရွက်စဉ် ရှင်းလင်းပြောဆိုရာ၌ အောက်ဖော်ပြပါ အချက်များ ပါဝင်ရပါမည်-

- စီမံကိန်း အဆိုပြုလွှာ အကြောင်း ဖော်ပြချက်၊ နောက်ခံသမိုင်း၊ ကျိုးကြောင်းဖော်ပြချက်၊ အကျိုးကျေးဇူးများ၊ နယ်နိမိတ်များနှင့် ကန့်သတ်ချက်များ၊
- အခြားဆောင်ရွက်နိုင်မည့် တည်နေရာ၊ အရွယ်အစား၊ နည်းပညာများ သို့မဟုတ် လည်ပတ်လုပ်ကိုင်မည့် အစီအမံများ အပါအဝင် စီမံကိန်းအဆိုပြုလွှာ၏ အခြားဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊
- (တည်ဆောက်ခြင်းမတိုင်မီ လုပ်ငန်းများအပါအဝင်) အဆိုပြုထားသည့် စီမံကိန်း၏ ဆောင်ရွက်မှုအဆင့်များ နှင့် တည်ဆောက်ခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့၏ ခန့်မှန်းအချိန်ကာလများ၊
- (အလားတူစီမံကိန်းများနှင့် ဒေသအပေါ် နားလည်ထားသည့် ဗဟုသုတများကို အခြေခံကာ) အဓိက စိုးရိမ်ပူပန်မှုများ၊
- EIA လုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်များ၊

- တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ၊
- ထိရှလွယ်သည့် သို့မဟုတ် အရေးကြီးသည့် နေရာဒေသများ၊
- လိုအပ်သည့် မြေဧရိယာနှင့် ဖြစ်နိုင်ဖွယ် ပြန်လည်နေရာချထားမှု၊
- အဓိက ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ၊
- ဖြစ်နိုင်ဖွယ် ပတ်ဝန်းကျင်ထိခိုက်မှု ရှောင်ရှားခြင်း၊ လျော့နည်းစေခြင်း နှင့် စီမံခန့်ခွဲခြင်း နည်းလမ်းများကို ခွဲခြားသတ်မှတ်ခြင်း၊
- PAP နှင့် အခြားဆက်စပ်ပတ်သက်သူများကို ခွဲခြားသတ်မှတ်ခြင်း၊
- ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်၊
- ToR မူကြမ်း၊

**Table 7: နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့် – လိုအပ်သည့် သတင်းနှင့် ထုတ်ပြန်ပေးရမည့် အချက်အလက်များ**

| ဘယ်လိုအချက်အလက်မျိုး ပံ့ပိုးပေး သင့်သလဲ၊ | အချက်အလက်ပေးဖို့ ဘယ်သူက တာဝန်ယူမှာလဲ၊ | အချက်အလက်ကို ဘယ်သူတွေ က လက်လှမ်းမီသင့် သလဲ |
|---|---|---|
| မြေပုံများ၊ အစီအစဉ်ကြမ်းများ နှင့် အခြား ရနိုင်သည့် အချက်အလက်များ အပါအဝင် စီမံကိန်း၏ အဓိက ဖော်ပြချက်<br><br>တည်ဆောက်ခြင်းအတွက် အသေးစိပ် အချိန်ကာလ နှင့် (ယေဘုယျအားဖြင့်) ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ၏ အဓိက ဖော်ပြချက် | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများ၊ PAP၊ CSOs၊ အစိုးရဌာနများ၊ မီဒီယာများ |
| စီမံကိန်း အဆိုပြုလွှာ နှင့် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့် ပတ်သက်သည့် သိပ္ပံပညာရပ်ဆိုင်ရာ သို့မဟုတ် နည်းပညာ အချက်အလက်များ | EIA အကြံပေးပုဂ္ဂိုလ်သည် ကျွမ်းကျင်ပညာရှင်များနှင့် ဘာသာပြန်ဆိုသူများကို ပါ စီစဉ်ပေးသင့်ပါသည်။ | ယင်းကဲ့သို့ အချက်အလက်များ တောင်းဆိုသည့် မည်သည့် PAP ၊ ဆက်စပ်ပတ် သက်သူ သို့မဟုတ် အစိုးရဌာန တာဝန်ရှိသူ အတွက်မဆို၊ |
| ဒေသခံပြည်သူများ၊ CSOs၊ နှင့် အစိုးရ ဌာနအဖွဲ့အစည်းများမှ ကနဦး ဝေဖန်ချက်များ | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများအား ၎င်းတို့၏ ကနဦး ဝေဖန်ချက်များ အပေါ် စာဖြင့်ရေးသားထားသည့် တုံ့ပြန်ချက်များနှင့် ချေပမှုများကို ပြုလုပ်ပေးသင့်ပါသည်။ |
| နယ်ပယ်အတိုင်းအတာသတ်မှတ် ခြင်း အစီရင်ခံစာ၊ ToR နှင့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ် မူကြမ်းများ | ဒေသခံပြည်သူများနှင့် ဆွေးနွေး နိုင်ရန်အတွက် အဆိုပါ စာရွက်စာ တမ်းများကို EIA အကြံပေး ပုဂ္ဂိုလ် က ပြင်ဆင် ဖြန့်ဝေ ပေးသင့်ပါသည်။ | ဒေသခံပြည်သူများ (PAP ၊ အခြား ဆက်စပ်ပတ်သက်သူ များ) နှင့် ဒေသအာဏာပိုင်များ၊<br><br>EIA ဆိုင်ရာ တာဝန်ရှိသူများ၊ |
| အတည်ပြုထားသည့် နယ်ပယ် အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ၊ ToR နှင့် | EIA အကြံပေးပုဂ္ဂိုလ်<br><br>EIA ဆိုင်ရာ တာဝန်ရှိသူ | အများပြည်သူ |

| | | |
|---|---|---|
| ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ် | | |

## ၇.၄ နယ်ပယ်အတိုင်းအတာသတ်မှတ်သည့်အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အတွက် အရေးကြီးသည့် မေးခွန်းများ

နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း၏ အပြီးသတ်အဆင့်တွင် အောက်ဖော်ပြပါ မေးခွန်းများကို စီမံကိန်း အဆိုပြုသူ၊ EIA အကြံပေးပုဂ္ဂိုလ်၊ EIA ဆိုင်ရာ တာဝန်ရှိသူ၊ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများက ဖြေဆိုနိုင်သင့်ပါသည်။ ဤအရေးကြီးသည့် မေးခွန်းများကို နယ်ပယ်အတိုင်းအတာသတ်မှတ်သည့်အဆင့်တွင် ပူးပေါင်းပါဝင်ရေး ရည်ရွယ်ချက် ပြည့်ဝမှုရှိမရှိ ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေသည့် ညွှန်ကြားချက် တစ်ရပ်ကဲ့သို့ အသုံးပြုရန် ရည်ရွယ်ပါသည်။

**Table 8: နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသည့် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ**

| မေးခွန်း | သိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N) | မှတ်ချက် |
|---|---|---|
| နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း နှင့် တာဝန်နှင့် ဝတ္တရားများကို ဘယ်သူက ပြင်ဆင်တာလဲ၊ | | |
| စုံစမ်း စစ်ဆေးရန် လိုအပ်သည့် စီမံကိန်းကြောင့် ထိခိုက် စေနိုင်သော အဓိက အကြောင်းအရာများနှင့် သက်ရောက်မှုများ အားလုံး ToR တွင် ပါဝင်ပါသလား၊ | | |
| စီမံကိန်းအဆိုပြုလွှာ၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ နှင့် တည်နေရာ တို့ကို ရှင်းရှင်းလင်းလင်း ခွဲခြားနိုင်ပါသလား၊ | | |
| စီမံကိန်းအတွက် မြေဧရိယာ ဘယ်လောက်လိုအပ်တာလဲ၊ အဲဒီမြေရဲ့ လက်ရှိအခြေအနေက ဘာလဲ၊ | | |
| ဘာ အစီအစဉ်တွေ၊ မြေပုံတွေ နဲ့ ရုပ်ပုံကားချပ်တွေကို ပေးနိုင်သလဲ၊ | | |
| စီမံကိန်းကို ဘယ်သူက ရန်ပုံငွေထောက်ပံ့တာလဲ၊ | | |
| စီမံကိန်းရဲ့ တည်ဆောက်ရေး နှင့် လည်ပတ်လုပ်ကိုင်ရေး အချိန် ကာလသတ်မှတ်ချက်က ဘယ်တော့လဲ၊ တည်ဆောက်ရေးက ဘယ်လောက်ကြာမလဲ၊ | | |
| ဒီအဆင့်ရဲ့ အစပိုင်းမှာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း ကနဦးအစည်းအဝေးတစ်ရပ်ကျင်းပခဲ့လား၊ | | |
| ToR ထဲမှာ အဓိက အကြောင်းအရာများ နှင့် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ ပါဝင်ရေးအပေါ် ဒေသခံပြည်သူများ၏ အမြင်များ ဖော်ထုတ်ရန် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သလား၊ | | |
| မူကြမ်းတွေအပေါ် တုံ့ပြန်ချက်များ ရရှိအောင် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာ မူကြမ်း၊ ToR မူကြမ်းနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ် မူကြမ်းတွေကို ရှင်းလင်းဆွေးနွေးဖို့ နယ်ပယ် အတိုင်းအတာသတ်မှတ်ခြင်း အစည်းအဝေးတစ်ရပ် ကျင်းပ ခဲ့သလား၊ | | |

| | | |
|---|---|---|
| နယ်ပယ်အတိုင်းအတာသတ်မှတ်သည့် အဆင့်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ရေး လုပ်ငန်းစဉ်၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှစ်မျိုးလုံးဖြင့် ထိခိုက်နိုင်တဲ့ PAP နဲ့ အခြား ဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်ခဲ့လား၊ | | |
| PAP၊ ဆက်စပ်ပတ်သက်သူများ နှင့် အများပြည်သူရဲ့ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်တွေနဲ့ ဆက်စပ်တဲ့ အဓိက အကြောင်းအရာတွေ၊ စိုးရိမ်ပူပန်မှုတွေ နဲ့/ဒါမှမဟုတ် လိုလားချက်တွေက ဘာတွေလဲ၊ | | |
| ဒီအဆင့်မှာ ပြည်သူလူထု၏ ဝေဖန်အကြံပြုချက်တွေကို ထည့်သွင်း စဉ်းစားထားလား၊ အဲလို စဉ်းစားထားတာတွေကို ပြန်ရှင်းပြသေးလား၊ | | |
| ဖြေရှင်းမရသေးတဲ့ အဓိက အကြောင်းအရာတွေက ဘာတွေလဲ၊ ပြီးတော့ အဲဒါတွေကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ ဒါမှမဟုတ် ToRမှာ ထည့်သွင်းဖြေရှင်းထားလား၊ | | |
| EIA စုံစမ်းစစ်ဆေးခြင်းအတွက် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ နဲ့ ToR မူကြမ်းထဲမှာ စီမံကိန်းရဲ့ အခြားဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေပါလား၊ | | |
| EIA လုပ်ငန်းစဉ်ရဲ့ ကျန်တဲ့လုပ်ငန်းတွေကို လမ်းညွှန်နိုင်ဖို့ အံဝင်ခွင်ကျ စီမံထားတဲ့ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်တစ်ရပ် ပြင်ဆင်ရေးဆွဲထားလား၊ | | |
| ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး နောက်တစ်ဆင့်မှာ PAP နဲ့ အခြားဆက်စပ်ပတ်သက်သူတွေ ပါဝင်လာနိုင်အောင် ဘယ်လိုလုပ်မလဲ၊ | | |
| အတည်ပြုထားတဲ့ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း နဲ့ ToR ကို အများပြည်သူ လက်လှမ်းမီသိရှိအောင် လုပ်ခဲ့သလား၊ | | |

## ၈။ အဆင့် ၃ – EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်းတွင် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး

၈.၀.၁ EIA ဆိုင်ရာ တာဝန်ရှိသူက နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့် ToR ကို အတည်ပြုပေးလိုက်သည်နှင့် သတင်းအချက်အလက်များ ကောက်ခံစုစည်းခြင်းလုပ်ငန်းနှင့် EIA အစီရင်ခံစာ ပြင်ဆင်ခြင်းတို့ စတင်ဆောင်ရွက်ပါသည်။ ဤအဆင့်တွင် EIA အကြံပေးပုဂ္ဂိုလ်သည် အဓိက တာဝန်ရှိသူဖြစ်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်အတိုင်း ထိရောက်သည့် ပူးပေါင်းပါဝင်မှုဖြစ်စေရေးနှင့် အထူးသဖြင့် PAP၊ အမျိုးသမီးများနှင့် ထိခိုက်လွယ်သူ အုပ်စုများက စီမံကိန်းအကြောင်း၊ ယင်း၏ အကျိုးဆက်များနှင့် EIA လုပ်ငန်းစဉ်ကို နားလည်စေရေး ဆောင်ရွက်ရပါသည်။

၈.၀.၂ နယ်ပယ်အတိုင်းအတာသတ်မှတ်သည့် အဆင့်အရ အောက်ဖော်ပြပါ အချက်များရရှိသင့်ပါသည်–

- ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေခံ ကိန်းဂဏာန်းအချက်အလက်များ ပြုစုခြင်း၊
- သက်ရောက်မှုများနှင့် စီမံကိန်းက အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ခွဲခြားသတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊
- ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး နှင့် ထိခိုက်မှု လျှော့ချရေး အစီအစဉ် (EMMP) တစ်ရပ်ရေးဆွဲခြင်း နှင့်
- အနုစိပ်လေ့လာခြင်း၊ အဆိုပြုထားသည့် ချဉ်းကပ်မှုနည်းလမ်းနှင့် တွေ့ရှိချက်များကို EIA အစီရင်ခံစာ မူကြမ်းတွင် အခြား ဆက်စပ်ပတ်သက်သူများက စဉ်းစားဆင်ခြင်နိုင်ရေးအတွက် ရေးသားပြုစုခြင်း။

## ၈.၁ EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်းတွင် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၏ ရည်ရွယ်ချက်

၈.၁.၁ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် အချက်အလက်များ ကောက်ခံစုစည်းခြင်း တစ်လျှောက်လုံးနှင့် EIA စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်များအတွင်း အောက်ဖော်ပြပါ အချက်များ ရရှိရေးအတွက် အရေးကြီးပါသည်–

- စုံစမ်းစစ်ဆေးခြင်းကို ထိထိရောက်ရောက် လုပ်ဆောင်ရန် အောက်ခြေအဆင့် အမြင်များအပါအဝင် သင့်လျော်ကိုက်ညီမှုအရှိဆုံး အချက်အလက်များအား EIA အကြံပေးပုဂ္ဂိုလ်အနေဖြင့် လက်လှမ်းမီ ရရှိနိုင်ပါသည်၊
- အနုစိပ်လေ့လာခြင်းတွင် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအနေဖြင့် ၎င်းတို့၏ အယူအဆများနှင့် မျှော်လင့်ချက်များကို ပံ့ပိုးပါဝင်စေပါသည်။
- PAP နှင့် အခြားဆက်စပ်ပတ်သက်သူများကို အမြဲတမ်း အသိပေးနိုင်ပါသည်။
- PAP နှင့် အခြားဆက်စပ်ပတ်သက်သူများက အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အဆိုပြုနိုင်ပြီး သင့်လျော်သည့် သက်ရောက်မှု ရှောင်ရှားခြင်း၊ စီမံခန့်ခွဲခြင်း၊ ထိခိုက်မှုလျှော့ချခြင်း၊ လျော်ကြေးပေးခြင်း နှင့် ပြန်လည်နေရာချထားခြင်းဆိုင်ရာ နည်းလမ်းများကို အကြံပြုပေးနိုင်ပါသည်။
- အမျိုးသမီးများနှင့် ထိခိုက်လွယ်သူ အုပ်စုများ၏ သီးခြားလိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ခွဲခြားသတ်မှတ်ပြီး ထည့်သွင်းစဉ်းစားနိုင်ပါသည်။
- ဆက်စပ်ပတ်သက်သူများအကြား အပြုသဘောဆောင်သည့် အပြန်အလှန် ချိတ်ဆက်မှုများကို ပြုလုပ်နိုင်ပါသည်။

၈.၁.၂ စုစည်းကောက်ခံထားသည့် အချက်အလက်များအပေါ် အခြေခံကာ EIA အကြံပေးပုဂ္ဂိုလ်သည် EIA အစီရင်ခံစာကို ပြုစုပါမည်။ မူကြမ်းပြင်ဆင်ပြီးပါက EIA အကြံပေးပုဂ္ဂိုလ်အနေဖြင့် EIA ဆိုင်ရာ တာဝန်ရှိသူများနှင့် PAP နှင့် ဆက်စပ်ပတ်သက်သူများ အားလုံးထံမှ EIA အစီရင်ခံစာမူကြမ်းအပေါ် တုံ့ပြန်အကြံပြုချက်များ ရယူသင့်ပါသည်။ အစည်းအဝေး အနည်းဆုံး တစ်ကြိမ်ကျင်းပ ဆောင်ရွက်

သင့်ပြီး ယင်းတွင် EIA အကြံပေးပုဂ္ဂိုလ်အနေဖြင့် အစီရင်ခံစာမူကြမ်းကို ရှင်းလင်းတင်ပြပြီး ဝေဖန်ချက်များ ပေးနိုင်မည့် အခွင့်အလမ်းများကိုပါ ပေးသင့်ပါသည်။ EIA အစီရင်ခံစာအား EIA ဆိုင်ရာ တာဝန်ရှိသူများထံ ပြန်လည်ဆန်းစစ်ရန်နှင့် ဆုံးဖြတ်ချက်ပေးနိုင်ရန် ပုံမှန် တင်ပြခြင်းမပြုမီ EIA အစီရင်ခံစာ မူကြမ်းကို အဆိုပါ ဝေဖန်ချက်များနှင့် PAP နှင့် ဆက်စပ်ပတ်သက်သူများက တင်ပြလာသည့် အကြောင်းအရာများ ထည့်သွင်းကာ ပြန်လည်မွမ်းမံပြင်ဆင်သင့်ပါသည်။

၈.၁.၃ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် EIA စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်းအဆင့်တွင် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီပြီး မွမ်းမံပြင်ဆင်ထားကြောင်း သေချာစေရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်–

- ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များနှင့် အမျိုးသမီးများ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြား ထိခိုက်လွယ်သူ အဖွဲ့များ၏အမြင်များ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေခံအချက်အလက်များ၊
- ကောင်းမွန်သော စီမံကိန်း ဒီဇိုင်းဖြစ်ကြောင်း အသိပေးရန် စီမံကိန်းမှ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊
- (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ) သက်ရောက်မှု နှစ်မျိုးလုံး၊
- ထိခိုက်မှု ရှောင်ရှားခြင်း၊ လျှော့ချခြင်း နှင့် စီမံခန့်ခွဲခြင်း မဟာဗျူဟာများ၏ ဖြစ်နိုင်မှုများ၊
- ဒေသန္တရ ဗဟုသုတများနှင့် အလေ့အကျင့်များ၊
- PAP နှင့် ဆက်စပ်ပတ်သက်သူများ၏ အကြံပြုချက်များ၊
- ဒေသခံပြည်သူများထံမှ မကျေနပ်ချက်များ၊ ဝေဖန်ချက် နှင့် တုံ့ပြန်မှုများ၊ နှင့်
- ဒေသခံများ၏ သဘောတူညီချက် အပါအဝင် ပြန်လည်နေရာချထားရေး လုပ်ငန်းအစီအစဉ် မူကြမ်းနှင့် အဆိုပြုထားသည့် လျော်ကြေးပေးဆောင်မှု ဆိုင်ရာ တုံ့ပြန်မှုများ၊

## ၈.၂ မျှော်မှန်းထားသည့် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအဆင့်

၈.၂.၁ EIA စုံစမ်းစစ်ဆေးခြင်းအဆင့်တွင် အောက်ဖော်ပြပါ သဘောတရားများအတိုင်း ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်–

- EIA လုပ်ဆောင်ခြင်းအတွက် အတည်ပြုထားသည့် ToR (နှင့်/သို့မဟုတ် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာ) တွင် ပါသော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊
- လုပ်ငန်းတိုးတက်မှုအဆင့်ဆင့်နှင့် တွေ့ရှိချက်များကို PAP နှင့် ဆက်စပ်ပတ်သက်သူများအား စဉ်ဆက်မပြတ် **အသိပေးနေခြင်း၊**
- စုံစမ်းစစ်ဆေးခြင်း မပြီးစီးသေးမီနှင့် EIA အစီရင်ခံစာအား အပြီးသတ် ပြင်ဆင်မပြီးမီ PAP နှင့် ဆက်စပ်ပတ်သက်သူများနှင့် **ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပါဝင်စေခြင်း၊** (ဖြစ်နိုင်ပါက **ပူးပေါင်းဆောင်ရွက်ခြင်း**)

၈.၂.၂ EIA စုံစမ်းစစ်ဆေးခြင်းအဆင့်တွင် အနည်းဆုံး မျှော်မှန်းထားသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအဆင့်များမှာ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးနယ်ပယ်များမှ **အသိပေး၊ ဆွေးနွေးတိုင်ပင် နှင့် ပါဝင်သည့် အဆင့်များ** နှင့် (စီမံကိန်းအဆိုပြုသူအပါအဝင်) အဖွဲ့များ အားလုံးအတွက် ပိုမို လက်ခံနိုင်သည့် ပိုမိုကောင်းမွန်သော သက်ရောက်မှု ရှောင်ရှားခြင်း၊ စီမံခန့်ခွဲခြင်း နှင့် ထိခိုက်မှု လျှော့ချခြင်း နည်းလမ်းဖြစ်နိုင်ကြောင်း နားလည်ထားသည့် **ပူးပေါင်းဆောင်ရွက်သည့် အဆင့်**ကို လက်ခံကျင့်သုံးခြင်းတို့ ဖြစ်ကြပါသည်။

၈.၂.၃ အဆိုပြုလွှာစိစစ်ခြင်းနှင့် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အဆင့်များကဲ့သို့ပင် EIA အစီရင်ခံစာ ကို ပြင်ဆင်သည့်အဆင့်၌ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှု ဖြစ်စေရေးသည် PAP နှင့် ဆက်စပ်ပတ်သက်သူများ အား -

၁။ ပထမဦးစွာ စီမံကိန်းအဆိုပြုလွှာ အကြောင်းကို ယင်း၏နောက်ခံအကြောင်းရင်းနှင့် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ်များ အပါအဝင် **အသိပေး**ရပြီး အချက်အလက်များ ပြည့်စုံမှုရှိရေးနှင့် ယင်းအချက်အလက်များကို စဉ်းစားဆင်ခြင်နိုင်ရန်အတွက် လုံလောက်သော အချိန် အတိုင်းအတာတစ်ခု ပေးရပါသည်။

၂။ ဒုတိယအချက်အနေဖြင့် EIA စုံစမ်းစစ်ဆေးစဉ် ၎င်းတို့၏ အမြင်များ နှင့် အသိပညာဗဟုသုတများ ပံ့ပိုးပေးကြရန် **ဆွေးနွေးတိုင်ပင်ခြင်း**မှတဆင့် အခွင့်အလမ်းများရရှိစေပါသည်။

၃။ တတိယအချက်အနေဖြင့် စုံစမ်းစစ်ဆေးခြင်း၊ တွေ့ရှိချက်များနှင့် အနုစိပ်လေ့လာခြင်းများအပေါ် **တုံ့ပြန်ချက်များ ပံ့ပိုးပေးနိုင်သည့်** အခွင့်အလန်း ရရှိစေပါသည်။

၄။ စတုတ္ထအချက်အနေဖြင့် EIA အစီရင်ခံစာအား အပြီးသတ် ပြင်ဆင်ပြီး EIA ဆိုင်ရာ တာဝန်ရှိသူ များထံ ပြန်လည်ဆန်းစစ်ရန် တင်ပြခြင်းမပြုမီ ယင်းအပေါ် ပုံမှန်အားဖြင့် **ဝေဖန်ချက်များ** ရရှိနိုင် သည့် အခွင့်အလမ်း ရှိပါသည်။

၅။ နောက်ဆုံးအချက်အနေဖြင့် တင်ပြလိုက်သည့် EIA အစီရင်ခံစာ ကို လက်လှမ်းမီ ဖတ်ရှုစေနိုင် ပါသည်။

၈.၂.၄ ဤအဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရာ၌ လိုအပ်သည့် တွေ့ဆုံဆွေးနွေးပွဲများ၏ အကြိမ်အရေအတွက်နှင့် အမျိုးအစားများသည် အဆိုပြုထားသည့် စီမံကိန်း၏ သဘော သဘာဝ၊ ယင်း၏ တည်နေရာ နှင့် အဆိုပြုလွှာ စိစစ်ခြင်း နှင့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အဆင့်များတွင် ဆောင်ရွက်ပြီးခဲ့သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အတိုင်းအတာများကြောင့် ဆက်စပ်ပတ်သက်သူများအကြား အဆိုပြုလွှာအကြောင်း လက်ရှိ သိရှိထား သည့် အဆင့်များအပေါ်တွင် မူတည်ပါသည်။ ယေဘုယျအားဖြင့် PAP နှင့် ဆက်စပ်ပတ်သက်သူတို့နှင့် အစည်းအဝေး အနည်းဆုံး နှစ်ကြိမ် နှင့် အမျိုးသမီးများနှင့် သီးခြားအစည်းအဝေးများ EIA ပြင်ဆင်သည့်အဆင့်တွင် လိုအပ်ပါသည်။ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ်တွင် အဓိကအချက်များ ဖော်ပြထားသည်တို့နှင့်အညီ လိုအပ်မည့် အစည်းအဝေး အကြိမ်အရေအတွက် အတိအကျ မည်မျှရှိရမည်ဖြစ်ကြောင်း ဆုံးဖြတ်ရန်မှာ EIA အကြံပေးပုဂ္ဂိုလ်၏ တာဝန်ဖြစ်ပါသည်။ အဆိုပြုထားသည့် စီမံကိန်း၏ အရွယ်အစား၊ သဘောသဘာဝနှင့် ထိခိုက်ခံစားရသည့် ဒေသခံ ပြည်သူများ၏ သဘောသဘာဝများအပေါ် မူတည်၍ ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများကို အထောက်အကူဖြစ်စေသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ရေး တွေ့ဆုံဆွေးနွေးမှု ဖြည့်စွက် မဟာဗျူဟာ များလည်း အချို့အကြောင်းကိစ္စများတွင် လိုအပ်နိုင်ပါသည်။

၈.၂.၅ PAP နှင့်ဆက်စပ်ပတ်သက်သူများနှင့်ပြုလုပ်သည့် ပထမအကြိမ်အစည်းအဝေးကို ဒေသခံပြည်သူများ လုံလောက်စွာ သတိပြုမိစေရန် ယေဘုယျအားဖြင့် အနည်းဆုံး တစ်ပတ်သို့မဟုတ် နှစ်ပတ် ကြိုတင် လျက် စီမံဆောင်ရွက်ပေးသင့်ပါသည်။ အစည်းအဝေးကို ဒေသခံပြည်သူများ၏ ခေါင်းဆောင်နှင့် တွေ့ဆုံ ရန် စီစဉ်ပေးသင့်သော်လည်း (အမျိုးသမီးများ၊ တိုင်းရင်းသား မျိုးနွယ်စုများ နှင့် အခြား ထိခိုက်လွယ်သူ အဖွဲ့များ အပါအဝင်) PAP များအားလုံးလည်း ပါဝင်ရမည်။ နိုင်ငံရေး ဦးဆောင်သူအုပ်စုများနှင့် သာ တွေ့ဆုံခြင်း မဖြစ်သင့်ပါ။

၈.၂.၆ PAP နှင့် ဆက်စပ်ပတ်သက်သူများကို ရှင်းလင်းပြောဆိုခဲ့သည့် မည်သည့် အချက်အလက်ကိုမဆို စဉ်းစားတွေးခေါ်နိုင်ရန် အနည်းဆုံး နှစ်ပတ်ခန့် အချိန်ပေးရမည်။ သတင်းအချက်အလက်များတွင် ပါဝင်နေသည့် အကြောင်းအရာများကို တုံ့ပြန်ခြင်းမပြုနိုင်မီ PAP များက ယင်းအချက်အလက်များကို ဖတ်ရှုရန်နှင့် စဉ်းစားဆင်ခြင်နိုင်ရန် အချိန်မရရှိပါက PAP များအနေဖြင့် လုံလောက်သော အချက် အလက်များ ပံ့ပိုးပေးနိုင်မည် မဟုတ်ပါ။

**Table 9: EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြသည့်အဆင့်တွင် တွေ့ဆုံဆွေးနွေးမှု အကျဉ်းချုပ်**

| တွေ့ဆုံဆွေးနွေးခြင်း၏ သဘောသဘာဝနှင့် ရည်ရွယ်ချက် | ဘယ်သူတွေ ပါဝင်သင့်သလဲ၊ | အစီအမံအတွက် ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ | လိုချင်တဲ့ ရလဒ်က ဘာတွေလဲ၊ |
|---|---|---|---|
| **အသိပေးသည့် အစည်းအဝေး** (စုံစမ်းစစ်ဆေးသည့် အဆင့်၏ အစပိုင်း) | အောက်ခြေအဆင့်ရှိ PAP<br><br>ဒေသခံ CSO များ<br><br>ဆက်စပ်သည့် ဒေသ အာဏာပိုင်များ<br><br>စီမံကိန်း အဆိုပြုသူ | ဆက်စပ် ဒေသအာဏာပိုင်များ နှင့် ဒေသခံပြည်သူ အဖွဲ့ခေါင်းဆောင်များ နှင့် ပူးပေါင်းလျက် စီမံကိန်း အဆိုပြုသူ၊ EIA အကြံပေး ပုဂ္ဂိုလ် | စီမံကိန်းအဆိုပြုလွှာ၊ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ် နှင့် EIA စုံစမ်းစစ်ဆေးမှု အတွက် ToR တို့ကို PAP အား **အသိပေးရန်**၊<br><br>စုံစမ်းစစ်ဆေးမှုတွင် သုတေသနပြုခြင်း နှင့် အနုစိပ်လေ့လာခြင်းအား အထောက်အကူဖြစ်စေနိုင်သည့် PAP နှင့် ဆက်စပ်ပတ်သက်သူများ အကြားရှိ သတင်းအချက်အလက်ရင်းမြစ်ကို ခွဲခြားသတ်မှတ်ရန်၊ |
| (EIA စုံစမ်းစစ်ဆေးခြင်း နှင့် အချက်အလက်ကောက်ယူ စုဆောင်းနေစဉ်) **ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများ** | အောက်ခြေအဆင့်ရှိ PAP<br><br>ဒေသခံ CSO များ<br><br>ဆက်စပ်သည့် ဒေသ အာဏာပိုင်များ<br><br>နည်းပညာနှင့် သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ (အကယ်၍ ဒေသခံများက တောင်းဆိုလာပါက သို့မဟုတ် လိုအပ်သလို စဉ်းစားနိုင်ရန်)<br><br>စီမံကိန်း အဆိုပြုသူ<br><br>ဘာသာပြန်ဆိုသူ/များ | ဒေသအာဏာပိုင်များ နှင့် ဒေသခံပြည်သူအဖွဲ့ ခေါင်းဆောင်များ နှင့် ပူးပေါင်းလျက် EIA အကြံပေးပုဂ္ဂိုလ် | PAP နှင့် ဆက်စပ်ပတ်သက်သူများအား EIA အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ်တွင် ၎င်းတို့၏ ပတ်ဝန်းကျင် နှင့် စီမံကိန်း အဆိုပြုလွှာ ဗဟုသုတများ၊ အတွေ့အကြုံများ နှင့် အမြင်များ ထည့်သွင်းနိုင်ရန်၊<br><br>PAP နှင့် ဆက်စပ်ပတ်သက်သူများ အား ကနဦး နှင့် ဆောင်ရွက်ဆဲ စုံစမ်းစစ်ဆေးခြင်း၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် တွေ့ရှိချက်များ၊ ဖြစ်နိုင်ဖွယ် စီမံကိန်း၏ သက်ရောက်မှုများနှင့် အဆိုပါ သက်ရောက်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ အပါအဝင် အနုစိပ် လေ့လာခြင်း တို့ကို ရှင်းပြရန်၊ |

| | | | |
|---|---|---|---|
| | | | အဆိုပါ တွေ့ရှိချက်များနှင့် အနုစိပ်လေ့လာမှုများအပေါ် ၎င်းတို့၏ ရှုထောင့်အမြင်များ နှင့် တုံ့ပြန်နိုင်မည့် အခွင့်အလမ်းများကို PAP နှင့် ဆက်စပ်ပတ်သက်သူများအား ပံ့ပိုးပေးရန်၊ |

| | | | |
|---|---|---|---|
| **EIA အစီရင်ခံစာ မူကြမ်းအပေါ် ဆွေးနွေးခြင်း** ( EIA ဆိုင်ရာ တာဝန်ရှိသူများ ထံ တင်ပြခြင်း မပြုမီ အစည်း အဝေးအရ ပြောင်းလဲမှုများ ပေါင်းစပ်ရန်လုံ လောက်သည့် အချိန်ဖြင့် အစီရင်ခံစာ အား အပြီးသတ် မပြုစုမီ) | အောက်ခြေအဆင့်ရှိ PAP<br><br>ဒေသခံ နှင့် နိုင်ငံအဆင့် CSO များ<br><br>ဆက်စပ်သည့် နိုင်ငံအဆင့် အစိုးရ နှင့် ဒေသ အာဏာ ပိုင်များ<br><br>နည်းပညာဆိုင်ရာ နှင့် သိပ္ပံ ပညာဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ<br><br>စီမံကိန်း အဆိုပြုသူ<br><br>ဘာသာပြန်ဆိုသူ/များ | ဒေသခံပြည်သူ အဖွဲ့၏ ကိုယ်စားလှယ်များနှင့် ပူးပေါင်းလျက် EIA အကြံပေးပုဂ္ဂိုလ် | EIA အစီရင်ခံစာမူကြမ်းကို ချပြရန်၊ (သက်ရောက်မှုများ၊ အခြား ဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ရှောင်ရှား ခြင်း နှင့် လျှော့ချခြင်း နည်းလမ်းများ နှင့် EMMP တို့ အပါအဝင်) စုံစမ်း စစ်ဆေးခြင်း၏ တွေ့ရှိချက် များနှင့် PAP နှင့် အခြား ဆက်စပ် ပတ်သက်သူများ ၏ အမြင်များကို မည်သို့ ထည့်သွင်းပေါင်းစပ်ထား ကြောင်း ရှင်းပြရန်<br><br>PAP အတွက် အကျိုး ကျေးဇူးများ၊ လျော်ကြေးများ နှင့် နစ်နာချက်များဆိုင်ရာ လုပ်ငန်းစဉ်ယန္တရားတို့နှင့် ပတ်သက်သည့် အချက် အလက်များ ပံ့ပိုးပေးရန်၊<br><br>EIA အစီရင်ခံစာ မူကြမ်း အား အပြီးသတ်ပြီး EIA ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြခြင်း မပြုမီ ယင်း အပေါ် PAP နှင့် ဆက်စပ် ပတ်သက်သူများ အနေဖြင့် တုံ့ပြန်ချက်ပေးနိုင်သည့် အခွင့်အလန်းတစ်ရပ် ပေးရန်၊ |

| | | | |
|---|---|---|---|
| (ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများကို အထောက်အကူဖြစ်စေမည့်) **အခြား တွေ့ဆုံဆွေးနွေးမှုများ** | တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းနှင့် ရည်ရွယ်ချက် တို့နှင့် ကိုက်ညီသည့် ဆက်စပ်ပတ်သက်သူများ<br><br>စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်<br><br>ဘာသာပြန်ဆိုသူ/များ | EIA အကြံပေးပုဂ္ဂိုလ် | (ဥပမာ – ထိခိုက်လွယ်သူ သီးခြားအဖွဲ့များ သို့မဟုတ် နည်းပညာဆိုင်ရာ ကျွမ်းကျင် သူများကဲ့သို့) သီးခြား ဆက်စပ်ပတ်သက်သူများ ထံမှ အမြင်များနှင့် အချက်အလက်များ စုဆောင်းရန်၊<br><br>(ဥပမာ ပြန်လည်နေရာ ချထားရေး လုပ်ငန်း အစီအစဉ် မူကြမ်း ကဲ့သို့) EIA ၏ သီးခြား ကိစ္စရပ်အပေါ် PAP ထံမှ ဝေဖန်အကြံပြု ချက် ရရှိရန်၊ |

၈.၂.၇ EIA အစီရင်ခံစာတွင် ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အနုစိပ်လေ့လာမှုနှင့် တွေ့ရှိချက်များတွင် PAP နှင့် ဆက်စပ်ပတ်သက်သူများထံမှ ရရှိသည့် ဝေဖန်အကြံပြုချက်များကို မည်သို့ထည့်သွင်း ပေါင်းစပ်ခြင်းများ အပါအဝင် အလွန်ရှင်းလင်းပြီး အသေးစိပ်သည့် ရှင်းလင်းတင်ပြချက်တစ်ရပ် ပါဝင်သင့်ပါသည်။ အများပြည်သူ၏ ဝေဖန်အကြံပြုချက်များကို EIA အစီရင်ခံစာမှတဆင့် ဆုံးဖြတ်ချက်ချမှတ်သူများထံ ရောက်ရှိစေခြင်းနှင့် အများပြည်သူ ထံ ပြန်လည်ချပြခြင်းသည် အများပြည်သူအား ၎င်းတို့၏ အချိန်များနှင့် ကြိုးပမ်းအားထုတ်မှုများအား ကောင်းမွန်စွာ မြှုပ်နှံထားပြီး ၎င်းတို့၏ ဝေဖန်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ကောင်းစွာ နားလည် သဘောပေါက်ကြောင်းနှင့် စီမံကိန်းအဆိုပြုသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် မှန်ကန်တိကျစွာ ဆက်သွယ် တင်ပြထားကြောင်းနှင့် EIA စုံစမ်းစစ်ဆေးခြင်းတွင် ကောင်းစွာ ထည့်သွင်း စဉ်းစားထား ကြောင်း ဖော်ပြချက်များကို အထောက်အကူဖြစ်စေသည့် "(comment loop) ဝေဖန်ချက်ကွင်းဆက်" တစ်ကွင်း ဖန်တီးဖြစ် ပေါ်စေပါသည်။ ယင်းသည် အများပြည်သူအား ၎င်းတို့၏ ပါဝင်မှုများကို မည်သို့ ဖော်ပြထားကြောင်းနှင့် စီမံကိန်းတွင် မည်သို့ အထောက်အကူဖြစ်ကြောင်းကို လည်း ပြသနေပါသည်။

၈.၂.၈ တင်ပြလိုက်သည့် EIA အစီရင်ခံစာတွင် (ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအစီအစဉ် အပါအဝင်) အတည်ပြုထားသည့် ToR နှင့် ကိုက်ညီမှုရှိပြီး အစီရင်ခံစာ၏ တိကျမှု၊ ပြည့်စုံမှု ရှိကြောင်း EIA အကြံပေးပုဂ္ဂိုလ်ထံမှ တရားဝင် ထောက်ခံချက်တစ်ရပ် ပူးတွဲပါဝင်သင့်ပါသည်။

## ၈.၃ ပံ့ပိုးပေးရမည့် သတင်း နှင့် ကောက်ခံ စုစည်းရမည့် အချက်အလက်

၈.၃.၁ စုံစမ်းစစ်ဆေးသည့် အဆင့်တစ်ခုလုံးတွင် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများနှင့် သင့်လျော်သည့် သတင်းအချက်အလက်များသည် ပုံမှန်ရရှိရပါမည်။ အဆိုပါ အချက်အလက်များအနက် အချို့ကို ဒေသခံ ပြည်သူများထံမှ ရရှိပါမည်။ သတင်းအချက်အလက်များကို ရှင်းလင်းသော၊ ပေါင်းစပ်သည့် အသွင်ဖြင့် PAPနှင့် ဆက်စပ်ပတ်သက်သူများကို အောက်ဖော်ပြပါအချက်များ ပြည့်စုံစေရေး ပံ့ပိုးကူညီ ပေးသင့်ပါသည်–

- EIA စုံစမ်းစစ်ဆေးခြင်း၏ နောက်ဆုံးအခြေအနေရှိ အချက်အလက်များ အမြဲမပြတ်ပေးခြင်း၊

- ဖြစ်ပေါ်လာသည့် အတွေးသစ်၊ အကြံသစ်နှင့် အခွင့်အလန်းအသစ်များကို တုံ့ပြန်ပေးခြင်း၊
- EIA လုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်း၊ နှင့်
- အဆိုပြုထားသည့် သက်ရောက်မှု ရှောင်ရှားခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိခိုက်မှု လျှော့ချမည့် နည်းလမ်းများကို တုံ့ပြန်ခြင်း၊

၈.၃.၂ သတင်းအချက်အလက်သည် PAP နှင့် အခြားဆက်စပ်ပတ်သူများက နားလည်နိုင်သည့် ပုံစံဖြင့် **သင့်လျော်ကိုက်ညီ** သင့်ပါသည်။ ဆိုလိုသည်မှာ နည်းပညာဆိုင်ရာ စာရွက်စာတမ်းများကို ဒေသသုံး ဘာသာစကားဖြင့် ရိုးရှင်းသည့် စကားရပ်များဖြင့် ရှင်းလင်းပြသင့်ပါသည်။ မြေပုံများ၊ ပုံများ၊ ရုပ်ပုံကားချပ်များ၊ လက်ကမ်းစာစောင်များ နှင့် အခြား အရေးကြီးသည့် အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို ဆက်လက်ဖတ်ရှု ဆွေးနွေးနိုင်ရန် ဒေသခံများထံတွင် ပေးထားခဲ့သင့်ပါသည်။

၈.၃.၃ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအား ပံ့ပိုးပေးသည့် စာရွက်စာတမ်းများအားလုံးသည် အင်တာနက်တွင်သာမက အများပြည်သူအတွက် အခမဲ့ လက်လှမ်းမီရရှိစေရေးအတွက် စာရွက်စာတမ်း ပုံစံဖြင့် အောက်ဖော်ပြပါ နေရာများအပါအဝင် နေရာ တော်တော်များများတွင် ရရှိစေသင့်ပါသည်–

- စီမံကိန်းအဆိုပြုသူနှင့် EIA အကြံပေး ပုဂ္ဂိုလ်၏ ရုံးများ၊
- ဒေသအာဏာပိုင် ရုံး သို့မဟုတ် ဒေသခံများ၏ အဆောက်အဦး တစ်ခု ကဲ့သို့ စီမံကိန်းတည်နေရာ နှင့် နီးသော အနည်းဆုံး ခန်းမ တစ်ခု၊
- အဓိက မြို့ပြများတွင် ဒေသခံ နှင့် /သို့မဟုတ် နိုင်ငံအဆင့် တာဝန်ရှိသူများ၏ရုံးများ၊ နှင့်
- EIA ဆိုင်ရာ တာဝန်ရှိသူ၏ ရုံး၊

၈.၃.၄ PAP သို့ ပံ့ပိုးပေးလိုက်သည့် အချက်အလက်၊ စာရွက်စာတမ်းများအားလုံးကို အများပြည်သူ ဒိုမိန်း တွင်ရှိသည့် သတင်းအချက်အလက်များကဲ့သို့ လိုအပ်ပါက ဒေသခံပြည်သူများ၏ ပြင်ပရှိလူများ လက်လှမ်းမှီရေး ဖြန့်ဝေပေးနိုင်ရန် ထားရှိသင့်ပါသည်။ သိပ္ပံနည်းကျနှင့် နည်းပညာဆိုင်ရာ သတင်း အချက်အလက်များဖြင့် ရှင်းလင်းပြရန် တောင်းဆိုလာပါက EIA အကြံပေးပုဂ္ဂိုလ်သည် သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်များ နှင့် ဒေသခံများပါဝင်သည့် အစည်းအဝေးတစ်ခု စီစဉ်ပေးသင့်ပါသည်။

၈.၃.၅ အစီရင်ခံစာအား အချောသတ်ပြီး ပြန်လည်ဆန်းစစ်ရန်အတွက် EIA ဆိုင်ရာ တာဝန်ရှိသူထံ တင်ပြပြီး ပါက စီမံကိန်း အဆိုပြုသူသည် EIA အစီရင်ခံစာကို အများပြည်သူ သိရှိစေရန် ပြုလုပ်ပေးသင့်ပါသည်။ ယင်းတွင် အစီရင်ခံစာအား ရရှိနိုင်ကြောင်း အများပြည်သူအား သိရှိစေရန် ကြေငြာပေးခြင်း၊ အင်တာနက်တွင် ထုတ်ပြန်ခြင်း၊ စာရွက်စာတမ်း မိတ္တူ အစုံများစွာ ပွားများ၍ အဆင်ပြေသည့် နေရာ များ (ဒေသခံပြည်သူများ နှင့် အဓိကမြို့ပြ နှစ်နေရာလုံး )၌ ရရှိစေရေး တို့ပါဝင်ပါသည်။

**Table 10: EIA စုံစမ်း စစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်း အဆင့် – လိုအပ်သည့် သတင်းနှင့် ထုတ်ပြန်ရမည့် အချက်အလက်**

| ဘယ်လို သတင်း အချက် အလက်မျိုး ပေးသင့်သလဲ၊ | သတင်းအချက်အလက် ပံ့ပိုးပေးဖို့ အတွက် ဘယ်သူ့မှာ တာဝန်ရှိလဲ၊ | သတင်းအချက်အလက်တွေကို ဘယ်သူတွေ လက်လှမ်းမီစေသင့် တာလဲ၊ |
|---|---|---|
| နည်းလမ်းများနှင့် အသေးစိပ် လုပ်ငန်း အစီအစဉ်များအပါအဝင် ရနိုင်သည့် အချက်အလက်များ၊ မြေပုံများ၊ အစီအစဉ်မူကြမ်းများ အပါအဝင် စီမံကိန်း၏ အဓိက အကြောင်းအရာ ဖော်ပြချက်၊ | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများ၊ PAP ၊ CSO ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ |

| | | |
|---|---|---|
| တည်ဆောက်ခြင်း လုပ်ငန်း အတွက် အချိန်ကာလ အသေးစိပ် နှင့် (ယေဘုယျအားဖြင့်) ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ၏ အဓိက ဖော်ပြချက်၊ | | |
| ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ် နှင့် ယင်းအစီအစဉ်အား ရှင်းလင်းချက်၊<br><br>EIA စုံစမ်းစစ်ဆေးခြင်း အသေးစိပ် အစီအစဉ်များ၊ | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများ၊ PAP ၊ CSO ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ |
| EIA ပြင်ဆင်ခြင်းနှင့် အချက်အလက် ကောက်ခံစုဆောင်းခြင်း အပေါ် PAP နှင့် ဆက်စပ်ပတ်သက်သူများအား တင်ပြခြင်း၊<br><br>ဒေသခံပြည်သူများ၊ CSOs၊ နှင့် အစိုးရ တုံ့ပြန်မှုများမှ ကနဦး ဝေဖန်ချက်များ | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများ၊ PAP ၊ CSO ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊<br><br>စီမံကိန်းကြီးများအတွက်၊ ဒေသတွင်း ဆက်စပ်ပတ်သက်သူများနှင့် နိုင်ငံတကာ NGOsများ ပါဝင်နိုင်ပါသည်။ |
| EIA ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြခြင်းမပြုမီ EIA အစီရင်ခံစာ မူကြမ်းအား ဒေသခံပြည်သူများကို တင်ပြခြင်း – ယင်းတွင် EMMP မူကြမ်း နှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအစီအစဉ်မူကြမ်း နှင့်/သို့မဟုတ် လျော်ကြေးပေးခြင်း တို့ ပါဝင်သင့်ပါသည်။ | EIA အကြံပေးပုဂ္ဂိုလ် | ဒေသခံပြည်သူများ၊ PAP ၊ CSO ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ<br><br>စီမံကိန်းကြီးများအတွက်၊ ဒေသတွင်း ဆက်စပ်ပတ်သက်သူများ နှင့် နိုင်ငံတကာမှ NGOs များပါဝင်နိုင်ပါသည်။ |
| စီမံကိန်းဝက်ဘ်ဆိုဒ် ပေါ်တွင် ထုတ်ပြန်ခြင်းအပါအဝင် ဝေဖန်ချက်များကို စာဖြင့် ရေးသားတုံ့ပြန်မှုအား ဒေသခံပြည်သူများကို ပံ့ပိုးပေးသင့်ပါသည်။ | EIA အကြံပေးပုဂ္ဂိုလ် | မူကြမ်းပြင်ဆင်ချိန်အတွင်း ပါဝင်သည့် သို့မဟုတ် ဝေဖန်ခဲ့သည့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ |
| EIA ဆိုင်ရာ တာဝန်ရှိသူထံ အပြီးသတ် EIA အစီရင်ခံစာနှင့် EMMP တင်ပြခြင်း | စီမံကိန်းအဆိုပြုသူ၊ EIA ဆိုင်ရာ တာဝန်ရှိသူ | ဒေသခံပြည်သူများ၊ PAP ၊ CSO ၊ ဒေသအာဏာပိုင်များ၊ မီဒီယာ၊ |

## ၈.၄ EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်း အဆင့်တွင် အဓိပ္ပါယ် ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ

၈.၄.၁ EIA စုံစမ်းစစ်ဆေးခြင်း၏ အပြီးသတ်တွင် (EMMPအပါအဝင်) EIA အစီရင်ခံစာ ကို EIA ဆိုင်ရာ တာဝန်ရှိသူထံ တင်ပြရန်အတွက် အပြီးသတ်ပြင်ဆင်ပြီးသောအခါ အောက်ဖော်ပြပါ မေးခွန်းများကို စီမံကိန်းအဆိုပြုသူ၊ EIA ဆိုင်ရာ တာဝန်ရှိသူ နှင့် စိတ်ဝင်စားသည့် ဆက်စပ်ပတ်သက်သူများအနေဖြင့် ဖြေဆိုနိုင်သင့်ပါသည်။ ဤအရေးကြီးသည့် မေးခွန်းများသည် EIA စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံ

တင်ပြခြင်းအဆင့်တွင် ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက် ပြည့်ဝမှု ရှိမရှိ ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေသည့် လမ်းညွှန်ချက်ကဲ့သို့ အသုံးပြုရန် ရည်ရွယ်ပါသည်။

**Table 11: EIA စုံစမ်းစစ်ဆေးခြင်း နှင့် အစီရင်ခံတင်ပြခြင်းအဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ**

| မေးခွန်း | သိရှိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N) | မှတ်ချက်များ |
|---|---|---|
| စီမံကိန်းအဆိုပြုလွှာနှင့် ပတ်သက်၍ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများ၏ အဓိက စိုးရိမ်ပူပန်မှုများ၊ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများက ဘာတွေလဲ၊ | | |
| အဆိုပါ စိုးရိမ်ပူပန်မှုများ၊ လိုအပ်ချက်များနှင့် လိုအင်များကို သုတေသနပြုရန်နှင့် အနုစိပ်လေ့လာရန် အတွက် EIA စုံစမ်းစစ်ဆေးခြင်းတွင် မည်ကဲ့သို့ ဦးစားပေး ရွေးထုတ်ခဲ့သလဲ၊ | | |
| EIA အစီရင်ခံစာသည် စီမံကိန်းအဆိုပြုလွှာ၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှု အကောင်းနှင့် အဆိုးများနှင့် ပတ်သက်၍ လုံလောက်သော အချက်အလက်များ ပါဝင်ပါသလား၊ | | |
| EIA စုံစမ်းစစ်ဆေးခြင်းနှင့် EIA အစီရင်ခံစာ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်စဉ်အတွင်း ဆောင်ရွက်ခဲ့သည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို EIA အစီရင်ခံစာတွင် အပြည့်အစုံ ဖော်ပြထားပါသလား၊ | | |
| အဆိုပါ စိုးရိမ်ပူပန်များ၊ လိုအပ်ချက်များနှင့် လိုအင်များကို EIA အစီရင်ခံစာ နှင့် EMMP တို့ထဲတွင် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ထားသလဲ၊ (ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အခန်းတွင် စာရွက်စာတမ်းများတွင် မှတ်တမ်းတင်ရုံ သာမက အဆိုပါ စိုးရိမ်မှု၊ လိုအပ်ချက်နှင့် လိုအင်များသည် EIA စုံစမ်းစစ်ဆေးခြင်း နှင့် တွေ့ရှိချက်များကို မည်သို့ လွှမ်းမိုးစေသလဲ) | | |
| ပြန်လည်နေရာချထားရေး လုပ်ငန်းအစီအစဉ် နှင့်/သို့မဟုတ် လျော်ကြေးပေးခြင်းအစီအစဉ်ကို EIA အစီရင်ခံစာတွင် ဖော်ပြထားပါသလား၊ | | |
| ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချခြင်း၊ ပြန်လည်နေရာချထားခြင်း၊ နှင့်/သို့မဟုတ် လျော်ကြေးပေးခြင်းတို့အပေါ် ဆက်စပ်ပတ်သက်သူများ၏ အမြင်များအား EIA အစီရင်ခံစာပြင်ဆင်ရာတွင် မည်သို့ ထည့်သွင်း စဉ်းစားထားပါသလဲ၊ | | |
| အပြီးသတ်မပြင်ဆင်မီ EIA အစီရင်ခံစာ နှင့် EMMP မူကြမ်းအပေါ် ဝေဖန် အကြံပြုရန် ဆက်စပ် ပတ်သက်သူများအား အခွင့်အရေးတစ်ရပ် ပေးခဲ့ပါ သလား၊ | | |

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

## ၉။ အဆင့် ၄ – EIA အစီရင်ခံစာနှင့် EMMP တို့အား ပြန်လည်ဆန်းစစ်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

၉.၀.၁ EIA အစီရင်ခံစာ နှင့် EMMP များ အချောသတ်ပြီးနောက် ယင်းကို EIA ဆိုင်ရာ တာဝန်ရှိသူများ ထံ ပြန်လည်ဆန်းစစ်ရန်အတွက် ပုံမှန်အားဖြင့် တင်ပြကြရပါသည်။ EIA အစီရင်ခံစာနှင့် EMMP ပြန်လည်ဆန်းစစ်ခြင်းကို နိုင်ငံအဆင့် အစိုးရမှ EIA ဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်မှ သီးခြား ပြဋ္ဌာန်းထားသည့် အမျိုးသားအဆင့် ဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ကြပါ သည်။ ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်သည် EIA အစီရင်ခံစာတွင် ပါဝင်သော အချက်အလက် များ၏ ပြည့်စုံမှု၊ တိကျမှန်ကန်မှုနှင့် အရည်အသွေးပြည့်ဝမှု ရှိရန်လိုအပ်ပါသည်။ ပြန်လည်ဆန်းစစ် ရာတွင်လည်း EIA အစီရင်ခံစာသည် တာဝန်နှင့်ဝတ္တရားများအား ပြည့်စုံစွာ ဆောင်ရွက်ထားခြင်းရှိမရှိ၊ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး အစီအစဉ် (အခြား သင့်လျော်သည့် အစီအစဉ်များ) အတိုင်း ဆောင်ရွက်ထားခြင်းရှိမရှိ စစ်ဆေးရန် ဖြစ်ပြီး သတ်မှတ်ထားပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ဖြစ်နိုင်ဖွယ် ထိခိုက်မှုများကို လုံလောက်စွာ ဖြေရှင်းပေးမည့် EMMP တစ်ရပ်အား ဆန်းစစ်ခြင်း လည်းပါဝင်ပါသည်။ အကယ်၍ စီမံကိန်းအဆိုပြုလွှာတွင် စားဝတ်နေရေး ဆုံးရှုံးမှုများအတွက် ပြန်လည် နေရာချထားပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းတစ်စုံတရာ ပါဝင်ပါက ယင်းတို့ကိုလည်း EIA ဆိုင်ရာ တာဝန်ရှိသူများ (သို့မဟုတ် သင့်လျော်သည့် အစိုးရက တာဝန်ရှိသူများ)က ပြန်လည် ဆန်းစစ်ရ ပါမည်။

၉.၀.၂ EIA ဆိုင်ရာ တာဝန်ရှိသူများတွင် ဆက်စပ်ပတ်သက်သူများ၊ ဆက်စပ် ကဏ္ဍအသီးသီးရှိ ဌာနများနှင့် အခြား စိတ်ပါဝင်စားသည့် အဖွဲ့များ (ဥပမာ နည်းပညာဆိုင်ရာ ပြန်လည်ဆန်းစစ်သူများ) အနေဖြင့် ပြန်လည်ဆန်းစစ်ခြင်း နှင့် EIA အစီရင်ခံစာ မူကြမ်းအပေါ် တုံ့ပြန်ချက်ပံ့ပိုးပေးခြင်း တို့တွင် သင့်လျော် သကဲ့သို့ ပါဝင်ကြောင်း သေချာမှုရှိစေရေးစသည့် အဓိက တာဝန်များ ရှိကြပါသည်။

## ၉.၁ EIA အစီရင်ခံစာနှင့် EMMP တို့အား ပြန်လည်ဆန်းစစ်ရာတွင် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်

၉.၁.၁ EIA ဆိုင်ရာ တာဝန်ရှိသူသည် ယေဘုယျအားဖြင့် တင်ပြလာသည့် EIA အစီရင်ခံစာအား ပြန်လည် ဆန်းစစ်ခြင်း နှင့် အတည်ပြုပေးရန်သင့်မသင့်၊ ပြန်လည်ပြင်ဆင်ရန်လိုမလို သို့မဟုတ် အစီရင်ခံစာအား ငြင်းပယ်ရန် သင့်မသင့် တို့အပေါ် အကြံပြုချက်များပေးခြင်းတို့အတွက် တာဝန်ရှိကြပါသည်။ EIA ပြန်လည်ဆန်းစစ်ခြင်းကို အချက်အလက်များ ပြည့်ဝမှုနှင့် သိပ္ပံနည်းကျ အထောက်အထားများအပေါ် အခြေခံကာ လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သင့်ပါသည်။ သို့အတွက်ကြောင့် ပြည်သူ လူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများ ပါဝင်သော ရှင်းလင်းသည့် ပြန်လည် ဆန်းစစ်ခြင်း လုပ်ငန်းစဉ်သည် အထူးသဖြင့် အချက်အလက်များ အားနည်းသည့် အခြေအနေများတွင် ထိရောက်သည့် EIA ပြန်လည်ဆန်းစစ်ခြင်း တစ်ရပ်ဖြစ်လာစေရန် ပံ့ပိုးကူညီ ပေးပါသည်။

၉.၁.၂ ဤ ပြန်လည်ဆန်းစစ်သည့် အဆင့်တွင် PAP နှင့် ဆက်စပ်ပတ်သက်သူများ၏ ဝေဖန်အကြံပြုချက်များ ရရှိရန် **ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး ပံ့ပိုးလုပ်ဆောင်ရန် တာဝန်ရှိမှုများသည် အဆိုပြုသူ (နှင့် ၎င်းတို့၏ EIA အကြံပေးပုဂ္ဂိုလ်) ထံမှ EIA ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပခုံးပြောင်း ရောက်ရှိ လာပါသည်။** ဤအဆင့်တွင် စီမံကိန်းအဆိုပြုသူနှင့် EIA အကြံပေးပုဂ္ဂိုလ်တို့၏ အခန်းကဏ္ဍသည် အောက်ပါအခြေအနေများဖြင့်သာ လုပ်ဆောင်ရန် ကန့်သတ်ထားပါသည်–

- မေးခွန်းများ အား တုံ့ပြန်ဖြေကြားခြင်း နှင့်
- ပြည်သူလူထုပူးပေါင်းပါဝင်သည့် တွေ့ဆုံပွဲတွင် EIA ၏ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း၊

၉.၁.၃ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် အများပြည်သူအပါအဝင် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအတွက် EIA ပြန်လည်ဆန်းစစ်သူများ နှင့် ဆုံးဖြတ်ချက် ချမှတ်သူများထံသို့ ၎င်းတို့၏ အမြင်များ ပြောဆိုနိုင်ရန် လွတ်လပ်သော ခန်းမတစ်ခုရှိရေးမှာ EIA ပြန်လည်ဆန်းစစ်ခြင်း အဆင့်တွင် အထူးအရေးကြီးပါသည်။ ယင်းသည် ဆက်စပ်ပတ်သက်သူများအား လုပ်ငန်းစဉ်တွင် သင့်တော်စွာ တွေ့ဆုံနိုင်ပြီး ဆုံးဖြတ်ချက်ချမှတ်သူများအတွက် ရှုထောင့်အမြင်များ အားလုံးကို အပြီးသတ်ဆုံးဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားထားကြောင်း သေချာမှုကို ပိုမိုခိုင်မာစေပါသည်။ ဤအဆင့်တွင် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ဆက်စပ်ပတ်သက်သူများ၏ အမြင်များကို မည်သို့ ထည့်သွင်းစဉ်းစားထားကြောင်း ၎င်းတို့ကို ပြန်လည်တုံ့ပြန်ချက်ပေးရန်လည်း လိုအပ်ပါသည်။

၉.၁.၄ EIA အစီရင်ခံစာအား ပြန်လည်ဆန်းစစ်ခြင်းတွင် EIA ဆိုင်ရာ တာဝန်ရှိသူများအတွက် အရေးပါသည့် စဉ်းစားချက်များနှင့် ယင်းကို အတည်ပြုပေးရန်သင့်မသင့် အကြံပြုချက်များပေးခြင်းတွင် အောက်ဖော်ပြပါအချက်များ (သို့ရာတွင် ကန့်သတ်ချက် မရှိပါ) ပါဝင်ပါသည်–

- ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ်နှင့် ကိုက်ညီခြင်းအပါအဝင် EIA ပြင်ဆင်သည့် တစ်လျှောက်လုံး ဆောင်ရွက်ခဲ့သည့် ပြည်သူလူထု ပူးပေါင်းပါဝင်သည့်အဆင့် နှင့် ဆောင်ရွက်မှု အရည်အသွေး၊
- EMMP နှင့် လျော်ကြေးပေးရန် အဆိုပြုခြင်းတို့ အပါအဝင် စီမံကိန်းအဆိုပြုလွှာအပေါ် PAP နှင့် ဆက်စပ် ပတ်သက်သူများ၏ အမြင်များ၊
- PAP နှင့် အခြား ဆက်စပ်ပတ်သက်သူများ၏ စိုးရိမ်ပူပန်မှုများနှင့် ဝေဖန်ချက်များကို EIA အစီရင်ခံစာတွင် မည်သို့ ဖြေရှင်းဆောင်ရွက်ထားကြောင်းများ၊
- အဆိုပြုထားသည့် ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချခြင်း နည်းလမ်းများ နှင့် EMMP တို့သည် လုံလောက်စွာ လျော့ကျသွားဖွယ် နှင့်/သို့မဟုတ် သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက် ထားဖွယ် ရှိမရှိ၊
- စီမံကိန်းက ကတိကဝတ်ပြုထားမှုများ၏ သင့်လျော်မှု နှင့် တန်ဖိုးများ၊ (ဆိုလိုသည်မှာ EMMP နည်းလမ်းများအပြင် အဆိုပြုထားသည့် လူမှုရေး အကျိုးကျေးဇူးများ)
- ကျယ်ပြောလှသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု၊
- နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာနှင့် အတည်ပြုထားသည့် ToR နှင့် ကိုက်ညီမှု၊ နှင့်
- အတည်ပြုချက်တစ်ရပ်တွင် ထပ်မံ ဖြည့်စွက်ရမည့် အခြေအနေများ (EIA နှင့် EMMP တို့တွင် ပြုထားသည့် ကတိကဝတ်များအပြင်)

၉.၁.၅ EIA ဆိုင်ရာ တာဝန်ရှိသူများသည် EIA အစီရင်ခံစာအပေါ် ရှင်းလင်းသည့် အကြံပြုချက်တစ်ရပ် ကို အောက်ဖော်ပြပါတို့၏ အကျဉ်းချုပ်ဖော်ပြချက်များဖြင့် ပြင်ဆင်ပေးသင့်ပါသည်–

- အဓိက အကြောင်းအရာများ၊
- စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ် တို့က ဆောင်ရွက်ခဲ့သည့် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းများ၊
- EIA တွင် အများပြည်သူ၏ ဝေဖန်အကြံပြုချက်များကို မည်သို့ ဖြေရှင်းဆောင်ရွက် ထားကြောင်း၊
- EIA အစီရင်ခံစာအား ပြန်လည်ဆန်းစစ်သည့် အနေဖြင့် EIA ဆိုင်ရာ တာဝန်ရှိသူများက စီစဉ် ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- EIA ပြန်လည်ဆန်းစစ်ချိန်တွင် အများပြည်သူ၏ တင်ပြချက်များကို မည်သို့ ထည့်သွင်း စဉ်းစားပြီး အကြံပြုပေးသည့် ဆုံးဖြတ်ချက်မည်သို့ ဖြစ်ပေါ်လာကြောင်း၊

## ၉.၂ မျှော်မှန်းထားသည့် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအဆင့်

၉.၂.၁ အများပြည်သူတွင် EIA ဆိုင်ရာ တာဝန်ရှိသူများက စဉ်းစားပေးရန် EIA အစီရင်ခံစာအပေါ် **ပုံမှန် တင်ပြခြင်းကို** ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် အဓိကကျသည့် အချက်တစ်ခု ကဲ့သို့ အခွင့်အလမ်း ရှိသင့်ပါသည်။ သို့အတွက်ကြောင့် EIA ပြန်လည်ဆန်းစစ်သည့် အဆင့်တွင် မျှော်မှန်းထားသည့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အနည်းဆုံးအဆင့်များမှာ ပူးပေါင်းပါဝင်ရေး နယ်ပယ်မှ **ဆွေးနွေးတိုင်ပင်ခြင်း နှင့် ပါဝင်ခြင်း အဆင့်များ** ဖြစ်ကြပါသည်။

၉.၂.၂ ယင်းသည် အောက်ပါအချက်များ သေချာမှုရှိစေရန် လိုအပ်ပါသည်–

- EIA နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအားလုံးသည် အင်တာနက်ပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်း အနေဖြင့်လည်းကောင်း အများပြည်သူ အသုံးပြုနိုင်ရမည်၊
- အများပြည်သူအား ပြင်ဆင်ရန် လုံလောက်သည့် အချိန်ပေးပြီး တင်ပြချက်များအား မှတ်တမ်းတင်ရမည် – ယေဘုယျအားဖြင့် EIA အစီရင်ခံစာကို ဖတ်ရှုလေ့လာရန် ထုတ်ပြန်ခြင်းနှင့် ဝေဖန်ချက်ပေးရန် ဖိတ်ခေါ်ခြင်း ပြုလုပ်ပြီးနောက် တစ်လအကြာ၊ နှင့်
- ဖတ်ရှုရန်၊ စဉ်းစားဆင်ခြင်ရန်နှင့် ဝေဖန်အကြံပြုချက်များအား ဖိတ်ခေါ်ကာ စဉ်းစားနေစဉ် (deliberation) အတွင်း တင်ပြချက်များအားလုံးကို ဖြေရှင်းပေးရန် လုံလောက်သည့်အချိန် လိုအပ်ပါသည် – လိုအပ်သည့် အချိန်သည် EIA ဆိုင်ရာ တာဝန်ရှိသူများတွင် ရရှိထားသော အရင်းအမြစ်များအပေါ် မူတည်သော်လည်း EIA တစ်ခုအပေါ် ရာပေါင်းများစွာရှိသော တင်ပြချက်များအား ဖတ်ရှုခြင်း၊ စဉ်းစားဆင်ခြင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်းသည် ဝန်ထမ်းတစ်ဦးအတွက် ရက်ပေါင်းများစွာ အဆက်မပြတ်လုပ်ဆောင်ရန် လိုအပ်ကြောင်း မှတ်သားသင့်ပါသည်။

၉.၂.၃ EIA နှင့်ပတ်သက်သော သတင်းအချက်အလက်များအားလုံး အများပြည်သူ သိရှိရေး သေချာမှု၏ အစိတ်အပိုင်းအဖြစ် EIA ဆိုင်ရာ တာဝန်ရှိသူများသည် အောက်ဖော်ပြပါ အချက်များ၌ **ဆွေးနွေးတိုင်ပင်ခြင်း အစည်းအဝေးများ** ကျင်းပသင့်ပါသည်–

- အစိုးရသည် အရေးကြီးသည့် မူဝါဒဆိုင်ရာ ရည်ရွယ်ချက်များနှင့် EIA ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ် ရှင်းပြခြင်း၊
- အဆိုပြုသူ နှင့်/သို့မဟုတ် EIA အကြံပေးပုဂ္ဂိုလ်တို့သည် EIA ၏ တွေ့ရှိချက်များကို ရှင်းပြခြင်း၊
- အများပြည်သူသည် EIA အပေါ် ၎င်းတို့၏ အမြင်များ ဖော်ပြခွင့်ရှိခြင်း၊
- EIA ပြန်လည်ဆန်းစစ်ခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အကြံပြုချက်တစ်ရပ် ပြင်ဆင်ခြင်းများ ပြုလုပ်နေစဉ် တက်ရောက်သူများက ပေးထားသည့် ဝေဖန်ချက်များအားလုံးကို စဉ်းစား ဆင်ခြင်နိုင်ရန်အတွက် EIA ဆိုင်ရာ တာဝန်ရှိသူများက မှတ်တမ်းတင်ခြင်း၊

၉.၂.၄ အဆိုပြုထားသည့် စီမံကိန်း၏ သဘောသဘာဝ၊ နယ်ပယ်အတိုင်းအတာနှင့် တည်နေရာ တို့အပေါ် မူတည်၍ အောက်ခြေ ကျေးလက်မှ မြို့ပြအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် နိုင်ငံအဆင့်ရှိ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများ နှင့် တစ်ကြိမ် သို့မဟုတ် ယင်းထက်ပိုမိုသည့် **ဆွေးနွေးတိုင်ပင်ခြင်း အစည်းအဝေး** တို့ လိုအပ်နိုင်ပါသည်။

**Table 12: EIA ပြန်လည်ဆန်းစစ်ခြင်း အဆင့် အစည်းအဝေးများ အကျဉ်းချုပ်**

| | **ဘယ်သူတွေ ပါဝင်သင့်တာလဲ၊** | **အစည်းအဝေး စီစဉ်ဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ၊** | **လိုချင်တဲ့ ရလဒ် က ဘာတွေလဲ၊** |
|---|---|---|---|
| **အောက်ခြေ အဆင့် အစည်းအဝေး** | PAP<br><br>ဒေသခံ CSOs | ဒေသအာဏာပိုင်များ နှင့် ပူးပေါင်းလျက် EIA ဆိုင်ရာ တာဝန်ရှိသူများ – ကုန်ကျစရိတ်ကို | EIA အပေါ်နောက်ဆုံး ဆုံးဖြတ်ချက်ကို စီမံကိန်း အဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ် တို့နှင့် |

| | | | |
|---|---|---|---|
| **နှင့် ကွင်းဆင်း စစ်ဆေးခြင်း** | ဒေသအာဏာပိုင်များ<br><br>ဆက်စပ် ဝန်ကြီးဌာနများ<br><br>စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ် (EIA ကို ရှင်းပြရန် နှင့် မေးခွန်းများကို ဖြေကြားရန်သာ)<br><br>ဘာသာပြန်ဆိုသူ/များ | စီမံကိန်းအဆိုပြုသူက ပေးရန် | မသက်ဆိုင်စေဘဲ EIA ဆိုင်ရာ တာဝန်ရှိသူများက ပြုလုပ်မည်ဖြစ်သည်ကို PAP အနေဖြင့် နားလည် စေရန်<br><br>EMMP အပါအဝင် EIA အစီရင်ခံစာကို PAP နှင့် အခြားဆက်စပ်ပတ်သက် သူများ နားလည် သဘော ပေါက်ကြောင်း သေချာစေရန်၊ - တွေ့ရှိ ချက်များနှင့် အနုစိပ် လေ့လာခြင်းများအား ရှင်းပြခြင်းကို နားလည် လွယ်ကူစေသည့် ပုံစံ ဖြင့် နည်းပညာ မဆန်သော ဝေါဟာရ အသုံးအနှုန်း များဖြင့် ရှင်းလင်းပြသင့် ပါသည်။<br><br>EIA အစီရင်ခံစာ ပြန်လည် ဆန်းစစ်ခြင်း တွင် ထည့်သွင်းစဉ်းစားနိုင်ရန် PAP နှင့်အခြား ဆက်စပ် ပတ်သက်သူများအတွက် လက်ငင်း အခွင့်အလမ်း များနှင့် ၎င်းတို့ထံမှ ဆက်လက်တင်ပြချက်များ ပေးပို့ရန် ပွင့်လင်းသည့် တောင်းဆိုချက်များ ပံ့ပိုးရန်<br><br>EIA ဆိုင်ရာတာဝန်ရှိသူ များနှင့် အဓိက ဆုံးဖြတ် ချက်ချမှတ်သူများကို အဆိုပြုထားသည့် စီမံကိန်းနေရာသို့ လည်ပတ်ခွင့်ပေးပြီး ဒေသအကြောင်းအရာ များကို နားလည် သဘောပေါက်စေရန်၊ |

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

| | | | |
|---|---|---|---|
| **တိုင်းဒေသကြီး နှင့် ပြည် နယ် အဆင့် နှင့် /သို့မဟုတ် နိုင်ငံအဆင့် အစည်းအဝေး (များ)** (လိုအပ်ပါက) | PAP<br><br>ဒေသခံ နှင့် နိုင်ငံအဆင့် CSOs<br><br>ဆက်စပ်သည့် ဝန်ကြီးဌာနများ<br><br>ဒေသအာဏာပိုင်များ<br><br>(သင့်လျော်ပါက) နိုင်ငံတကာ အဖွဲ့အစည်း များ<br><br>ဘာသာပြန်ဆိုသူ/များ<br><br>မီဒီယာ | အခြားဆက်စပ် ဝန်ကြီး ဌာနများ နှင့် ပူးပေါင်း လျက် EIA ဆိုင်ရာ တာဝန်ရှိသူများ – ကုန်ကျစရိတ်များကို စီမံကိန်းအဆိုပြုသူက ပေးရန်၊ | စိတ်ပါဝင်စားသည့် အဖွဲ့ များအားလုံးက တိုင်း ဒေသကြီး ပြည်နယ် အဆင့် နှင့်/သို့မဟုတ် နိုင်ငံအဆင့် သိသာ ထင်ရှားမှုများကို နားလည်သဘောပေါက် ရန်နှင့် ၎င်းတို့၏ ရှုထောင့် အမြင်များကို ပေးနိုင်ခွင့် ရရှိရန်၊ |

## ၉.၃ ပံ့ပိုးပေးရမည့် သတင်း နှင့် စုဆောင်း ကောက်ခံရမည့် အချက်အလက်များ

၉.၃.၁ EIA ဆိုင်ရာ တာဝန်ရှိသူသည် အပြီးသတ် EIA အစီရင်ခံစာ (နှင့်အတူ EMMP အပါအဝင် ဆက်စပ် စာရွက်စာတမ်းများနှင့် နောက်ဆက်တွဲများ) လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် အများပြည်သူ သိရှိနိုင် ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ဤအဆင့်တွင် အများပြည်သူ သိရှိစေသင့်သည့် (အနည်းဆုံးအနေဖြင့်) အရေးကြီးသည့် စာရွက်စာတမ်းများတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်–

- တိကျသော၊ နည်းပညာ မဆန်သော အကျဉ်းချုပ် အစီရင်ခံစာအပါအဝင် အချောသတ် EIA အစီရင်ခံစာ၊ EMMP နှင့် အခြားဆက်စပ် စာရွက်စာတမ်းများ (ဥပမာ လျော်ကြေးပေးခြင်း နှင့် ပြန်လည်နေရာချထားခြင်း လုပ်ငန်းအစီအစဉ်)၊
- နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း အစီရင်ခံစာ နှင့် အတည်ပြုပေးပြီးသည့် ToR၊ နှင့်
- ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ်၊

၉.၃.၂ (EIA လုပ်ငန်းစဉ်ရှိ အဆင့်များအားလုံးမှ) အများပြည်သူသိရှိရန် ထုတ်ပြန်လိုက်သည့် စာရွက် စာတမ်းများအားလုံးကို EIA ဆိုင်ရာ တာဝန်ရှိသူများ၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စီမံကိန်း အဆိုပြုသူနှင့် EIA အကြံပေးပုဂ္ဂိုလ်၏ ဝက်ဘ်ဆိုဒ်များတွင်လည်းကောင်း အသီးသီးတို့ တွင် ရရှိစေသင့် ပါသည်။ ဤစာရွက်စာတမ်းများကို အောက်ဖော်ပြပါ နေရာများအပါအဝင် နေရာတော်တော်များများ တွင် အများပြည်သူတို့ အခမဲ့ ရယူနိုင်သင့်ပါသည်–

- စီမံကိန်းအဆိုပြုသူ နှင့် EIA အကြံပေးပုဂ္ဂိုလ်၏ ရုံးများ၊
- ဒေသအာဏာပိုင်များ၏ရုံး သို့မဟုတ် ဒေသခံများ၏ အဆောက်အဦးတို့ကဲ့သို့ စီမံကိန်း တည်နေရာနှင့် နီးသည့် အနည်းဆုံး ခန်းမတစ်ခု၊
- အဓိက မြို့ပြ ဗဟိုဌာနများရှိ ဒေသခံ နှင့်/သို့မဟုတ် နိုင်အဆင့် တာဝန်ရှိ ရုံးများ၊
- EIA ဆိုင်ရာ တာဝန်ရှိသူများ၏ ရုံး၊

၉.၃.၃ EIA အစီရင်ခံစာနှင့် ဆက်စပ်စာရွက်စာတမ်းများ ရရှိနိုင်ကြောင်း ကြေညာချက်များ နည်းတူ ပြန်လည်ဆန်းစစ်ခြင်းတွင် EIAဆိုင်ရာ တာဝန်ရှိသူများထံ ဝေဖန်ချက်များ တင်ပြရန် ပုံမှန် ဖိတ်ခေါ်ခြင်း တို့ကို ဒေသပြန့်နှံ့မှု မြင့်မားစေရေးန် ပုံစံမျိုးစုံနှင့် မီဒီယာတို့ဖြင့် ပြုလုပ်သင့်ပါသည်။ အသုံးပြုသည့်

နည်းလမ်းများသည် ဒေသအခြေအနေများအပေါ်တွင် မူတည်သော်လည်း အောက်ဖော်ပြပါ အချက်များ ပါဝင်နိုင်ပါသည်–

- ရေဒီယိုနှင့် ရုပ်မြင်သံကြား တို့မှ ကြေညာခြင်း၊
- သတင်းစာတွင် ကြော်ငြာများ၊
- SMS သတင်းများဖြင့်ပေးပို့ခြင်း၊
- အဆိုပြုထားသည့် စီမံကိန်းနေရာ ၌ သော်လည်းကောင်း၊ အနီးဝန်းကျင်တွင် သော်လည်းကောင်း ကြော်ငြာခြင်း၊

၉.၃.၄ ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွင်း လက်ခံရရှိလာသော စာဖြင့်ရေးသားလာသည့် တုံ့ပြန်ချက်၊ ဝေဖန်ချက်များ နှင့် အကြံပြုချက်များအားလုံးကို PAP နှင့် အခြား ဆက်စပ် ပတ်သက်သူများ ပြန်ကြား သိရှိ စေသင့်ပါသည်။ ဤအကြောင်းများကိုလည်း အများပြည်သူများသိရှိရန် ဖွင့်ပေးထားသင့်ပြီး အင်တာနက်တွင်လည်း ရရှိစေသင့်ပါသည်။

## ၉.၄ EIA ဆန်းစစ်သည့်အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင်စေရေး အတွက် အရေးကြီးသည့်မေးခွန်းများ

EIA ပြန်လည်ဆန်းစစ်ခြင်း အပြီးတွင် EIA ကို အတည်ပြုရန်၊ ပြန်လည် ပြင်ဆင်ရန်၊ သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ရန် အလို့ငှာ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေဆိုနိုင်သင့်ပါသည်။ အဆိုပါ အရေးကြီးသည့် မေးခွန်းများကို EIA အစီရင်ခံစာ ပြန်လည်ဆန်းစစ်ခြင်းတွင် ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက် ပြည့်ဝခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေသည့် လမ်းညွှန်တစ်ရပ်ကဲ့သို့ ဖြစ်စေရန် ရည်မှန်းပါသည်။

**Table 13: EIA အစီရင်ခံစာ ပြန်လည်ဆန်းစစ်သည့်အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ**

| မေးခွန်း | သိရှိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N) | မှတ်ချက်များ |
|---|---|---|
| EIA ပြင်ဆင်စဉ်အတွင်း ယင်းအပေါ်တွင် အများပြည်သူ၏ အမြင်များ အလေးအနက် တောင်းခံခဲ့ပါသလား၊ | | |
| EIA အစီရင်ခံစာမှာ အဲဒီ အမြင်တွေကို ဘယ်လို ဖြေရှင်းပေးခဲ့သလဲ။ | | |
| EIA အစီရင်ခံစာနဲ့ ဆက်စပ် စာရွက်စာတမ်းတွေကို အများပြည်သူဆီ ရောက်ရှိအောင် ဘယ်လို အသိပေး လုပ်ဆောင်သလဲ။ | | |
| ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်မှ EIA အစီရင်ခံစာအပေါ် အများပြည်သူရဲ့ အမြင်တွေကို ဘယ်လို အလေးထား မေးမြန်းခဲ့လဲ။ | | |
| EIA အပေါ် အများပြည်သူရဲ့ အမြင်တွေကို ပြန်လည်ဆန်းစစ်တဲ့အခါ နဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့သူတွေကို EIA အတွက် အကြံပြုချက် ပြင်ဆင်တဲ့ အခါမှာ ဘယ်လို ထည့်သွင်းစဉ်းစားခဲ့လဲ၊ | | |
| EIA ကို ကြားနေ/ဘက်မလိုက်တဲ့ နည်းပညာဆိုင်ရာ ပြန်လည်ဆန်းစစ်ခြင်း တစ်ရပ် ပြုလုပ်ခဲ့လား။ | | |

## ၁၀။ အဆင့် ၅ – EIA အစီရင်ခံစာနှင့် EMMP တို့အပေါ် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

၁၀.၀.၁ EIA ဆိုင်ရာ တာဝန်ရှိသူသည် ၎င်း၏ EIA အစီရင်ခံစာကို ပြန်လည်ဆန်းစစ်ခြင်း ပြီးစီးသည် နှင့် EIA အစီရင်ခံစာအား အတည်ပြုပေးရန်သင့်၊ မသင့် ပုံမှန်ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်ရန် လိုအပ်ပါသည်။ EIA အစီရင်ခံစာတစ်စောင်ကို အတည်ပြုပေးရန် သင့်မသင့်၊ ပြန်လည်ပြင်ဆင်ရန် လိုမလို သို့မဟုတ် တိတိပပ ငြင်းပယ်ခြင်း ပြုမပြုတို့အပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အစိုးရ၏ အဆုံးစွန်သော တာဝန်ဖြစ်ပါသည်။ ယင်းသည် သတင်းအချက်အလက်ပြည့်စုံမှု နှင့် သိပ္ပံနည်းကျ အထောက်အထားများပေါ် အခြေခံပြီး လွတ်လပ်စွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ပြုလုပ်သင့်သည့် ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်ပါသည်။

၁၀.၀.၂ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးပါက EIA ဆိုင်ရာတာဝန်ရှိသူသည် အများပြည်သူနှင့် ဆက်စပ်ပတ်သက်သူများအား ယင်းဆုံးဖြတ်ချက်ကို အသိပေးရာတွင် အကြောင်းအရာ အကျဉ်းချုပ်တစ်ခုနှင့် ဤအတည်ပြုခြင်းနှင့် ဆက်နွယ်သည့် အခြား အခြေအနေများကို ဖော်ပြပေးသင့်ပါသည်။

### ၁၀.၁ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်

၁၀.၁.၁ EIA ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တွင် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၏ ရည်ရွယ်ချက်မှာ အစိုးရ၏ ဆုံးဖြတ်ချက်အား ဆက်စပ်ပတ်သက်သူများကို **အသိပေးရန်**နှင့် အကြောင်း ခိုင်လုံပါက အသနားခံစာအတွက် ယန္တရားတစ်ရပ် ပံ့ပိုးပေးရန် ဖြစ်ပါသည်။ EIA အစီရင်ခံစာ အပေါ် ဆုံးဖြတ်ချက်ချမှတ်ပြီးပါက ဆုံးဖြတ်ချက်ကို အများပြည်သူသိရှိစေရန် ပြည့်စုံသည့် အကြောင်းပြချက်များဖြင့် တတ်နိုင်သမျှ ထုတ်ပြန်ရမည်။ အများပြည်သူနှင့် စီမံကိန်းအဆိုပြုသူတို့ နှစ်ဖွဲ့လုံးတွင် အသနားခံခြင်း လုပ်ငန်းစဉ်ကို လက်လှမ်းမီစေရပါမည်။ အကယ်၍ EIA ကို အတည်မပြုပါက စီမံကိန်း အဆိုပြုသူသည် ဆုံးဖြတ်ချက်အား အသနားခံနိုင်သည့် အခွင့်အရေး နှင့်/သို့မဟုတ် EIA အစီရင်ခံစာအား ပြန်လည်ပြင်ဆင်ရန်နှင့် ပြန်လည်တင်ပြနိုင်သည့် အခွင့်အရေး ရှိနိုင်ပါသည်။ ဤ အကြောင်း အခြေအနေတွင် EIA ၏ နောက်ဆုံးအခြေအနေများ လက်လှမ်းမီရေး နှင့် နောက်ဆက်တွဲ အဆင့်များတွင် ဆက်လက်ပါဝင်နိုင်ခွင့် အများပြည်သူတွင် ရရှိရန်အရေးကြီးပါသည်။ အကယ်၍ EIA အစီရင်ခံစာအား အတည်ပြုပေးခဲ့ပါက PAP နှင့် အခြားဆက်စပ်ပတ်သက်သူများသည် ဆုံးဖြတ်ချက်အား အသနားခံရန် နှင့်/သို့မဟုတ် အတည်ပြုချက်တွင် အခြားအခြေအနေများ ထည့်သွင်း ဖြည့်စွက်ရန် အခွင့်အလမ်းများ လည်း ရှိရမည်ဖြစ်ပါသည်။

### ၁၀.၂ မျှော်မှန်းထားသည့် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအဆင့်

၁၀.၂.၁ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၏ အဓိက အချက်သည် ရေးဆွဲထားသည့် EMMP၊ ထောက်ခံအတည်ပြုပေးခဲ့သည့် အခြေအနေအရပ်ရပ် နှင့် EIA ဆိုင်ရာ တာဝန်ရှိသူ၏ ဆုံးဖြတ်ရသည့် အကြောင်းပြချက်တို့အပါအဝင် EIA ၏ ရလဒ်များကို PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအား အပြည့်အဝ **အသိပေး** ရမည်ဖြစ်ပါသည်။ ယင်းတွင် ဆုံးဖြတ်ချက် အပေါ် အသနားခံခြင်းနှင့် ပြန်လည် စဉ်းစားဆင်ခြင်စေခြင်းအတွက် မည်သည့်အခွင့်အရေးကိုမဆို ရရှိနိုင်ကြောင်း သတိပြုမိစေရေးလည်း ပါဝင်ပါသည်။ သို့အတွက်ကြောင့် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တွင် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အဆင့်မှာ ပူးပေါင်းပါဝင်ခြင်းနယ်ပယ်မှ **အသိပေးသည့်အဆင့်** ဖြစ်ပါသည်။

၁၀.၂.၂ ဌာနေတိုင်းရင်းသားများအား ထိခိုက်စေမည့် စီမံကိန်းအဆိုပြုလွှာများနှင့် ပတ်သက်၍ ကြိုတင် အသိပေးပြီး လွတ်လပ်စွာ သဘောတူညီချက်ရယူခြင်း (FPIC) ၏ သဘောတရားများ လိုက်နာရန်

ချမှတ်ထားသည့် နိုင်ငံများ၌ EIAကို အတည်ပြုပေးရာတွင် အခြေအနေတစ်ရပ် အနေဖြင့် EIA အနုစိပ် လေ့လာမှုနှင့် တွေ့ရှိချက်များအပေါ် ထိခိုက်နိုင်သည့် ဒေသနေတိုင်းရင်းသားများထံမှ သဘောတူညီချက် ရယူရန် လိုအပ်နိုင်ပါသည်။ ယင်းကို EIA အစီရင်ခံစာ ပြင်ဆင်နေစဉ်အတွင်း သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း အဆင့်တို့ ဆောင်ရွက်စဉ်အတွင်း အသုံးပြုနိုင်ပါသည်။ ထိုကဲ့သို့ ချဉ်းကပ်မှု နည်းလမ်းတစ်ရပ်သည် လက်တွေ့တွင် ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်၌ ဒေသနေ တိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုအဆင့်ကို **လုပ်ပိုင်ခွင့်အာဏာပေးသည့်အဆင့်** ထိ တိုးမြှင့်နိုင်ပါသည်။

## ၁၀.၃ ထုတ်ပြန်ပေးရမည့် သတင်းနှင့် ကောက်ခံစုစည်းရမည့် အချက်အလက်များ

၁၀.၃.၁ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ပြီးပြီးချင်း ယင်းကို အများပြည်သူသိရှိစေရန်အတွက် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် အများပြည်သူ၏ ဝေဖန်အကြံပြုချက်များကို မည်သို့ ထည့်သွင်း စဉ်းစား ထားကြောင်း ရှင်းလင်းချက်များအပါအဝင် ဆုံးဖြတ်ချက်၏ နောက်ကွယ်မှ ကျိုးကြောင်း ဖော်ပြချက် များနှင့်တကွ ထုတ်ပြန်ပေးသင့်ပါသည်။ ထို့ပြင် EIA ဆိုင်ရာ တာဝန်ရှိသူသည် EIA အစီရင်ခံစာအား ပြန်လည်ဆန်းစစ်ခြင်း အဆင့်တွင် ရရှိထားသည့် တင်ပြချက်များနှင့် ဝေဖန်ချက်များကို စာဖြင့် ရေးသားထားသော တုံ့ပြန်ချက်တစ်ရပ်လည်း ပြုလုပ်ပေးသင့်ပါသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ဒေသခံများ သည် ၎င်းတို့၏ စိုးရိမ်ပူပန်များကို မည်သို့ထည့်သွင်း စဉ်းစားဖြေရှင်းပေးထားကြောင်း သိရကာ ကျေနပ်မှုများ ရရှိစေပါသည်။

၁၀.၃.၂ ဤအဆင့်တွင် အများပြည်သူအနေဖြင့် ဆုံးဖြတ်ချက်အား အသနားခံနိုင်ခွင့်ရှိကြောင်းကို သိရှိရန် လိုအပ်ပါသည်။ အကယ်၍ EIA အစီရင်ခံအား အတည်ပြုမပေးပါက စီမံကိန်းအဆိုပြုသူ တစ်ဦး အနေဖြင့် အသနားခံစာ တင်သွင်းခြင်းနှင့် ယင်းလုပ်ငန်းစဉ်တစ်ခုလုံး မည်သို့လုပ်ကိုင် ဆောင်ရွက်နေကြောင်း အချက်အလက်အပြည့်အစုံနှင့်တကွ သတိထားမိစေရန် ပြုလုပ်ပေးခြင်းလည်း ပါဝင်ပါသည်။

## ၁၀.၄ EIA အစီရင်ခံစာအား ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့်မေးခွန်းများ

၁၀.၄.၁ EIA အစီရင်ခံစာ တစ်ရပ်ရပ်အား အတည်ပြုပေးသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ အပြီးသတ် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးပါက အောက်ဖော်ပြပါ မေးခွန်းများကို စီမံကိန်း အဆိုပြုသူ၊ EIA အကြံပေး ပုဂ္ဂိုလ်၊ EIA ဆိုင်ရာ တာဝန်ရှိသူနှင့် စိတ်ပါဝင်စားသည့် ဆက်စပ် ပတ်သက်သူများက ဖြေဆိုနိုင်သင့်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း အဆင့်တွင် ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက် ပြည့်ဝစွာ ရရှိခြင်း ရှိမရှိ ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေမည့် လမ်းညွှန်ချက် တစ်ရပ်အဖြစ် ဤအရေးကြီးသည့် မေးခွန်းများကို အသုံးပြုရန် ရည်ရွယ်ပါသည်။

**Table 14: EIA အစီရင်ခံစာအား ဆုံးဖြတ်ချက်ချမှတ်ခြင်းအဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ**

| မေးခွန်း | သိရှိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N) | မှတ်ချက်များ |
|---|---|---|
| ဆုံးဖြတ်ချက်အား ကျိုးကြောင်းဖော်ပြချက်များ နှင့်အတူ အများပြည်သူသိရှိအောင် အင်တာနက် နှင့် အခြား မီဒီယာများကတဆင့် ထုတ်ပြန်ပြီးပြီလား၊ | | |
| အတည်ပြုချက် ၏ အခြေအနေအရပ်ရပ်အား အများပြည်သူသိရှိစေရန် ထုတ်ပြန်ပြီးပြီလား၊ | | |
| အများပြည်သူရဲ့ တင်ပြချက်တွေနဲ့ အမြင်တွေကို EIA ပြန်လည်ဆန်းစစ်ခြင်း နှင့် ဆုံးဖြတ်ချက် | | |

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

| | | |
|---|---|---|
| ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း မည်သို့ ထည့်သွင်း စဉ်းစားခဲ့ကြောင်း တုံ့ပြန် ရှင်းလင်းခဲ့ပါသလား၊ | | |
| အများပြည်သူအနေဖြင့် အပြီးသတ်ဆုံးဖြတ်ချက် ကို နားလည်ပါသလား၊ ယင်းဆုံးဖြတ်ချက်ကို အသနားခံရေး (လိုအပ်၊ မလိုအပ် ဆုံးဖြတ်ရန် လုံလောက်သည့် သတင်းအချက်အလက်များနှင့်) အခွင့်အလမ်းများရှိပါသလား၊ | | |

## ၁၁။ အဆင့် ၆ – စီမံကိန်း စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း တွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

၁၁.၀.၁ EIA အစီရင်ခံစာတစ်စောင်အား အတည်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်သောအခါ EIA လုပ်ငန်းစဉ်ပါ အဆင့်များ၏ "ရှေ့ပိုင်းလုပ်ငန်းပြီးစီးခြင်း" သို့ ရောက်ရှိပြီ ဖြစ်ပါသည်။ EIA အစီရင်ခံစာအား အတည်ပြုပေးသည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) သို့မဟုတ် အလားတူ သက်သေခံလက်မှတ် ထုတ်ပေးကာ အခြားလုပ်ထုံးလုပ်နည်း လိုအပ်ချက်များအရ (ဥပမာ ဆက်စပ်ဌာနများထံမှ ခွင့်ပြုမိန့် များ၊ အစရှိသည်) လုပ်ဆောင်ရန်လိုအပ်ပြီး စီမံကိန်းအား ဆက်လက် အကောင်အထည်ဖော်ဆောင် နိုင်ပါမည်။ ဤအခြေအနေတွင် EIA လုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်များ – စီမံကိန်း အကောင်အထည် ဖော်ဆောင်မှုများကို စစ်ဆေးကြီးကြပ်ခြင်းနှင့် အတည်ပြုချက်နှင့် အခြား ဆက်စပ် အခြေအနေများနှင့် အညီ လိုက်နာဆောင်ရွက်ရေး သေချာစေရေး – ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၁၁.၀.၂ ဤအဆင့်တွင် EIA အစီရင်ခံစာ အတည်ပြုခြင်း (နှင့် အခြား လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုမိန့် ရယူ ခြင်း လုပ်ငန်းစဉ်တို့) ပြီးစီးသည့်အခါ (အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ် လုပ်ကိုင်ခြင်း၊ ရပ်စဲခြင်းနှင့် ပြန်လည်ထူထောင်ခြင်း)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်စဉ် ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းကို ဖော်ပြပါမည်။ တစ်ခါတစ်ရံတွင် ဆုံးဖြတ်ချက် နောက်ပိုင်း လုပ်ငန်းများကို ရည်ညွှန်းသည့် စာရင်းစစ်ခြင်း၊ စစ်ဆေးကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ် ခြင်း၊ လိုက်နာဆောင်ရွက်စေခြင်း နှင့်/သို့မဟုတ် အရေးယူဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတို့သည် EIA လုပ်ငန်းစဉ်၏ သီးခြားရလဒ်များအပေါ် ဆက်လက်လုပ်ဆောင်ခြင်းနှင့် စီမံကိန်းတစ်ခုအတွက် ခွင့်ပြုထားသည့် လုပ်ငန်းများနှင့်ရလဒ်များ၊ လိုအပ်သည့် စီမံခန့်ခွဲမှုနှင့် ထိခိုက်မှုလျှော့ချမည့် နည်းလမ်းများ၊ နှင့် လက်ခံနိုင်သည့် စီမံကိန်း၏ သက်ရောက်မှုအတိုင်း လိုက်နာဆောင်ရွက်စေခြင်း တို့ဖြစ်စေရန် မရှိမဖြစ် လိုအပ်ပါသည်။ ကာလအားဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်သည့် အချိန်ဖြစ်သဖြင့် PAP များသည် သက်ရောက်မှုများကို စတင်ခံစားရမည်ဖြစ်ပါသည်။ စီမံကိန်း သည်လည်း တစ်ဆင့်ပြီးတစ်ဆင့် စတင်လုပ်ဆောင်နေချိန်ဖြစ်သဖြင့် စီမံကိန်းအဆိုပြုသူ (နှင့် အခြား ထပ်ဆင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်သူများ)သည် အတည်ပြုချက် သို့မဟုတ် ခွင့်ပြုမိန့်တွင် ပါဝင်သည့် အခြေအနေများအားလုံး ပြည့်ဝစေရေး နှင့် EIA လုပ်ငန်းစဉ် လုပ်ဆောင်စဉ်အတွင်း ပြုခဲ့သည့် ကတိကဝတ်များနှင့် လုပ်ငန်းတာဝန်များအတိုင်း လိုက်နာရေး တို့ သေချာမှုရှိရန် PAP နှင့် အခြားဆက် စပ်ပတ်သက်သူများတွင် အခွင့်အလမ်းများ ရှိနေပါသည်။ အထူးသဖြင့် EMMP ကို စီမံကိန်း၏ ထိခိုက်မှု လျှော့ချမည့် နည်းလမ်းများနှင့် စီမံကိန်း၏ အခြေအနေများကို စစ်ဆေးကြီးကြပ်ခြင်းအတွက် အရေးကြီးသည့် ရည်ညွှန်းကိုးကားချက်တစ်ရပ်အဖြစ် အသုံးပြုနိုင်ပါသည်။ EIA အစီရင်ခံစာနှင့် EMMP များကို စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းနှင့် အရေးယူခြင်းမှ ရရှိလာသည့် အဓိက ရလဒ် များသည် EIA စစ်ဆေးကြီးကြပ်သည့် လုပ်ငန်းစဉ် ယန္တရား တိုးတက်ကောင်းမွန်လာရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

### ၁၁.၁ စီမံကိန်းအား စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း လုပ်ဆောင်စဉ် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်

၁၁.၁.၁ EIA အတည်ပြုပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းများအတွက် စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရလဒ်များ ရရှိရေးနှင့် စီမံကိန်း တည်ဆောက်ခြင်း၊ လည်ပတ် လုပ်ကိုင်ခြင်း၊ နှင့် အပြီးသတ် ရပ်စဲခြင်းစသည့် လုပ်ငန်းများသည် EIA အစီရင်ခံစာ၊ EMMP နှင့် EIA ဆိုင်ရာတာဝန်ရှိသူများ (နှင့် အခြား ဆက်စပ် တာဝန်ရှိသူများ) က ထုတ်ပေးထားသည့် အတည် ပြုချက်တွင် ပါဝင်သော အခြေအနေအရပ်ရပ် တို့နှင့် ကိုက်ညီသည့် EIA စနစ်၏ ပြည့်စုံကြွယ်ဝ ရေးတို့အတွက် ယင်းသည် မရှိမဖြစ် အရေးကြီးပါသည်။

၁၁.၁.၂ ဤကဲ့သို့ လိုက်နာဆောင်ရွက်မှု သေချာစေရန် နှင့် EIA အစီရင်ခံစာနှင့် EMMP တို့တွင် ပါဝင်သည့် ကတိကဝတ်များအား အောင်မြင်စွာရရှိစေရန် စီမံကိန်းအဆိုပြုသူ (သို့မဟုတ် ကြားနေ ကျွမ်းကျင်သူ တစ်စုံတဦး) က အတွင်းစည်း စစ်ဆေးကြီးကြပ်ခြင်းနှင့် ပြင်ပ အဖွဲ့များက လွတ်လပ်သော စစ်ဆေး ကြီးကြပ်ခြင်း နှစ်ရပ်လုံးပါဝင်သည့် စစ်ဆေးကြီးကြပ်ခြင်း စနစ်တစ်ရပ် လိုအပ်ပါသည်။ ယင်း ပြင်ပမှ စစ်ဆေးကြီးကြပ်ခြင်းကို (နိုင်ငံအဆင့် သို့မဟုတ် တိုင်းဒေသကြီး/ပြည် နယ်အဆင့်ရှိ) အစိုးရဌာန အဖွဲ့အစည်းများကဖြစ်စေ၊ ဒေသခံပြည်သူများကဖြစ်စေ၊ (နှစ်ဖွဲ့စလုံးကဖြစ်စေ)ဆောင်ရွက်နိုင် ပါသည်။

၁၁.၁.၃ စစ်ဆေးကြီးကြပ်ခြင်းသည် စီမံကိန်းအကောင်အထည်ဖော်သည့် သက်တမ်းတစ်လျှောက်လုံး ဆက်တိုက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပါသည်။ စီမံကိန်းသည် အတည်ပြုချက်တွင် ပါဝင်သော အခြေအနေများအတိုင်း လည်ပတ်လုပ်ကိုင်စေခြင်းဖြင့် စစ်ဆေးကြီးကြပ်ခြင်းသည် ဒေသခံပြည်သူများ အား ကျေနပ်မှုရရှိစေရေးတွင် အထောက်အကူဖြစ်စေပါသည်။ အကောင်အထည်ဖော်စဉ်အတွင်း ပေါ်ပေါက်လာသည့် အကြောင်းအရာများနှင့် စိုးရိမ်ပူပန်မှုများကို ပိုမိုဆိုးရွားမှု မဖြစ်ပေါ်မီ တုံ့ပြန် ဖြေရှင်း ဆောင်ရွက်ရာတွင်လည်း ယင်းသည် အထောက်အကူဖြစ်စေပါသည်။ စစ်ဆေးကြီးကြပ် ခြင်းဖြင့် အောက်ဖော်ပြပါ အချက်များကိုလည်း ခွဲခြားသတ်မှတ်နိုင်ပါသည် –

- EIA အစီရင်ခံစာ၊ EMMP နှင့် အခြား စာချုပ်ချုပ်ဆိုထားသည့် သဘောတူညီချက်များတွင် ပါရှိသည့် နည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရာတွင် ပျက်ကွက်မှု သို့မဟုတ် ကိုက်ညီမှု ရှိမရှိ၊
- ထိခိုက်မှု လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း နည်းလမ်းများတွင် အားနည်းချက်များရှိမရှိ (EIA အစီရင်ခံစာနှင့် EMMP တွင် ပါသည့်အတိုင်း ဆောင်ရွက်သော်လည်း ကြိုတင်မျှော်မှန်းထားသည့် သက်ရောက်မှုများ ရှောင်ရှားခြင်း နှင့် လျှော့ချခြင်းသို့ မရောက်ရှိသော အခြေအနေများ)
- EIA အစီရင်ခံစာတွင် မပါဝင်သေးသည့် အသစ်ဖြစ်သော သက်ရောက်မှုများ နည်းတူ ယင်းအတွက် သင့်လျော်သည့် ထိခိုက်မှု လျှော့ချမည့်နည်းလမ်းများနှင့် EMMP တွင် ဆက်စပ်ကာ ပြင်ဆင်မှုများ ရှိမရှိ နှင့်
- အလားတူစီမံကိန်းများ သို့မဟုတ် အလားတူ ဒေသတွင်းရှိ စီမံကိန်းများအပေါ်မှ အနာဂတ် EIA များအတွက် သင့်လျော်သည့် တွေ့ရှိချက်များနှင့် အတွေ့အကြုံများ ရှိမရှိ၊

၁၁.၁.၄ EMMP သည် ဆက်စပ်ပတ်သက်သူများ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များအပါအဝင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်းအား စစ်ဆေးကြီးကြပ်ခြင်းကို အကျုံးဝင်စေမည့် ပြည်သူ လူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းစွာ ဖော်ပြထားသင့်ပါသည်။ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်စဉ်အတွင်း EMMP တွင် အဆိုပါ ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရန် သေချာမှုရှိရေးတွက် လုပ်ငန်းစဉ်ယန္တရားတစ်ရပ်လည်း လိုအပ် ပါသည်။

၁၁.၁.၅ လိုက်နာဆောင်ရွက်မှု မရှိကြောင်း သို့မဟုတ် အခြေအနေများ ချိုးဖောက်မှု ရှိကြောင်း စစ်ဆေးတွေ့ရှိ ပါက လိုက်နာဆောင်ရွက်မှုရှိရေး အရေးယူရန် လုပ်ငန်းစဉ်ယန္တရားများသည် အဆင်သင့် ရှိရန် လိုအပ် ပြီး စီမံကိန်းအဆိုပြုသူသာမက PAP နှင့် အခြားဆက်စပ်ပတ်သက်သူများကပါ နားလည်သဘော ပေါက်ရန် လိုအပ်ပါသည်။

## ၁၁.၂ မျှော်မှန်းထားသည့် ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေး အဆင့်

၁၁.၂.၁ စီမံကိန်းအများအပြားတွင် စီမံကိန်းအဆိုပြုသူသည် ဒေသခံပြည်သူများအား စီမံကိန်းတွင် ၎င်းတို့ လည်း ပိုင်ဆိုင်မှုရှိကြောင်း ခံစားနားလည်ပြီး ယင်းစီမံကိန်း အောင်မြင်မှုရှိရေးတွင် ရင်းနှီးမြှုပ်စေလို ကြပါသည်။ စီမံကိန်းတစ်ရပ်ရပ်၏ စစ်ဆေးကြီးကြပ်ခြင်းတွင် ဖြစ်နိုင်ဖွယ်ရှိသော ပြည်သူလူထု

ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အသေးစိပ် အဆင့်သည် သီးခြား စီမံကိန်း အခြေအနေများအတွက် မည်သည်က သင့်လျော်မည်နည်း ဟူသည့်အပေါ်မူတည်နိုင်ပြီး အများပြည်သူအား **အသိပေးရေး** သေချာမှုရှိရန်မှ စတင်ကာ နိုင်ငံသားများလက်လှမ်းမီသည့် လွတ်လပ်သော စစ်ဆေးကြီးကြပ်မှု အစီအမံများ ဖြစ်ပေါ်စေခြင်း **(အသိပေးခြင်း** နှင့် **ဆွေးနွေးတိုင်ပင်ခြင်း အဆင့်များ)** မှတစ်ဆင့် စီမံကိန်းမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ကိုယ်စားလှယ်များက အတူတကွ ကြီးကြပ်သည့် စီမံကိန်း ပူးပေါင်း စစ်ဆေးကြီးကြပ်ခြင်း ကောင်စီ **(ပါဝင်သည့် အဆင့်** နှင့် **ပူးပေါင်းဆောင်ရွက်သည့် အဆင့်)** ဆီထိသို့ ကွဲပြားနိုင်ပါသည်။ တည်ထောင်ထားသည့် မကျေနပ်ချက်များ ဖြေရှင်းပေးရေး လုပ်ငန်းစဉ်ယန္တရားများမှတဆင့် ဆက်စပ် တာဝန်ရှိသူများထံသို့ ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် ချိုးဖောက်ခြင်းများ စသည် တို့အပေါ် အများပြည်သူက အစီရင်ခံ တင်ပြနိုင်ပါသည်။

၁၁.၂.၂ တည်ဆောက်ခြင်းကာလ (လချီ၊ နှစ်ချီ) ကြာမြင့်သည့် စီမံကိန်းများ အပါအဝင် သိသာထင်ရှားသည့် သက်ရောက်မှုများ ရှိသည့် အကြီးစား စီမံကိန်းများအတွက် ဒေသခံပြည်သူ ဆွေးနွေးတိုင်ပင်ခြင်း ကော်မီတီ ကဲ့သို့ ပုံစံတူ အဖွဲ့များ ပုံမှန် တွေ့ဆုံဆွေးနွေးသင့်ပါသည်။ အဆိုပါ ဒေသခံပြည်သူ ဆွေးနွေး တိုင်ပင်ခြင်း ကော်မီတီတွင် PAP တို့လည်း ကောင်းစွာ ကိုယ်စားပြုပါဝင်သင့်ပြီး ယင်းတို့ကိုယ်တိုင် ၎င်းတို့၏ ကိုယ်စားလှယ်ကို ရွေးချယ်ခွင့်ပေးသင့်ပါသည်။ CSOs များ၏ ကိုယ်စားလှယ်များလည်း ပါဝင်သင့်ပါသည်။ ဝေဖန်ချက်များနှင့် မကျေနပ်ချက်များ ဖြစ်ပေါ်လာပါက ချက်ချင်းကိုင်တွယ်ဖြေရှင်း နိုင်ရန်အတွက် စီမံကိန်းအဆိုပြုသူ၏ ကိုယ်စားလှယ်များလည်းပါဝင်သင့်ပါသည်။ EMMP ၏ ရှုထောင့် အမြင်မျိုးစုံနှင့်အညီ ယင်းအဖွဲ့ယန္တရားကိုလည်း ရန်ပုံငွေ သင့်လျော်စွာ ခွဲဝေပေးထားသင့်ပါသည်။ ဒေသခံပြည်သူ ဆွေးနွေးတိုင်ပင်ခြင်း ကော်မီတီတစ်ရပ်သည် ပြဿနာများနှင့် အကြောင်းအရာများကို လျင်လျင်မြန်မြန်နှင့် အကျိုးရှိရှိ ဖြေရှင်းနိုင်ရေး အလို့ငှာ PAP နှင့် အခြားဆက်စပ် ပတ်သက်သူ များနှင့် **ပါဝင်ခြင်း** နှင့် **ပူးပေါင်းဆောင်ရွက်ခြင်း** (နှင့် **လုပ်ပိုင်ခွင့်အာဏာပေးခြင်းအထိ)** လုပ်ဆောင် နိုင်ပါသည်။

၁၁.၂.၃ အရေးယူဆောင်ရွက်ခြင်း လုပ်ငန်းများသည် ဆက်စပ် အစိုးရ ဝန်ကြီးဌာနများ၏ ဆုံးဖြတ်ချက်များ ဖြစ်သည်နှင့်အညီ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများတွင် မကျေနပ်ချက်တိုင်တန်းသည့် ယန္တရားကို လက်လှမ်းမီမှု ရှင်းရှင်းလင်းလင်းထားရှိရမည်။ ယင်းကဲ့သို့ မကျေနပ်ချက်တိုင်တန်းသည့် ယန္တရားများသည် တန်ပြန်တိုက်ခိုက်ခြင်းမှ လွတ်လပ်မှု ရှိရမည်ဖြစ်ပါသည်။

### ၁၁.၂.၄ တည်ဆောက်မှုမစတင်မီ

စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ခြင်း အကြိုကာလ နှင့် တည်ဆောက်သည့်ကာလအတွင်း ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးအစီအစဉ်ကို ထိန်းသိမ်းထားသင့်ပါသည်။ စီမံကိန်းအဆိုပြု သူနှင့် တည်ဆောက်ရေး ကန်ထရိုက်တာများသည် စီမံကိန်းတည်ရှိရာနေရာတွင် မည်သည့် တည်ဆောက်ခြင်း လုပ်ငန်းများမစတင်မီ PAP နှင့် အစည်းအဝေးတစ်ခု စီစဉ်သင့်ပါသည်။ အဆိုပါ အစည်းအဝေးသည် အဆိုပြုထားသည့် တည်ဆောက်ရေး အစီအစဉ်နှင့် ဆက်စပ် သတင်းအချက် အလက်များ (ဥပမာ တည်ဆောက်မည့်နေရာအတွက် သီးခြား EMMP နှင့် ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေးအစီအစဉ်)ကို ထုတ်ပြန်ဆွေးနွေးသင့်ပါသည်။ ထရပ်ကားများနှင့် တည်ဆောက်ရေး ယာဉ်များအရေအတွက်၊ လုပ်ငန်းအရေအတွက်၊ တည်ဆောက်သည့် တစ်နေ့တာ အချိန်နာရီ၊ ကြာမြင့် မည့် အချိန်ကာလနှင့် PAP အပေါ် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ စသည်တို့ကဲ့သို့ အကြောင်း အရာများကို အသေးစိပ် ဆွေးနွေးသင့်ပါသည်။

### ၁၁.၂.၅ တည်ဆောက်ခြင်း

စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေး အချိန်ကာလအတွင်း ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ်အသေးစိပ်ဖြင့် အကောင်အထည်ဖော်ဆောင်သင့်ပါသည်။ မကျေနပ်ချက်

များအား ဖြေရှင်းပေးရန်အတွက် (ဒေသခံပြည်သူ ဆွေးနွေးတိုင်ပင်ခြင်း ကော်မီတီ ကဲ့သို့) ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးရန် အသေးစိပ် ယန္တရားများဖြင့် ပံ့ပိုးပေးသင့်ပါသည်။

**၁၁.၂.၆ လည်ပတ်လုပ်ကိုင်ခြင်း**

လုပ်ငန်းလည်ပတ်လုပ်ကိုင်သည့် အချိန်ကာလသည် စီမံကိန်းသက်တမ်းကုန်သည်အထိ ကြာမြင့်နိုင်ပြီး ယင်းတွင် ကိုယ်ပိုင် EMMP ရှိရမည်။ အဆိုပါ EMMP တွင် ပုံမှန်လုပ်ငန်းလည်ပတ်လုပ်ကိုင်စဉ် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအား စီမံခန့်ခွဲရေးအတွက် အသေးစိပ်များ ပါဝင်ပါသည်။ လုပ်ငန်းလည်ပတ်လုပ်ကိုင်သည့်ကာလအတွင်း စီမံကိန်း၏ လည်ပတ်လုပ်ကိုင်မှုများကြောင့် ထွက်ရှိလာသည့် မည်သည့် ညစ်ညမ်းမှုများ နှင့် စွန့်ပစ်ပစ္စည်းများကိုမဆို ပုံမှန် စစ်ဆေးကြီးကြပ်ခြင်း လိုအပ်ပါမည်။ လေထုညစ်ညမ်းမှု၊ အသံဆူညံမှု၊ အမြင့်ရှုပ်ထွေးမှု သို့မဟုတ် ရေ ညစ်ညမ်းမှုတို့ ဖြစ်နိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများသည် ပြန်လည်သုံးစွဲနိုင်သည့် စွန့်ပစ်ပစ္စည်း၊ ယေဘုယျ အမှိုက်သရိုက် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းစသည်ဖြင့် ပုံစံအမျိုးမျိုးတို့ ဖြစ်နိုင်ပါသည်။

**၁၁.၂.၇ ရပ်စဲပိတ်သိမ်းခြင်း နှင့် ပြန်လည်ထူထောင်ခြင်း**

စီမံကိန်းတစ်ခု၏ ရပ်စဲပိတ်သိမ်းခြင်းအဆင့်တွင် ယေဘုယျအားဖြင့် အဆောက်အဦးများ ဖျက်သိမ်းခြင်း၊ စွန့်ပစ်ပစ္စည်းများ စုပုံစွန့်ပစ်ခြင်း၊ နှင့် ယင်းနေရာအား ပြန်လည်ထူထောင်ခြင်းတို့ ပါဝင်ပါသည်။ စီမံကိန်း၏ သဘောသဘာဝအပေါ်မူတည်၍ ခွန်အားစိုက်ထုတ်မြှုပ်နှံလုပ်ဆောင်ရမည့် EMMP တစ်ခု လိုအပ်နိုင်ပါသည်။ ဤအချိန်ကာလအတွင်း ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတွင် ယင်းနေရာ၏ အနာဂတ်ကာလအတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်ရေးဆွဲရာ၌ PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအတွက် အခွင့်အလမ်းများ ပါဝင်စေသင့်ပါသည်။

## ၁၁.၃ ပံ့ပိုးပေးရမည့် သတင်း နှင့် ကောက်ခံ စုစည်းရမည့် အချက်အလက်

၁၁.၃.၁ အများပြည်သူအနေဖြင့် စီမံကိန်းအကောင်အထည် ဖော်ဆောင်ခြင်းအပေါ် ကျယ်ပြန့်သည့် သတင်းအချက်အလက်များကို ကောင်းစွာသဘောပေါက်နားလည်ခြင်းနှင့် အဆင့်သင့် ရရှိနိုင်သည့် ခန်းမများမှ တစ်ဆင့် လက်လှမ်းမီ ရရှိပါမည်။ အဆိုပါ သတင်းအချက်အလက်များတွင် စစ်ဆေးကြီးကြပ်ခြင်း အစီရင်ခံစာများ၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်နှင့် လိုက်နာဆောင်ရွက်ခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများအထိ လွှမ်းခြုံပါသည်။

၁၁.၃.၂ ပုံမှန် စစ်ဆေးကြီးကြပ်ခြင်း အစီရင်ခံစာများကို အများပြည်သူသိရှိစေရန် စီမံကိန်းပိုင်ရှင်၏ ဝက်ဘ်ဆိုဒ် (များ)နှင့် EIA ဆိုင်ရာ တာဝန်ရှိသူများ (သို့မဟုတ် အခြားဆက်စပ် အစိုးရဌာနများ)ထံရှိ အစီရင်ခံစာများအတွက် အစိုးရဌာန ဝက်ဘ်ဆိုဒ်တို့တွင် ထုတ်ပြန်ပေးရပါမည်။ စစ်ဆေးကြီးကြပ်ခြင်း အစီရင်ခံစာများသည် နည်းပညာဆိုင်ရာ အချက်အလက်အကြမ်း နှင့် အများပြည်သူက နားလည်နိုင်သည့် တိကျသော သတင်းအချက်အလက်အကျဉ်းချုပ်များ ဟူ၍ နှစ်မျိုးလုံးဖြင့် ပံ့ပိုးပေးရပါမည်။

၁၁.၃.၃ စီမံကိန်း အဆိုပြုသူသည် (တည်ဆဲဥပဒေများကို လိုက်နာကာ)အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် စီမံကိန်း၏ သုံးစွဲမှုများနှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပုံမှန်အားဖြင့် ထုတ်ပြန်ပြီး အမြဲတမ်း မွမ်းမံဆန်းသစ်သင့်ပါသည်-

- ထိခိုက်မှု လျှော့ချခြင်း နှင့် စီမံခန့်ခွဲခြင်းနည်းလမ်းများ၊
- စစ်ဆေးကြီးကြပ်ခြင်းစနစ်များ၊
- စီမံကိန်း၏ ကတိကဝတ်များ၊ နှင့်
- စီမံကိန်း၏ခြုံငုံသုံးစွဲမှု (ထိခိုက်မှုလျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းနည်းလမ်းများအတွက် သုံးစွဲမှု နှင့် ဒေသခံပြည်သူများ၏ အကျိုးကျေးဇူးအတွက် သုံးစွဲမှု အချိုးကို နားလည်သဘောပေါက်နိုင်စေရန်)

၁၁.၃.၄ အဓိပ္ပါယ်ပြည့်ဝသော အရေးယူဆောင်ရွက်မှုများ ဖြစ်ပေါ်စေရေး နှင့် စိတ်ပါဝင်စားသည့်အဖွဲ့များ အနေဖြင့်လည်း မကျေနပ်ချက်တိုင်တန်းသည့် ယန္တရားများကို အသုံးပြုနိုင်ရေး တို့အတွက် PAPနှင့် အခြား ဆက်စပ်ပတ်သက်သူများတွင် -

- လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပြီး ချိုးဖောက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက် များ ရရှိရမည်။
- ပြန်လည်ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ရရှိရမည့်အပြင်
- မွမ်းမံဆန်းသစ်ထားသည့် EMMP များနှင့် စီမံကိန်းအတည်ပြုရာတွင် ထည့်သွင်းဖော်ပြထားသည့် အခြေအနေများကို သိရှိနိုင်ရမည်။

၁၁.၃.၅ အချုပ်အားဖြင့် (တည်ဆောက်ခြင်း အကြို၊ တည်ဆောက်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း၊ ရပ်စဲ ပိတ်သိမ်းခြင်း နှင့် ပြန်လည်ထူထောင်ခြင်းများအပါအဝင်) စီမံကိန်း အကောင်အထည်ဖော်ဆောင်စဉ် ကာလအတွင်း PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအတွက် အောက်ဖော်ပြပါအချက်များ အပါအဝင် ကျယ်ပြောလှသော သတင်းအချက်အလက်ကို အတိုင်းအတာတစ်ခုအနေဖြင့် ရရှိသင့်ပါ သည်-

- EMMP များနှင့် ယင်း၏ မွမ်းမံဆန်းသစ်ချက်များ၊
- လစဉ် နှင့် လပတ် လုပ်ငန်း အစီရင်ခံစာများ၊
- စံချိန်စံညွှန်းနှင့် နှိုင်းယှဉ်ထားသော အမှန်တကယ် ထုတ်လွှတ်မှုများ၊
- အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများနှင့် ညစ်ညမ်းမှုအဆင့်နှင့် ဘေးအန္တရာယ်ဖြစ် စေသည့် စွန့်ပစ်ပစ္စည်းများသယ်ဆောင်မှု၊
- ဒေသခံပြည်သူ ဆွေးနွေးတိုင်ပင်ခြင်း ကော်မီတီ (သို့မဟုတ် အခြားညှိနှိုင်းဆောင်ရွက်မှု) ၏ အစည်းအဝေးမှတ်တမ်းများနှင့် အစီရင်ခံစာများ၊
- ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုများအတွက် လုပ်ငန်းအဆင့်များ နှင့် တုံ့ပြန်မှုများ၊
- (EMMP အား အကောင်အထည်ဖော်ခြင်းအပါအဝင်) ဘဏ္ဍာရေးအစီရင်ခံစာများ၊

၁၁.၃.၆ စီမံကိန်းအကောင်အထည်ဖော်ခြင်းကာလတွင် ထုတ်ဝေဖြန့်ချိခဲ့သော သတင်းအချက်အလက်များ သည် PAP နှင့် အခြားဆက်စပ်ပတ်သက်သူများအတွက် အလွယ်တကူရရှိရန်လိုအပ်ပြီး အများပြည်သူ အနေဖြင့် နားလည်လွယ်သည့် ပုံစံဖြင့် ထုတ်ဝေရပါသည်။ အဆိုပါ သတင်းအချက်အလက်များသည် အများပြည်သူမှ တောင်းဆိုလာပါက အမြဲတမ်း အဆင်သင့် ရရှိစေသင့်ပါသည်။

## ၁၁.၄ စီမံကိန်း စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထု ပူးပေါင်း ပါဝင် ဆောင်ရွက်ရေး အတွက် အရေးကြီးသည့် မေးခွန်းများ၊

၁၁.၄.၁ EIA အတည်ပြုခြင်းတစ်ရပ်အရ (ကြိုတင်ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် ပိတ်သိမ်းခြင်း စသည့်)စီမံကိန်းအကောင်အထည်ဖော်ဆောင်စဉ်ကာလအတွင်း မည်သည့် အချိန်တွင်မဆို အောက်ဖော်ပြပါ မေးခွန်းများကို စီမံကိန်းအဆိုပြုသူ၊ ကန်ထရိုက်တာများ၊ EIA ဆိုင်ရာ တာဝန်ရှိသူ နှင့် စိတ်ပါဝင်စားသည့် ဆက်စပ်ပတ်သက်သူများအနေဖြင့် ဖြေဆိုနိုင်သင့်ပါ သည်။ အဆိုပါ အရေးကြီးသည့် မေးခွန်းများကို စီမံကိန်း စစ်ဆေးကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက် ခြင်းနှင့် အရေးယူခြင်း အဆင့်တွင် ပူးပေါင်းပါဝင်ခြင်း၏ ရည်ရွယ်ချက် ပြည့်ဝမှု ရှိမရှိ ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေသည့် လမ်းညွှန်ချက်တစ်ရပ် အဖြစ် အသုံးပြုရန် ရည်ရွယ်ပါသည်။

**Table 15: စီမံကိန်းအား စိစစ်ကြီးကြပ်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူခြင်း အဆင့်တွင် အဓိပ္ပါယ်ပြည့်ဝသော ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် မေးခွန်းများ၊**

| **မေးခွန်း** | **သိရှိပြီး သို့မဟုတ် ဆောင်ရွက်ပြီး (Y/N)** | **မှတ်ချက်များ** |
|---|---|---|
| စီမံကိန်းအကောင်အထည်ဖော်ခြင်း နှင့် စစ်ဆေးကြီးကြပ်ခြင်း အစီရင်ခံစာများ အမြဲတမ်း ရရှိနိုင်ပါသလား၊ | | |
| စီမံကိန်း အကောင်အထည်ဖော်ခြင်း နှင့် စစ်ဆေးကြီးကြပ်ခြင်း အစီရင်ခံစာများကို မည်သည့်နေရာတွင် ထားရှိပါသလဲ။ | | |
| အကောင်အထည်ဖော်ဆောင်နေသည့် စီမံကိန်းသည် တည်ဆဲဥပဒေများ၊ အတည်ပြုချက်များ နှင့် အခြေအနေများ၊ EIA နှင့် EMMP စသည်တို့ အားလုံး နှင့် ကိုက်ညီပါသလား။ | | |
| စီမံကိန်းမှ ထိခိုက်မှု လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်း နည်းလမ်းများဖြင့် EIA တွင် ကြိုတင်မျှော်မှန်းထားသည့်အတိုင်း သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်နေသလား၊ | | |
| အဓိက အညွှန်းများအရ ပတ်ဝန်းကျင် ပိုမို တိုးတက်ကောင်းမွန်ခြင်း သို့မဟုတ် ဆုတ်ယုတ်ခြင်း ကို ပြနေသလား၊ | | |
| အခြားဆက်စပ်ပတ်သက်သူများနှင့်တကွ PAP တို့ ပူးပေါင်းပါဝင်သည့် စစ်ဆေးကြီးကြပ်ခြင်း လုပ်ငန်းများ ရှိသလား၊ | | |
| ပုံမှန် ဒေသခံပြည်သူ ဆွေးနွေးတိုင်ပင်ခြင်း ကော်မီတီ တစ်ရပ် သို့မဟုတ် ဒေသခံနှင့် ညှိနှိုင်းသဘောတူညီချက် ရယူသည့် အခြားပုံစံ တစ်မျိုးမျိုး ရှိသလား။ | | |
| စီမံကိန်း၏ အခြေအနေအရပ်ရပ်ကို ဒေသခံပြည်သူများက သတိပြုမိသလား၊ | | |
| စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကို ဖော်ပြရန် သို့မဟုတ် မကျေနပ်ချက်များကို ဖော်ပြရန် မကျေနပ်ချက်တိုင်တန်းသည့် ယန္တရားကို PAP နှင့် အခြားဆက်စပ်ပတ်သက်သူများက သတိပြု သိရှိပါသလား၊ | | |
| မကျေနပ်ချက်များ တိုင်တန်းခဲ့ဘူးပါသလား၊ တိုင်တန်းခဲ့ပါက သူတို့ ဘယ်လို ဖြေရှင်းဆောင်ရွက်သလဲ။ | | |

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

# နောက်ဆက်တွဲ ၁။ ဒေသတွင်း EIA အဖွဲ့ဝင်များ၏ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့

| | အမည် | ရာထူး နှင့် အဖွဲ့အစည်း |
|---|---|---|
| ကမ္ဘောဒီးယား | မစ္စတာ ဒန်းဆီရီ | ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဌာန (DEIA)၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန (MOE) |
| | မစ္စတာ ချိရာလင်း | DEIA ၏ ဒုတိယ အကြီးအကဲ အရာရှိနှင့် ဌာန ညွှန်ကြားရေးမှူး၊ ကမ်းရိုးတန်း သဘာဝ သယံဇာတများ စီမံခန့်ခွဲမှု ဌာန၊ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန (MOE) |
| | မစ္စတာ ဆန်းဆိုချင်ဒါ | ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဌာန ညွှန်ကြားရေးမှူး၊ ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်မှု ကောင်စီ (CDC) |
| | မစ္စတာ တက်ခ်ဗန်နရ | အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး၊ ကမ္ဘောဒီးယားနိုင်ငံ NGO ဖိုရမ် (NGOF) |
| | မစ္စတာ မမ်ဆမ်ဘက် | အမှုဆောင် ညွှန်ကြားရေးမှူး၊ လုပ်ဆောင်ချက်များ ဖွံ့ဖြိုးရေး နှင့် မိတ်ဖက် (DPA) |
| လာအို | မစ္စတာ အော်လန်ဟန် ဘန်ဖိုလွန် | ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စီမံကိန်းများ စစ်ဆေးကြီးကြပ်မှု ဌာန၊ ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု ဆန်းစစ်ခြင်း ဌာန (DEIA)၊ MONRE |
| | မစ္စတာ ဆွန်ဘန် ဘာတဘွန် | စွမ်းအင်ဆိုင်ရာစီမံကိန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း ဗဟိုဌာန၏ ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်မှု ဆန်းစစ်ခြင်းဌာန၊ MONRE |
| | မစ္စတာ ဆစ်စင်ဖွန်ဖက်ဒေအိုဟီအင်း | ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ စီမံကိန်းရေးဆွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန (MPI) |
| | မစ္စတာ ဆားဖက်စဘာလေး | စီမံကိန်းမန်နေဂျာ၊ ကျေးရွာဗဟိုပြုသည့် နိုင်ငံတကာအဖွဲ့ (VFI) |
| | မစ္စတာ မာနိုလင်း သက်ခန်ဗွန် | ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေအကျိုးတော်ဆောင်၊ ဥပဒေ နှင့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက် (LDP) |
| မြန်မာ | ဦး စ အောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး၊ သဘာဝသယံဇာတ ထိန်းသိမ်းကာကွယ်ခြင်းနှင့် EIA ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) |
| | ဒေါ်ရီရီချို | ဦးစီးအရာရှိ၊ သဘာဝသယံဇာတ ထိန်းသိမ်းကာကွယ်ခြင်း နှင့် EIA ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) |
| | ဒေါ်ရီရီထွေး | ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများစီမံခန့်ခွဲရေး ဦးဆောင် ညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသား စီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ |
| | ဒေါ် နော်အိအိမင်း | ညွှန်ကြားရေးမှူး၊ ရိုးရာဝန်းကျင် မြှင့်တင်ရေးအဖွဲ့ (POINT) |
| | ဦးထွန်းပေါ်ဦး | *သစ်တောသယံဇာတ၊ ပတ်ဝန်းကျင် ဖွံ့ဖြိုးမှု နှင့် ထိန်းသိမ်းရေးအဖွဲ့* (FREDA) |
| ထိုင်း | မစ္စ ဂန်ဒ ပီယဂွန် | ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု အကဲဖြတ်ခြင်း ကျွမ်းကျင်ပညာရှင်၊ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင် ရေးရာ မူဝါဒ နှင့် စီမံကိန်း ရုံး (ONEP)၊ MONRE |
| | မစ္စ ဆေအိုဝပ ဟင်းဂျာနဟာနာ | ဖွံ့ဖြိုးမှု နှင့် စစ်ဆေးကြီးကြပ်ခြင်း ဌာနမှူး၊ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင် ရေးရာ မူဝါဒ နှင့် စီမံကိန်း ရုံး (ONEP)၊ MONRE |
| | မစ္စ ချာနာကော့ ချဆဒ်ပွန် | စီမံကိန်းနှင့် မူဝါဒ ဆန်းစစ်သူ၊ ကျွမ်းကျင်အတတ်ပညာရှင်အဆင့်၊ အမျိုးသား စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးမှု အဖွဲ့ (NESDB) |
| | မစ္စတာ ဆပ်ဖကစ်နန်တဗိုရာကာမ် | အများပြည်သူဆိုင်ရာ မူဝါဒ မန်နေဂျာ၊ ကျန်းမာသော ပြည်သူလူထု ဆိုင်ရာ မူဝါဒ ဖောင်ဒေးရှင်း (HPPF) |
| | မစ္စ အားပါဝမ်းကိယက် | ကထိက၊ ပတ်ဝန်းကျင်ရေးရာ အင်ဂျင်နီယာဌာန၊ ရန်ဆစ် တက္ကသိုလ် |
| ဗီယက်နမ် | မစ္စတာ ဖန်အန်ဒမ် | ဒုတိယ ညွှန်ကြားရေးမှူး၊ စစ်တမ်းကောက်ယူခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဌာန၊ (DAEIA)၊ ဗီယက်နမ် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး၊ MONRE |
| | မစ္စတာ အင်ငဗီယက်ဟိုင်း | တာဝန်ခံ၊ စစ်တမ်းကောက်ယူခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဌာန၊ (DAEIA)၊ ဗီယက်နမ် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး၊ MONRE |
| | မစ္စတာ ငုရင်တွမ်အန် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံ၊ ပညာရေး၊ သဘာဝသယံဇာတ နှင့် ပတ်ဝန်းကျင် ဌာန၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန (MPI) |

| | | |
|---|---|---|
| | မစ္စ ငုရင်ငို့လိုင် | ညွန်ကြားရေးမှူး၊ ပတ်ဝန်းကျင် နှင့် ဒေသခံပြည်သူ သုတေသန ဗဟိုဌာန (CECR) |
| | မစ္စတာ ထရင်လီငုရင် | အမှုဆောင် ညွှန်ကြားရေးမှူး၊ လူနှင့်သဘာဝ ပေါင်းစပ်ရေး (PanNature) |

နည်းပညာဆိုင်ရာ ဖြည့်စွက် အကူအညီများကို အမျိုးသားအဆင့်အကြံပေးများက ပံ့ပိုးပေးခဲ့ကြပါသည်။

- မစ္စတာ ဆွတ်ဖန်နာ၊ ကမ္ဘောဒီးယား၊
- မစ္စ ကမ်ဆီချန်ဆာမေ၊ လာအို
- မစ္စတာ မာတင်ကော်စီယာ၊ မြန်မာ
- မစ္စ ပယ်ရီချတ် ဆီဗာရာဆပ်
- မစ္စ လီဟွမ်လန်း

ယင်းပြင် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များဖြစ်သော

- မစ္စတာ မက်သယူ ဘဲယာ့
- ဒေါက်တာ ပီတာကင်း
- မစ္စ ရိုဘင်ကော်ဆင်၊ US ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေး အေဂျင်စီ၊
- မစ္စ ဘင်ဆာကိုလာပလန်နင်ဆစ်၊ SEA ဌာနမှူး၊ ပတ်ဝန်းကျင်နှင့် မြေယာသဘာဝ (spatial) စီမံကိန်း ဝန်ကြီးဌာန၊ ဥရောပသမဂ္ဂ

တို့ပါဝင်ကြပါသည်။

EIA နှင့်ပတ်သက်၍ ဒေသတွင်း နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ပတ်ဝန်းကျင်စီမံကိန်းများအတွက် USAID ၏ မဲခေါင်ဒေသမိတ်ဖက်အဖွဲ့မှ ပံ့ပိုးကူညီပေးပြီး Pact ၊ အာရှ ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်ရေးနှင့် အရေးယူဆောင်ရွက်ရေး ကွန်ယက် နှင့် အခြား မိတ်ဖက်အဖွဲ့များက အကောင်အထည်ဖော် ဆောင်ခဲ့ကြပါသည်။

## နောက်ဆက်တွဲ ၂။ အဓိက ဝေါဟာရများနှင့် အနက်အဓိပ္ပါယ်များ

၂.၁ ဤအပိုင်းတွင် EIA လုပ်ငန်းစဉ်၌ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းနှင့် ဆက်စပ်သော အဓိက ဝေါဟာရများနှင့် သဘောတရားအချို့၏ အဓိပ္ပါယ်များကို ဤလမ်းညွှန်ချက်တွင် အသုံးပြုထားခြင်းကြောင့် ဖွင့်ဆိုဖော်ပြထားပါသည်။ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများသည် တစ်ခါတစ်ရံ အလားတူ သဘောတရားများအတွက် ကွဲပြားသော စကားလုံးများနှင့် စကားစုများဖြင့် အသုံးပြုလျက်ရှိကြပြီး ယင်းစကားလုံးများနှင့် စကားစုများကိုလည်း ကွဲပြားစွာ အဓိပ္ပါယ်ဖွင့်ဆိုလျက်ရှိကြပါသည်။ ဤအပိုင်းတွင် ပါဝင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် နိုင်ငံအလိုက် ဖွင့်ဆိုထားသော အနက်အဓိပ္ပါယ်များကို အစားထိုးအသုံးပြုရန် မရည်ရွယ်သကဲ့သို့ မည်သည့် ဥပဒေကြောင်းရည်ရွယ်ချက်များအတွက်မျှ အသုံးပြုမည်မဟုတ်ပါ။ ဤလမ်းညွှန်ချက်တွင် ဖော်ပြထားသော ဝေါဟာရများနှင့် သဘောတရားများ အသုံးပြုပုံကို ဤလမ်းညွှန်ချက်အား အသုံးပြုသူများအတွက် ပိုမို နားလည်သဘောပေါက်စေရေး အထောက်အကူဖြစ်စေရန် ဖော်ပြထားခြင်းဖြစ်ပါသည်။

၂.၂ **ဆိုးကျိုးသက်ရောက်မှု** – စီမံကိန်းအဆိုပြုသူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့်ဖြစ်စေ၊ စီမံကိန်းကို ဒီဇိုင်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း သို့မဟုတ် ရပ်စဲခြင်းကြောင့် ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခြားလုပ်ဆောင်မှု တစ်ခုခုကြောင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ပေါ်ပေါက်သည့် ပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် လုပ်ငန်းခွင် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု သို့မဟုတ် ပတ်ဝန်းကျင် ၊ တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များ အပါအဝင် အဆောက်အဦး၊ လူပုဂ္ဂိုလ်၊ သဘာဝသယံဇာတအရင်းအမြစ်များကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေမှု ကိုဆိုလိုပါသည်။

၂.၃ **အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ** – အဆိုပြုထားသည့် စီမံကိန်းတစ်ခုနှင့်ဆက်စပ်၍ ယင်း၏ ယေဘုယျ ရည်ရွယ်ချက် နှင့် လိုအပ်ချက်များကို လက်တွေ့ဆောင်ရွက်ရန်ဖြစ်နိုင်သည့် (အဆိုပြုလွှာအား ဆက်လက်မလုပ်ဆောင်ခြင်းကဲ့သို့ အခြားရွေးချယ်နိုင်မှုများ နည်းတူ) အခြားနည်းလမ်းများကို ဆိုလိုပြီး ယင်းစကားရပ်တွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်–

- စီမံကိန်းအကောင်အထည်ဖော်ရန် အဆိုပြုထားသည့် နေရာ သို့မဟုတ်ယင်းအပေါ်ရှိ ပစ္စည်းများ၊
- အကောင်အထည်ဖော်မည့် စီမံကိန်းအမျိုးအစား၊
- စီမံကိန်း၏ ဒီဇိုင်းနှင့် အသေးစိပ်ပုံစံ၊
- စီမံကိန်းတွင် အသုံးပြုမည့် နည်းပညာ၊
- စီမံကိန်းအား လည်ပတ်လုပ်ကိုင်မည့် ရှုထောင့်အမြင်၊ နှင့်
- စီမံကိန်း၏ အခြား အချက်အလက်များ သို့မဟုတ် ရှုထောင့်အမြင်များ၊

၂.၄ **အရပ်ဘက်လူမှုအဖွဲ့အစည်း** (CSO)– ဒေသခံ အဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂများ၊ စွန့်ပစ်ခံ အဖွဲ့များ၊ အလှူအတန်းပြုသည့်အဖွဲ့အစည်းများ၊ ဘာသာရေး အခြေပြုအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ နှင့်ဖောင်ဒေးရှင်းများ အပါအဝင် ကျင့်ဝတ်၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ သိပ္ပံပညာ၊ ဘာသာရေး သို့မဟုတ် ပရဟိတ ဆိုင်ရာ စဉ်းစားတွေးခေါ်မှုများကို အခြေခံသော ၎င်း၏ အဖွဲ့ဝင်များသာမက အခြားသူများအပေါ် တန်ဖိုးထားမှု နှင့် စိတ်ဝင်စားမှုတို့ကို ဖော်ပြလျက် ပြည်သူလူထု၏ ဘဝနေထိုင်မှုအတွက် တည်ရှိသည့် အစိုးရမဟုတ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းများကို ဆိုလိုပါသည်။

၂.၅ **ပူးပေါင်းဆောင်ရွက်သည့်အဆင့်** – အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ ဖွံ့ဖြိုးပေါ်ပေါက်စေခြင်းနှင့် လိုလားသည့် ဖြေရှင်းဆောင်ရွက်မှုများကို ခွဲခြားသတ်မှတ်ခြင်းတို့အပါအဝင် ဆုံးဖြတ်ချက်၏ ရှုထောင့်

အသီးသီးတွင် ပြည်သူလူထုနှင့် မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်ရန် ရည်ရွယ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှု နယ်ပယ် အဆင့်တစ်ခု၊

၂.၆ **ဆွေးနွေးတိုင်ပင်သည့်အဆင့်** - အနုစိပ်လေ့လာခြင်း၊ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ နှင့်/သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အများပြည်သူ၏ တုံ့ပြန်ချက် ရယူရန် ရည်ရွယ်သည့် ပြည်သူ လူထုပူးပေါင်းပါဝင်မှု နယ်ပယ်အဆင့်တစ်ခု၊

၂.၇ **လုပ်ပိုင်ခွင့်ပေးသည့်အဆင့်** - ပြည်သူလူထုနှင့် ဆုံးဖြတ်ချက် ချမှတ်သူများအကြား နောက်ဆုံး ဆုံးဖြတ်ချက်ကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှု နယ်ပယ်အဆင့်တစ်ခု၊

၂.၈ **ပတ်ဝန်းကျင်** ဆိုသည်မှာ အလုံးစုံပါဝင်သည့်အမြင်အရ အောက်ဖော်ပြပါအချက်များ၏ သဘာဝ၊ ရုပ်ပိုင်း ဆိုင်ရာ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်အမြင်များကို ဆိုလိုပါသည်-

- လူသားများနှင့် အစုအဖွဲ့များအပါအဝင် ဂေဟစနစ်များ နှင့် ယင်းတို့၏ ပါဝင်မှုအစိတ်အပိုင်းများ၊
- သဘာဝ နှင့် ရုပ်ပိုင်းဆိုင်ရာ သယံဇာတများအားလုံး၊
- တည်နေရာများ၊ နေရာများနှင့် ဧရိယာနယ်ပယ်များ၏ အရည်အသွေးများနှင့် အချက်အလက် များ၊
- နေရာများ၏ အမွေအနှစ်နှင့် ဆွဲဆောင်နိုင်မှု တန်ဖိုးများ၊ နှင့်
- လူသားများတည်ရှိမှု၏ လူမှုရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေး ဆိုင်ရာ အမြင်များအပါအဝင် ကမ္ဘာမြေကြီးပေါ်တွင် သက်ရှိများအားလုံး ရေရှည်တည်တံ့စေသည့် သက်ရှိနှင့် သက်မဲ့ အစိတ် အပိုင်းများအကြား အပြန်အလှန် ဆက်နွယ်နေမှု၏ ရှုပ်ထွေးသော ကွန်ယက်၊

၂.၉ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC)**- ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စစ်ဆေးကြီးကြပ်မှု အစီအစဉ်ကို အတည်ပြုကြောင်း အစိုးရက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ တာဝန်ရှိသူက ထုတ်ပေးသည့် တရားဝင် စာရွက်စာတမ်း/သက်သေခံလက်မှတ်၊

၂.၁၀ **ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (EIA)** – အရေးကြီးဆုံးဖြတ်ချက်များနှင့် ကတိကဝတ်ပြုမှုများ မလုပ်ဆောင်မီ (အလုံးစုံပါဝင်သည့်အမြင် - 'ပတ်ဝန်းကျင်' ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ပါ) ပတ်ဝန်းကျင်အပေါ် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို ပိုင်းခြား သတ်မှတ် ခြင်း၊ ကြိုတင်ခန့်မှန်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် ထိခိုက်မှုလျှော့ချခြင်းတို့ ဖြစ်စေကာ ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုလျက်ရှိပြီး နိုင်ငံတကာက လက်ခံထားသည့် လုပ်ငန်းစဉ်။

၂.၁၁ **EIAဆိုင်ရာ တာဝန်ရှိသူ** - (ပုံမှန်အားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်တွင် ရှိသော EIA ဌာန တစ်ခု) EIA အစီရင်ခံစာများကို စိစစ်သုံးသပ်ခြင်း နှင့်/သို့မဟုတ် အတည်ပြုခြင်း စသည်တို့ အပါအဝင် နိုင်ငံတစ်နိုင်ငံ၏ EIA စနစ်ကို စီမံခန့်ခွဲရေးအတွက် တာဝန်ရှိသော အစိုးရ စီမံခန့်ခွဲရေး ယူနစ်၊

၂.၁၂ **EIA အကြံပေးပုဂ္ဂိုလ်** - EIA စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရန်နှင့် EIA အစီရင်ခံစာ ရေးသားပြုစုရန် စီမံကိန်း အဆိုပြုသူနှင့် စာချုပ်ချုပ်ဆိုထားသော သို့မဟုတ် အကြံပေးပုဂ္ဂိုလ်၏ စာချုပ်တွင် ပါဝင်သော EIA လုပ်ငန်းစဉ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ဆောင်ရွက်ရသော အရည်အချင်းပြည့်မီသည့် ကြားနေ ကျွမ်းကျင်သူ (အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်)၊

၂.၁၃ **EIA ဆုံးဖြတ်ချက်** – စီမံကိန်းအဆိုပြုလွှာကို အကောင်အထည်ဖော်ခြင်း ဆက်လက်လုပ်ဆောင်ရန်အတွက် အခြား ပုံမှန်လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုမိန့်များ၊ လိုင်စင်များ သို့မဟုတ် ထောက်ခံချက်များကိုလည်း ဆက်လက်လုပ်ဆောင်ရန်လိုအပ်ကြောင်း မှတ်သားလျက် EIA အစီရင်ခံစာ တစ်စောင် (နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စစ်ဆေးကြီးကြပ်ခြင်း အစီအစဉ် အပါအဝင် အခြားဆက်စပ်စာရွက်စာတမ်းများ)ကို အတည်ပြုကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်သူက ဥပဒေကြောင်းအရ ဆုံးဖြတ်ထားသည့် ပုံမှန် ဆုံးဖြတ်ချက်။

၂.၁၄ **EIA စုံစမ်းစစ်ဆေးခြင်း** – အောက်ဖော်ပြပါအချက်များအပါအဝင် စီမံကိန်း အဆိုပြုလွှာတစ်ရပ်၏ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများနှင့် ဘေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း နှင့် စိစစ်သုံးသပ်ခြင်းတို့ ပါဝင်သည့် EIA လုပ်ငန်းစဉ် အဆင့်ဆင့်။

၁။ အခြေခံကိန်းဂဏန်း ဆန်းစစ်ခြင်း နှင့် အချက်အလက် စုဆောင်းခြင်း၊

၂။ ဆက်စပ် သက်ရောက်မှုများ အပါအဝင် သက်ရောက်မှုများအား စဉ်းစားဖော်ထုတ်ခြင်း၊

၃။ ဘေးအန္တရာယ် ဆန်းစစ်ချက် လုပ်နည်းလုပ်ဟန်အား အသုံးပြုခြင်း၊

၄။ ဆက်စပ်သည့် အမျိုးသားအဆင့် နှင့် နိုင်ငံတကာအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များအား အသုံးပြုခြင်း၊

၅။ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ခွဲခြမ်းလေ့လာခြင်း၊

၆။ ပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေးအဆင့်များအား အသုံးပြုခြင်း၊

၇။ စစ်ဆေးကြီးကြပ်ခြင်းဆိုင်ရာ လိုအပ်ချက်များအား ခွဲခြားသတ်မှတ်ခြင်း၊

၂.၁၅ **EIA အစီရင်ခံစာ** – ယေဘုယျအားဖြင့် အောက်ဖော်ပြပါ အချက်များအပါအဝင် EIA စုံစမ်းစစ်ဆေးခြင်းတွင် အနုစိပ်လေ့လာမှု နှင့် တွေ့ရှိချက်များနှင့် EIA လုပ်ငန်းစဉ်တစ်ခုလုံး၌ ဆောင်ရွက်ခဲ့သည့် EIA စုံစမ်းစစ်ဆေးခြင်းအားလုံး၏ မှတ်တမ်းတင် စာရွက်စာတမ်း တင်ပြချက်၊

၁။ တင်ပြချက်အကျဉ်းချုပ်၊

၂။ မူဝါဒ၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ ဖော်ပြချက်၊

၃။ အသေးစိပ်မြေပုံများနှင့် ရုပ်ပုံကားချပ်များအပါအဝင် စီမံကိန်းအဆိုပြုလွှာ၏ အသေးစိပ် ဖော်ပြချက်၊

၄။ လူမှုစီးပွားရေး အခင်းအကျင်းအပါအဝင် ဆက်စပ် ပတ်ဝန်းကျင်၏ အသေးစိပ် ဖော်ပြချက်၊

၅။ ဆောင်ရွက်ခဲ့သည့် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးခြင်း ဆိုင်ရာ ရှင်းလင်းဖော်ပြချက်၊

၆။ အသုံးပြုခဲ့သည့် ဘေးအန္တရာယ် စစ်တမ်း လုပ်နည်းလုပ်ဟန်၏ ကျိုးကြောင်းဖော်ပြချက်၊

၇။ နယ်ခြားဖြတ်ကျော်သက်ရောက်မှုများနှင့် ဆက်စပ်သက်ရောက်မှုများအပါအဝင် ဘေးအန္တရာယ် စစ်တမ်း နှင့် သက်ရောက်မှုအပေါ် အသေးစိပ်ဖော်ပြချက်၊

၈။ စီမံကိန်း၏ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ပိုင်းခြားသတ်မှတ်ခြင်းနှင့် ခွဲခြမ်းလေ့လာခြင်း၊

၉။ သတ်မှတ်ထားသည့် သက်ရောက်မှုများနှင့် ဘေးအန္တရာယ်များကို ထိခိုက်မှုလျှော့ချရေး အဆင့်များဖြင့် အသုံးပြုခြင်း၊

၁၀။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စစ်ဆေးကြီးကြပ်ခြင်း အစီအစဉ် တစ်ခု (EMMP)

၁၁။ စီမံကိန်းအဆိုပြုလွှာ နှင့် ယင်း၏ EIA တို့နှင့် ပတ်သက်သော လိုအပ်သည့် နည်းပညာ ဆိုင်ရာ သတင်းအချက်အလက်များကို ပူးတွဲ ဖြည့်စွက် တင်ပြခြင်း၊

၂.၁၆ **ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စစ်ဆေးကြီးကြပ်ခြင်း အစီအစဉ် (EMMP)** – (တည်ဆောက်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း၊ ရပ်စဲခြင်း နှင့် ပိတ်သိမ်းခြင်း တို့ အပါအဝင်) စီမံကိန်းတစ်ခု၏ အဆင့်တိုင်းအတွက် ရေးဆွဲထားသည့် ဘက်စုံပြည့်ဝသော အသေးစိပ် အစီအစဉ် (သို့မဟုတ် အစီအစဉ်များ)ဖြစ်ပြီး ယင်းတွင် ဆက်စပ်ကတိကဝတ်ပြုမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်

ထိခိုက်မှုလျှော့ချရေး နည်းလမ်းများ၊ စစ်ဆေးကြီးကြပ်မှု လိုအပ်ချက်များနှင့် အခြား ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို အသေးစိပ် ငွေစာရင်း၊ အချိန်ကာလနှင့် တာဝန်ခွဲဝေမှု တို့နှင့်အတူ ဖော်ပြထားပါသည်။

၂.၁၇ **မကျေနပ်ချက် တိုင်ကြားသည့် လုပ်ငန်းစဉ်ယန္တယား** – စီမံကိန်း တစ်ခုကြောင့် ထိခိုက်ခံစားရသည့် လူများက ကုမ္ပဏီ၏ လုပ်ငန်း လည်ပတ်လုပ်ကိုင်မှုများအပေါ် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကုမ္ပဏီ သို့ဖြစ်စေ သို့မဟုတ် အစိုးရထံသို့ဖြစ်စေ ဖြေရှင်းဆောင်ရွက်ပေးရေး စဉ်းစားပေးနိုင်ရန်အတွက် တင်ပြသည့် လုပ်ငန်းစဉ်၊

၂.၁၈ **သက်ရောက်မှု** – စီမံကိန်းအဆိုပြုလွှာတစ်ရပ်၏ ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် အကျိုးဆက်များ သို့မဟုတ် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများ၊ ယင်းတို့သည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ၊ ဆက်စပ်၍ ဖြစ်စေ၊ ကောင်းကျိုးဆောင်နိုင်သော သို့မဟုတ် ဆန့်ကျင်ဖက် ဆိုးကျိုး ဖြစ်နိုင်သော သို့မဟုတ် နှစ်မျိုးလုံးဖြစ်နိုင်သော သက်ရောက်မှုများဖြစ်ကြပြီး ဂေဟဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး နှင့် ဘေးအန္တရာယ် တို့ဆိုင်ရာ ပြဿနာ အကြောင်းအရာများ ပါဝင်ပါသည်။

၂.၁၉ **သတင်းပေးသည့် အဆင့်** – အရေးကြီးသည့်အကြောင်းအရာများ၊ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ အခွင့်အလန်းများ နှင့် / သို့မဟုတ် ဖြေရှင်းပေးမှုများကို ပြည်သူလူထုက ပိုမို နားလည် သဘောပေါက်စေရေး အထောက်အကူ ဖြစ်စေရန်အတွက် အများပြည်သူကို ညီညွတ်မျှတသည့် သတင်း အချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှု နယ်ပယ် အဆင့် တစ်ခု၊

၂.၂၀ **ပါဝင်သည့် အဆင့်** – အများပြည်သူ၏ စိုးရိမ်ပူပန်မှုများ နှင့် ပြင်းပြသော လိုအင်ဆန္ဒများအား ရှေ့နောက်ညီညွတ်စွာ နားလည်သဘောပေါက်ပြီး ထည့်သွင်းစဉ်းစားမှု ပြုနိုင်ရန်အလို့ငှာ လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပြည်သူ လူထုနှင့် တိုက်ရိုက်ထိစပ် လုပ်ကိုင်ရန်ရည်ရွယ်သည့် ပြည်သူလူထုပူးပေါင်းပါဝင်မှု နယ်ပယ် အဆင့် တစ်ခု၊

၂.၂၁ **ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအဆင့်** – စီမံကိန်းအဆိုပြုလွှာတစ်စောင်၏ ဘေးအန္တရာယ်များနှင့် ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို စီမံခန့်ခွဲရေး မူဘောင်တစ်ခုဖြစ်ပြီး ယင်းတွင် ပထမဦးဆုံး သက်ရောက်မှုများအား ကြိုတင်မျှော်မှန်းရန်နှင့် ရှောင်ရှားရန်၊ ယင်းနောက် သက်ရောက်မှုများကို ရှောင်ရှားရန် မဖြစ်နိုင်ပါက ဘေးအန္တရာယ်များနှင့် သက်ရောက်မှုများကို လျော့ပါးစေရန်၊ ယင်းနောက် သက်ရောက်မှု ဖြစ်ပေါ်သည့် ပတ်ဝန်းကျင်အား ပြန်လည်ထိန်းသိမ်း ထူထောင်ရန် နှင့် နောက်ဆုံးတွင် သိသာထင်ရှားသော ကြွင်းကျန်သက်ရောက်မှုများအတွက် အစားထိုးပေးရန် (လျော်ကြေးပေးရန်) လိုအပ်သည့် ကျိုးကြောင်းဆီလျော်သော လုပ်ဆောင်ချက်အစီအစဉ်များ ပါဝင်ပါသည်။

၂.၂၂ **စစ်ဆေးကြီးကြပ်ခြင်း** – အမှန်တကယ် ဆောင်ရွက်သည့် လုပ်ငန်းများ၊ သက်ရောက်မှုများနှင့် စီမံကိန်းတစ်ခု၏ ခြုံငုံလုပ်ဆောင်မှုကို ခွဲခြားသတ်မှတ်ပြီး EIAအစီရင်ခံစာနှင့် EMMPတို့တွင် ကတိကဝတ်ပြုမှုများနှင့် အဆိုပါတွေ့ရှိချက်များကို နှိုင်းယှဉ်ခြင်းတို့အတွက် စီမံကိန်းအတွင်း၌ဖြစ်စေ သို့မဟုတ် ပြင်ပ တွင်ဖြစ်စေ လုပ်ဆောင်သော တိုက်ရိုက် နှင့် သွယ်ဝိုက်လုပ်ငန်းများ။

၂.၂၃ **စီမံကိန်းကြောင့် ထိခိုက်ခံစားရသူ (PAP)** – ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက်ခံရသော (သို့မဟုတ် ထိခိုက်ခံရနိုင်သော) လူပုဂ္ဂိုလ်၊ အဆောက်အဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ဆိုလိုပြီး ယင်းစကားရပ်တွင် မြေ၊ အိမ်ရာ၊ ခြံ သိမ်းယူခံရခြင်းကြောင့်လည်းကောင်း၊ မြေအတန်းအစား ပြောင်းလဲခြင်းကြောင့်လည်းကောင်း၊ လူနေထိုင်ရာနေရာ၏ လူမှု

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

စီးပွားရေး နှင့် ပတ်ဝန်းကျင် ဆိုင်ရာစနစ်အပေါ် ထိခိုက်ခံရသော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းလည်း ပါဝင်ပါသည်။

၂.၂၄ **စီမံကိန်းအဆိုပြုသူ** – စီမံကိန်းအတွက် လေ့လာခြင်း၊ တိုင်းတာခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ ဖော်ဆောင်ခြင်း၊ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း နှင့် ပိတ်သိမ်းပြီး နောက်ပိုင်း စသည်တို့အပါအဝင် စီမံကိန်း သို့မဟုတ် စီမံကိန်း၏ လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကြံရွယ်သည့် သို့မဟုတ် အစပျိုးဆောင်ရွက်ထားသည့် အများပြည်သူ ကဏ္ဍ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဖြစ်ပြီး ယင်း စီမံကိန်းဆောင်ရွက်နေစဉ် ပိုင်ရှင် ဖြစ်ရန် စိတ်ဝင်စားသူ (တရားဝင် သို့မဟုတ် ကျိုးကြောင်းဆီလျော်) သို့မဟုတ် ပိုင်ရှင်တစ်ဦး ရရှိနိုင်သော ငွေရေးကြေးရေး သို့မဟုတ် အခြားအခွင့်အရေး တစ်ရပ်ရပ်ကို ရရှိသည့် သို့မဟုတ် ရရှိနိုင်သည့် သို့မဟုတ် ယင်းသို့ရရှိရန် မျှော်လင့်နိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

၂.၂၅ **ပြည်သူလူထု ပူပေါင်းပါဝင်ခြင်း** – ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထိခိုက်ခံသူများ ပါဝင်စေခြင်းဖြစ်ပြီး ၎င်းတို့၏ စစ်မှန်သော ပါဝင်လာမှုဖြစ်စေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များပံ့ပိုးပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဆုံးဖြတ်ချက်များ ဖြစ်ပေါ်လာခြင်းနှင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုသည် ဆုံးဖြတ်ချက်အား မည်သို့ ပြောင်းလဲစေကြောင်း ဆက်သွယ်သတင်းပေးခြင်းဖြစ်ပါသည်။ (ဆက်စပ်ပတ်သက်သူများနှင့် တွေ့ဆုံ ဆွေးနွေးခြင်း နှင့် အဓိပ္ပါယ် ဆင်တူပါသည်)

၂.၂၆ **ကြွင်းကျန် သက်ရောက်မှုများ** – စီမံကိန်းပိတ်သိမ်းပြီးနောက်ပိုင်း အပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဆက်လက်ကျန်ရှိနေမည်ဟု မှန်းဆရသည့် သို့မဟုတ် အမှန်တကယ် ကျန်ရှိသည့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဆိုသည်။

၂.၂၇ **နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း** – ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စီမံကိန်းတစ်ရပ်၏ ဖြစ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို အနုစိပ်လေ့လာဆန်းစစ်ရန်၊ လိုအပ်သော အချက်အလက်များကို စုစည်းကောက်ယူရန်နှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာတစ်စောင် ပြင်ဆင်ရေးအတွက် တာဝန်နှင့်ဝတ္တရားများ (ToR)ပြုစုရန် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ဆိုသည်။

၂.၂၈ **စိစစ်ခြင်း** – စီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ဆောင်ခြင်း မလုပ်ဆောင်မီ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း သို့မဟုတ် အခြား ပတ်ဝန်းကျင် ဆန်းစစ်ချက်တစ်ရပ်ရပ် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆုံးဖြတ်ချက်ပေးနိုင်ရန် စီမံကိန်းအဆိုပြုလွှာ တစ်ရပ်အား စိစစ်သည့် လုပ်ငန်းစဉ်။

၂.၂၉ **ဆက်စပ်ပတ်သက်သူ** – စီမံကိန်းအဆိုပြုလွှာကြောင့် ထိခိုက်ခံရနိုင်သည့် စီမံကိန်းတစ်ရပ်၏ အဓိက လည်ပတ်လုပ်ကိုင်မှုများနှင့် သီးခြားဖြစ်သော လူပုဂ္ဂိုလ်၊ အဖွဲ့များ သို့မဟုတ် ဒေသခံပြည်သူများ သို့မဟုတ် ယင်းစီမံကိန်းအပေါ် စီမံကိန်း စက်ဝန်း (စီမံကိန်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်း၊ လည်ပတ် လုပ်ကိုင်ခြင်း၊ သို့မဟုတ် ပိတ်သိမ်းခြင်းနှင့် ရပ်စဲခြင်း စသည်တို့)၏ မည်သည့်အဆင့်ကို မဆို စိတ်ပါဝင်စားသူများကိုဆိုလိုသည်။ ယင်းစကားရပ်တွင် တစ်ဦးချင်းဖြစ်စေ၊ ထိခိုက်လွယ်သည့် အုပ်စုများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၊ အခြားအစိုးရ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၊ နိုင်ငံအဆင့် နှင့် နိုင်ငံတကာမှ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ မီဒီယာများနှင့် စီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်ခံရနိုင်သည့် နယ်ပယ်ဒေသတွင် နေထိုင်ခြင်းမရှိသော်လည်း စီမံကိန်းအဆိုပြုလွှာအကြောင်း စိုးရိမ်ပူပန်မှုရှိသူများ ပါဝင်ပါသည်။

၂.၃၀ **တာဝန်နှင့်ဝတ္တရားများ (ToR)** – EIA အတွက် ပြင်ဆင်ထားသည့် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း အစီရင်ခံစာနှင့်အညီ အချက်အလက်များ စုစည်းကောက်ခံခြင်းနှင့် အနုစိပ်လေ့လာခြင်း၊ ပြည်သူလူထု နှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းစဉ်များ အပါအဝင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း တစ်ရပ် ဆောင်ရွက်ချိန်၌ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအား ဖော်ပြချက်တစ်ခုကို ဆိုသည်။

၂.၃၁**နယ်ခြားဖြတ်ကျော်**– ဆိုသည်မှာ "တရားစီရင်ရေး" နှင့် "ထိန်းချုပ်ရေး"ဟူသော ဝေါဟာရများတွင် ခွဲခြား မရနိုင်အောင် ဆက်စပ်လျက်ရှိသကဲ့သို့ နိုင်ငံ၏ အချုပ်အခြာ အာဏာနယ်နိမိတ်ကို ဖြတ်သွားရုံမျှ သာမက အဆင့်အားလုံးရှိ စီမံခန့်ခွဲရေး နှင့်/သို့မဟုတ် နိုင်ငံရေးနယ်ပယ်များကို ဖြတ်သန်းရာတွင် လုပ်ဆောင်ရန်လိုအပ်သည့် စီမံအုပ်ချုပ်မှု အစီအမံများကို ဆိုသည်။

၂.၃၂ **ထိခိုက်လွယ်သည့်အုပ်စု** – လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေး ဆိုင်ရာ နယ်ပယ်များတွင် အားနည်းသည့် အပယ်ခံ လူအုပ်စုကို ဆိုသည်။ အခြားသူများအတွက် ပုံမှန်အားဖြင့် ရယူသုံးစွဲနေသော သယံဇာတများ၊ အခွင့်အလမ်းများနှင့် အခွင့်အရေးအမျိုးမျိုးတို့အား အပြည့်အဝ လက်လှမ်းမီမှုမရှိအောင် ငြင်းပယ်ခံရသူများ သို့မဟုတ် ဟန့်တားခံရသူများဖြစ်ပြီး (တိုင်းရင်းသား မျိုးနွယ်စုများ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ ကလေးများ၊ လူကြီးသူမများ စသည်တို့ အပါအဝင်) ၎င်းတို့ နေထိုင်ကြသည့် လူ့အသိုင်းအဝိုင်းအတွင်းရှိ စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေး ဆိုင်ရာ နေထိုင်မှုဘဝ တွင် အပြည့်အဝ ပူးပေါင်းပါဝင်ခြင်းမှ တားမြစ်ခံရသူများဖြစ်ပါသည်။

# နောက်ဆက်တွဲ ၃။ ပြည်သူလူထု ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး အစီအစဉ် နမူနာပုံစံ

*ပုံမှန်ဖြစ်သော ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစီအစဉ် တစ်ရပ်တွင် ယေဘုယျအားဖြင့် အောက်ဖော်ပြပါ စာပိုဒ်များနှင့် သတင်းအချက်အလက်များပါဝင်ပါသည်*[17]–

၃.၁ **စီမံကိန်းအကြောင်း ဖော်ပြချက်။** စီမံကိန်း၏ ခြုံငုံဖော်ပြချက် နှင့် EIA လုပ်ငန်းစဉ်တွင် ပါဝင်သည့် အစိတ်အပိုင်းများကို ဖော်ပြခြင်း နှင့် ယင်းတို့သည် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းများနှင့် မည်သို့ ဆက်နွယ်နေကြောင်းတို့ ပါဝင်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် တစ်ရပ်တွင် EIA လုပ်ငန်းစဉ်တစ်ခုလုံး၌ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်သည် မည်သို့မည်ပုံ အံဝင်ခွင်ကျဖြစ်ကြောင်း ပြသရန် ပါဝင်သင့်ပါသည်။ ယင်းသည် စီမံကိန်းရေးဆွဲခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်များချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး နယ်ပယ်အသီးသီးအား ဆက်သွယ် သတင်းပေးရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။

၃.၂ **ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်။** ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးသည် မည်သည့် ရည်မှန်းချက်ကို အောင်မြင်စွာ ရရှိစေမည်ဖြစ်ကြောင်း နှင့် မည်သည့် အဆင့်တွင် ရှာဖွေရမည် ဖြစ်ကြောင်းကို ရှင်းပြချက်တစ်ရပ်ဖြစ်ပါသည်။ သင့်တော်သည့် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအဆင့်ကို ဆုံးဖြတ်နိုင်ရန်အတွက် အများပြည်သူ၏ စိုးရိမ်ပူပန်မှုနှင့် စိတ်ပါဝင်စားမှု အဆင့်ကို ဆန်းစစ်သင့်ပါသည်။ အများပြည်သူအနေဖြင့် အကြောင်းအရာတစ်ရပ်သည် မည်မျှ အရေးကြီးသည်ဟု ယူဆသည့်အဆင့်အား ဆန်းစစ်ရန် အရေးကြီးပါသည်။ အဘယ်ကြောင့် ဆိုသော် အများပြည်သူတို့သည် ၎င်းတို့၏ သိမြင်နားလည်မှုများအရ အဆိုပါ အကြောင်းအရာ ကြီးထွားမှုအပေါ် ပါဝင်လာမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ပူးပေါင်းပါဝင်ခြင်း၏ ရည်မှန်းချက် ပန်းတိုင်များ နှင့် ၎င်းတို့အား မည်သည့်အနေအထားတွင် ရှိနေသည် စသည်တို့ကို စီမံကိန်း၏ သီးခြားအကြောင်းအရာအရ ကျိုးကြောင်းဆီလျော်စွာ ချိန်ဆသင့်ပါသည်။ ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်း (IAP2)မှ ပြုစုထားသည့် "ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရေး နယ်ပယ်"သည် EIA လုပ်ငန်းစဉ်တွင် အများပြည်သူ၏ အခန်းကဏ္ဍများကို သတ်မှတ်ရာ၌ ပံ့ပိုးကူညီ ပေးနိုင်ပါသည်။ ပူးပေါင်းပါဝင်ခြင်းအဆင့်အား သတ်မှတ်ပြီးပါက အစီအစဉ် ရေးဆွဲခြင်းအတွက် ရည်မှန်းချက် ပန်းတိုင်များ၊ ရည်ရွယ်ချက်များ၊ မဟာဗျူဟာများကို ဖော်ထုတ်ပြုစုနိုင်မည်ဖြစ်ပါသည်။ ဥပမာအနေဖြင့် ရည်မှန်းချက်ပန်းတိုင်များတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်–

- EIA လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် စီမံကိန်းအကြောင်းနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည့် မဟာဗျူဟာများကို အများပြည်သူအား အသိပေးရန်၊
- နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း လုပ်ငန်းစဉ် နှင့်/သို့မဟုတ် EIA အတွက် အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်း တို့အတွက် အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ/အခွင့်အလမ်းများ ရရှိစေရန် အများပြည်သူတို့နှင့် ဆွေးနွေးတိုင်ပင်ရန်၊
- လုပ်ငန်းစဉ်တွင် ပါဝင်သည့် အဆင့်များအား ဆောင်ရွက်စဉ်အတွင်း အများပြည်သူ၏ စိုးရိမ်ပူပန်မှုများ၊ အကြံဉာဏ်များကို ထည့်သွင်းစဉ်းစားမှု သေချာစေရေးအတွက် နယ်ပယ်အတိုင်းအတာ

[17] ERM (၂၀၀၂)မှ အစိတ်အပိုင်း အချို့ကို မှီငြမ်းပါသည်။ မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းဒေသအတွက် EIA/SEA စနစ်တစ်ရပ်ဖွံ့ဖြိုးပေါ်ပေါက်စေခြင်း၊ အဆိုပြုထားသည့် စနစ်၊ အခြေခံသဘောတရား ၅၊ *ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး လမ်းညွှန်ချက်များ*၊ မဲခေါင်မြစ်ဝှမ်းဒေသကော်မရှင်အတွက် ပြင်ဆင်ထားသည့် အချောသတ်အစီရင်ခံစာ

သတ်မှတ်ခြင်း နှင့် EIA မူကြမ်း ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် အများပြည်သူတို့အား ပါဝင်စေရန်၊

- အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းသစ်များ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချမည့် အခြား နည်းလမ်းများကို စဉ်းစားနိုင်ရေးအတွက် အဆိုပါနည်းလမ်းများ ဖွံ့ဖြိုးပေါ်ပေါက်စေခြင်းတွင် အများပြည်သူတို့နှင့်အတူ (မိတ်ဖက်အဖြစ်) ပူးပေါင်းဆောင်ရွက်ရန်၊

၃.၃ **အဓိက ဆက်စပ်ပတ်သက်သူများ။** ဆက်စပ်ပတ်သက်သူများကို အနုစိပ်လေ့လာခြင်းတစ်ရပ် အပါအဝင် အဓိက ဆက်စပ်ပတ်သက်သူများအား ခွဲခြားသတ်မှတ်ခြင်းဖြင့် (က) အောက်ခြေအဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ နိုင်ငံအဆင့် နှင့် နိုင်ငံတကာအဆင့် တို့ရှိ ဆက်စပ်ပတ်သက်သူများ၏ ကနဦးစာရင်းဇယားတစ်ခု၊ နှင့် (ခ) ဆက်စပ်ပတ်သက်သူများ၏ အမျိုးအစားခွဲခြားခြင်းတို့သည် ရလဒ်အနေဖြင့် ပေါ်ပေါက်လာပါမည်။ PAP နှင့် အဓိက ဆက်စပ်ပတ်သက်သူများ ခွဲခြား သတ်မှတ်ရာတွင် ပထမဦးစွာ ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ဖြစ်နိုင်ဖွယ် သက်ရောက်မှုများကို ခွဲခြား သတ်မှတ်ခြင်းဖြင့် စတင်ပါသည်။ ယင်းတွင် တိုက်ရိုက်၊ သွယ်ဝိုက် နှင့် ဆက်စပ် နှင့် နောက်ပိုင်း ကာလများမှ ဖြစ်ပေါ်လာမည့် သက်ရောက်မှုများ ပါဝင်ပါသည်။ သက်ရောက်မှုများသည် "ဆက်နွယ်နေသည့် လုပ်ငန်းများ" ကြောင့်လည်း ဖြစ်ပေါ်နိုင်ပါသည် (ဥပမာ၊ ရေအားလျှပ်စစ် စီမံကိန်းမှ စက်ရုံသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရန် လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းသည် ယင်းစက်ရုံနှင့် ရေအားလျှပ်စစ်စီမံကိန်းအကြား ဆက်နွယ်နေသော လုပ်ငန်းများ ဖြစ်ကြပါသည်)။

၃.၄ **လုပ်နည်းလုပ်ဟန်များ၊ နည်းလမ်းများ နှင့် နည်းပညာများ။** သင့်တော်သည့် လုပ်နည်းလုပ်ဟန်များကို အထက်တွင်ဖော်ပြထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ တက်လှမ်းရန် ရွေးချယ်ဆောင်ရွက်သင့်ပါသည်။ ဤအပိုင်းသည် ရွေးချယ်ထားသည့် နည်းပညာများ၏ သဘောသဘာဝ၊ ယင်းမှ မည်သူ့ကို အကျိုးဖြစ်စေနိုင်ကြောင်း၊ ယင်းကို မည်သူက အသုံးပြုမည်ဖြစ်ကြောင်း၊ အချိန်ကာလမည်မျှကြာမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်မည်မျှရှိမည်ဖြစ်ကြောင်း စသည်တို့အပေါ် အသေးစိပ် ဖော်ပြပေးသင့်ပါသည်။ ဤအပိုင်းကို လုပ်နည်းလုပ်ဟန်များ အပြီးသတ်ရွေးချယ်သည်အထိ အမြဲတမ်းမှန်မှန် မွမ်းမံဆန်းသစ်ပေးသင့်ပါသည်။

၃.၅ **အဓိကလုပ်ငန်းများနှင့် ကျင်းပမည့် အစည်းအဝေး၊ အခမ်းအနားများ။** ရွေးချယ်ထားသည့် လုပ်နည်းလုပ်ဟန်များကို အခြေခံကာ အဓိကလုပ်ငန်းများစာရင်းကို ခွဲခြားသတ်မှတ်နိုင်ပြီး လုပ်ငန်းအစီအစဉ် အချိန်ဇယားတစ်ရပ်ကို ရေးဆွဲနိုင်ပါသည်။ အများပြည်သူအတွက် အချက်အလက်များနှင့် ဝေဖန်အကြံပြုချက်များသည် အစီအစဉ်ရေးဆွဲခြင်း နှင့်/သို့မဟုတ် ဆုံးဖြတ်ချက်တို့တွင် ထည့်သွင်းပါဝင်ရန် လုံလောက်သည့် အခွင့်အလမ်းများ ပံ့ပိုးပေးရေးအတွက် စောနိုင်သမျှစောစော ဖြစ်ရန်လိုအပ်ပါသည်။ ဤနေရာတွင် မိုးလေဝသအခြေအနေ၊ သို့မဟုတ် အများပြည်သူရုံးပိတ်ရက် နှင့် ဘာသာရေးပွဲတော်များ ကဲ့သို့ လက်တွေ့ကျသည့် စဉ်းစား တွေးခေါ်ခြင်းများကို အစီအစဉ်ရေးဆွဲသည့် လုပ်ငန်းတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် ဝန်ထမ်းအား လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ စာရွက်စာတမ်းများအား ဘာသာပြန်ဆိုခြင်းနှင့် အစမ်းလေ့ကျင့်ခြင်း လုပ်ငန်းများလည်း လိုအပ်နိုင်ပါသည်။ ဤ အကြောင်းအရာများသည် အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရန် လိုအပ်မည့် အချိန်နှင့်ငွေကို သိသာစွာ တိုးလာစေနိုင်ပါသည်။

၃.၆ **အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ။** ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် တစ်ဦးချင်းစီ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ – ပါဝင်လုပ်ကိုင်ကြသည့် အဖွဲ့များ၊ စီမံကိန်းအဆိုပြုသူများ၊ အစိုးရဌာနအသီးသီး နှင့် နယ်ခြားဖြတ်ကျော် မိတ်ဖက်များ– ကို ဤနေရာတွင် အသေးစိပ်ဖော်ပြပေးသင့်ပါသည်။

၃.၇ **ကြိုတင်ဘဏ္ဍာငွေစာရင်း။** အစီအစဉ်တစ်ရပ်အား အကောင်အထည်ဖော်ရေးအတွက် ကြိုတင် ဘဏ္ဍာငွေစာရင်း တွက်ချက်ခြင်းသည် ဤနေရာတွင် ဖော်ပြသင့်ပြီး ဝန်ထမ်းခန့်ထားရေးများနှင့် ပစ္စည်းများ ဝယ်ယူရေး၏ ကုန်ကျစရိတ်တို့လည်း အသေးစိပ်ပါဝင်သင့်ပါသည်။ ဝန်ထမ်းများအတွက်အပါအဝင် လုံလောက်သည့် ဘဏ္ဍာ ငွေပြင်ဆင်ခြင်းသည် အခြေအနေအရပ်ရပ်အား ဆန်းစစ်ခြင်း၊ အောက်ခြေအထိ ရောက်ရှိရေး လုပ်ငန်းများနှင့် အများပြည်သူတို့၏ ဝေဖန်အကြံပြုချက်များ ရရှိကာ ပေါင်းစပ်ထည့်သွင်းရေးတို့ အပါအဝင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်အား အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အထူးအရေးကြီးပါသည်။

၃.၈ **စစ်ဆေးကြီးကြပ်ခြင်း နှင့် ပြန်လည်ဆန်းစစ်ခြင်း။** လုပ်ငန်းစဉ်များအား စစ်ဆေးကြီးကြပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းအတွက် စစ်ဆေးမည့်အချိန်ကာလများကို လုပ်ငန်းအစီအစဉ် (နှင့် လုပ်ငန်းများ၏ အချိန်ဇယားတွင် ပါဝင်ရေး) တွင် ထည့်သွင်းရေးဆွဲသင့်ပါသည်။ လုပ်ငန်း အစီအစဉ်များကို စီမံကိန်း၏ လုပ်ငန်းတိုးတက်မှုများအဖြစ် မှတ်မံဆန်းသစ်ထားပြီး ယင်းအတိုင်း လိုက်နာကျင့်သုံးနေကြောင်း သေချာစေရန်နှင့် လုပ်ငန်းအစီအစဉ်များကို သင့်လျော်မှန်ကန်စွာ အကောင်အထည်ဖော်နေကြောင်း သေချာစေရန်တို့အတွက်ကြောင့် ဖြစ်ပါသည်။

၃.၉ **အစီရင်ခံတင်ပြခြင်း။** အစီရင်ခံစာ တင်ပြရာတွင် ပါဝင်မည့် အဓိကဖော်ပြချက် အကြောင်းအရာ မူကြမ်းတစ်ရပ်သည် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို အလေးထားဆောင်ရွက်ရေးနှင့် လိုအပ်သည့် သတင်းအချက်အလက်များ အားလုံး စုစည်း ကောက်ခံထားကြောင်း သေချာစေရေးတို့အတွက် အထောက် အကူဖြစ်စေနိုင်ပါသည်။

၃.၁၀ **ဆုံးဖြတ်ချက် ချမှတ်ပြီး နောက်ပိုင်းအခြေအနေ။** လုပ်ငန်းအစီအစဉ်သည် စီမံကိန်းနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဆက်စပ်ပတ်သက်သူများအား အသိပေးရန်အတွက်နှင့် လိုအပ်ပါက ဆက်လက်ဆက်သွယ် ဆောင်ရွက်နိုင်ရန် တို့အတွက် အထောက်အကူဖြစ်စေသင့်ပါသည်။

**၃.၁၁ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေး နည်းလမ်းများနှင့် နည်းပညာများ**

ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းများ သို့မဟုတ် နည်းပညာများ အမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။ ယင်းစကားရပ်တွင် လူတွေ့နည်းလမ်းများ (ဥပမာ အစည်းအဝေးများ နှင့် အလုပ်ရုံဆွေးနွေးပွဲများ၌ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခြင်းများ) နှင့် အဝေးရောက် နည်းလမ်းများ (လူတွေ့ ဆွေးနွေးမေးမြန်းခြင်း မပြုနိုင်သောအခါ ဥပမာ - စာဖြင့်ရေးသားထားသည့် စစ်တမ်း၊ လူမှုရေးမီဒီယာများ သို့မဟုတ် ဝက်ဘ်ဆိုဒ်များ) ပါဝင်ပါသည်။ အောက်တွင် ဥပမာအချို့အား ဖော်ပြထား ပါသည်-

အသိပေးရန် နည်းလမ်းများ - https://www.epa.gov/international-cooperation/public-participation-guide-tools-inform-public

- အကျဉ်းချုပ်တင်ပြချက်များ၊ သတင်းစာစောင်များ၊ အစိုးရပြန်တမ်းများ၊
- သတင်းအချက်အလက်များ အရေးပေါ် ဖြေကြားပေးသည့် စနစ်များ၊
- သတင်းအချက်အလက် စုစည်းသိမ်းရာနေရာများ၊
- ပုံနှိပ်တိုက် နှင့် မီဒီယာများအတွက် သတင်းအချက်အလက် အခန်းများ (Kiosks)၊
- အများပြည်သူနှင့် အစည်းအဝေးများ၊
- ဝက်ဘ်ဆိုဒ်များ၊

ဝေဖန်အကြံပြုချက်များ ရရှိနိုင်သည့် နည်းလမ်းများ - https://www.epa.gov/international-cooperation/public-participation-guide-tools-generate-and-obtain-public-input

- မဲဆန္ဒပေးခြင်း၊

- နှစ်လိုဖွယ် စုံစမ်းမေးမြန်းခြင်း လုပ်ငန်းစဉ်များ၊
- အကြောင်းအရာတစ်ရပ်အားဖြေရှင်းရန် သို့မဟုတ် ဒီဇိုင်းရေးဆွဲရန် ဆောင်ရွက်သည့် ဆက်စပ်ပတ်သက်သူများအားလုံး ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးပြုလုပ်ခြင်း၊
- ကွန်ပြူတာအကူအညီဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊
- အဖွဲ့လိုက်ဆွေးနွေးခြင်း၊
- တွေ့ဆုံမေးမြန်းခြင်း၊
- လေ့လာမှု စက်ဝန်း၊
- အများပြည်သူတို့နှင့် တွေ့ဆုံခြင်း/ကြားနာခြင်း၊
- အများပြည်သူနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊
- အကြောင်းအရာ ခေါင်းစဉ်တစ်ရပ်အား အဖွဲ့ငယ်များဖွဲ့စည်းကာ ပွင့်လင်းစွာ ဆွေးနွေးပြီး အများသဘောတူညီချက်ကို ရှာဖွေခြင်း၊

အများသဘောညီချက်တည်ဆောက်ခြင်းနှင့် သဘောတူချက် ရှာဖွေခြင်းအတွက် နည်းလမ်းများ – https://www.epa.gov/international-cooperation/public-participation-guide-tools-consensus-building-and-agreement-seeking

- အကြံပေး ဘုတ်အဖွဲ့များ

# နောက်ဆက်တွဲ ၄ – စီမံကိန်းတစ်ရပ်ဖော်ပြခြင်း၏ ယေဘုယျ ဖွဲ့စည်းပုံနှင့် မာတိကာ

| **အကျဉ်းတင်ပြခြင်း** | **လမ်းညွှန်ချက် မှတ်စုများ** |
| --- | --- |
| ၁။ ကဏ္ဍ နှင့် ကဏ္ဍခွဲ | ဥပမာ စွမ်းအင် ထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ် |
| ၂။ အရွယ်အစား | အရွယ်အစားကို ဧရိယာအကျယ်အဝန်း (သို့မဟုတ် လမ်းနှင့်ပတ်သက်သည့် စီမံကိန်းသို့မဟုတ် အခြား ဖြောင့်တန်းမှု စီမံကိန်းများဖြစ်ပါက အလျား)၊ ထုတ်လုပ်မှု၊ အတန်းအစား/အမျိုးအစား၊ အလုပ်သမား အရေအတွက်၊ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု တို့ကို ဖော်ပြနိုင်ပါသည်။ |
| ၃။ တည်နေရာ | စီမံကိန်းအမျိုးအစားအပေါ် မူတည်၍ များသောအားဖြင့် စကေး ၁:၂၀၀၀၀၀ သို့မဟုတ် ၁:၂၀၀၀၀ရှိ ခြုံငုံဖော်ပြနိုင်သည့် မြေပုံ၊ မြေပုံတွင် ရေ၊ သစ်တော၊ စသည့် အဓိက သဘာဝ လက္ခဏာများ၊ ရှိပြီးသား အခြေခံအဆောက်အဦးများ (လမ်းများ၊ တံတားများ၊ စသည်) နှင့် စီမံကိန်း၏ အနီးပတ်ဝန်းကျင်တွင် ရှိသည့် လူ အခြေချ နေထိုင်မှုများ ပါဝင်သင့်ပါသည်။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကဲ့သို့ အခြေအနေတွင် အထိမခံနိုင်သည့် ဧရိယာများ (စာသင်ကျောင်းများ၊ ဘုရားကျောင်းများ၊ ဈေးများ၊ ယဉ်ကျေးမှုအရအရေးကြီးသည့် နေရာများ၊ ပြတိုက်များ၊ စီးပွားရေးဆိုင်ရာ ဧရိယာများ စသည်) တို့ကို ရှင်းလင်းစွာဖော်ပြပေးသင့်ပါသည်။ |
| ၄။ စီမံကိန်း လုပ်ငန်း အစိတ်အပိုင်း များ | - အဓိကထုတ်လုပ်မှု အဆောက်အဦ<br>- အတွင်းပိုင်းအဆောက်အဦ<br>- အထောက်အကူပြု အဆောက်အဦ |
| ၅။ အချိန် ဇယား ခြုံငုံဖော်ပြချက် | လုပ်ငန်းအစီအစဉ်အချိန်ဇယားကို ရုပ်ပုံကားချပ်ဖြင့် တင်ပြခြင်း –<br>- (EIA လေ့လာမှုအပါအဝင်) လေ့လာမှုများ<br>- ခွင့်ပြုမိန့်/လိုင်စင် ရရှိခြင်း<br>- လုပ်ပိုင်ခွင့် သဘောတူညီချက်<br>- အသေးစိပ် ဒီဇိုင်း၊ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊<br>- တည်ဆောက်ခြင်း အကြိုလုပ်ငန်းများ<br>- တည်ဆောက်ခြင်းလုပ်ငန်းများ<br>- လည်ပတ်လုပ်ကိုင်ခြင်း<br>- ရုပ်စဲခြင်း၊ ပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောင်ပိုင်းလုပ်ငန်း၊ |
| ၆။ စီမံကိန်း ၏ အဖွဲ့အစည်း | ဖွဲ့စည်းပုံ ကားချပ်၊ စီမံခန့်ခွဲမှု၊ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ စသည်ဖြင့် |
| **တည်ဆောက်မှု အကြိုလုပ်ငန်းခွင် နှင့် တည်ဆောက်ခြင်း ကာလ** | |
| ၇။ လုပ်ငန်း အချိန်ဇယား | အဓိကအစိတ်အပိုင်းများ၏ ရုပ်ပုံကားချပ်နှင့် ၎င်းတို့၏ ဆက်စပ်သည့် အဓိက တည်ဆောက်မှု လုပ်ငန်းများနှင့် ယင်းတို့နှင့် ပတ်သက်သော ထိခိုက်မှုလျှော့ချမည့် နည်းလမ်းများ၊ |
| ၈။ စီမံကိန်းအစိတ်အပိုင်း အလိုက် တည်နေရာများ | လမ်းများ၊ ယာယီစခန်းများ၊ သတ္တုတွင်း၊ ထုတ်လုပ်သန့်စင်သည့် စက်ရုံ၊ ဂိုထောင်ဧရိယာ၊ မြေစာပုံ၊ ဆည်၊ လျှပ်စစ်ဓာတ်အားစက်ရုံ၊ ဓာတ်အားလိုင်းများ၊ တံတားများ စသည်တို့ကဲ့သို့ စီမံကိန်း၏ အစိတ်အပိုင်းအလိုက် တည်နေရာများပါဝင်သည့် (၁:၅၀၀၀၀ သို့မဟုတ် ၁:၁၀၀၀၀) မြေပုံ |

USAID FROM THE AMERICAN PEOPLE
AECEN
pact building local promise.

| | |
|---|---|
| ၉။ စီမံကိန်း၏ သွင်ပြင်လက္ခဏာများ | စီမံကိန်း၏ အဓိက လက္ခဏာအသီးသီး ဖော်ပြချက်<br>- ပစ္စည်းများ (ပမာဏများ၊ အမျိုးအစားများ၊ ရရှိမည့် ရင်းမြစ်များ)<br>- ကိရိယာတန်ဆာပလာ၊ ယာဉ် ယန္တရား၊<br>- သဘောတရားအပေါ်အခြေခံသည့် ဒီဇိုင်း ရေးဆွဲထားသော ပုံများ၊<br>စဉ်းစားထားပြီး ဆန်းစစ်ထားသည့် အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ။ လက်တွေ့ကျပြီး ဖြစ်နိုင်သည့် အခြားနည်းလမ်းများကို သာ စဉ်းစားရန်၊ |
| ၁၀။ အလုပ်သမား | - မျှော်မှန်းထားသည့် အလုပ်သမားအင်အား၊ ဖြစ်နိုင်ပါက အလုပ်အမျိုးအစား အလိုက် အလုပ်သမားအင်အားကို အတိုချုပ် ဖော်ပြခြင်း)၊<br>- မျှော်မှန်းထားသည့် အလုပ်သမားအင်အား၏ မူရင်းဒေသ၊<br>- အလုပ်သမား နေထိုင်မည့် အဆောက်အဦ အမျိုးအစားနှင့် တည်နေရာ၊<br>- ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ကတိကဝတ်များ၊ |
| **လည်ပတ်လုပ်ကိုင်ဆောင်ရွက်သည့် ကာလ** | |
| ၁၁။ လည်ပတ်လုပ်ကိုင်မည့် လုပ်ငန်းများ အကြောင်း ခြုံငုံတင်ပြချက် | ထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် နည်းပညာများ၊ ကိရိယာများ၊ အဆောက်အဦများ အပါအဝင် စီမံကိန်းအစိတ်အပိုင်းများအလိုက် အကျဉ်းချုပ်ဖော်ပြချက်၊<br>စီမံကိန်းတစ်ခုလုံး၏ မြင်သာသည့် တင်ပြချက် (ဥပမာ၊ လက်ဖြင့်ရေးဆွဲပုံဖော်ခြင်း၊ အခင်းအကျင်းပုံစံ)<br>ထုတ်လုပ်မှုအချက်အလက် များအားတင်ပြခြင်း<br>- ကုန်ကြမ်းပစ္စည်းများ (တစ်နှစ်အတွင်း အသုံးပြုမည့် ပမာဏများ၊ အမျိုးအစားများ၊ အတန်းအစားများနှင့် လက္ခဏာများ၊ ရရှိမည့် ရင်းမြစ်များ)၊<br>- သုံးစွဲမည့် ရေပမာဏ၊ စွမ်းအင်လိုအပ်ချက်နှင့် ရရှိမည့် အရင်းအမြစ်များ၊<br>- ထွက်ကုန်များ– ကုန်ပစ္စည်းအမျိုးအစားအလိုက် ထုတ်လုပ်မှုများ (ပမာဏများ၊ သွင်ပြင်လက္ခဏာများ)၊ စွန့်ပစ်ပစ္စည်းနှင့် အခြားထုတ်လွှတ်မှုများ၊ |
| ၁၂။ လုပ်ငန်းလည်ပတ် လုပ်ကိုင်မည့် အချိန် ဇယား | အဓိကအစိတ်အပိုင်းများနှင့် လည်ပတ်လုပ်ကိုင်မှုများ/ လုပ်ငန်းစဉ်များနှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် ထိခိုက်မှုလျှော့ချမည့် နည်းလမ်းများကို ဖော်ပြသည့် အချိန်ကာလပြ ရုပ်ပုံကားချပ်၊ |
| ၁၃။ လုပ်ငန်းခွင် အခင်းအကျင်း မြေပုံများ | အဓိကလည်ပတ်လုပ်ကိုင်သည့် အစိတ်အပိုင်းများ၏ တည်နေရာပြ (၁း၂၀၀၀၀ သို့မဟုတ် ပိုမိုကောင်းမွန်သည့် စကေးဖြင့်)လုပ်ငန်းခွင် အခင်းအကျင်းပြမြေပုံများ၊ |
| ၁၄။ အစိတ်အပိုင်းများ | အစိတ်အပိုင်းတစ်ခုချင်းစီ၏ ဖော်ပြချက်<br>- ရိုးရှင်းသည့် လုပ်ငန်းအဆင့်ဆင့်ပြ ရုပ်ပုံကားချပ်ဖြင့် အဆောက်အဦ၊ နည်းပညာ၊ လုပ်ငန်းစဉ်များ၊<br>- တည်နေရာနှင့် မြင်လွယ်သည့် တင်ပြချက်၊<br>- သဘောတရားဆိုင်ရာ ဒီဇိုင်းရေးဆွဲထားပုံများ၊ |

| | |
|---|---|
| | - လုပ်ငန်းအဆင့်ဆင့်ပြ ရုပ်ပုံကားချပ်– ပစ္စည်းများ၊ ရေ၊ စွမ်းအင်၊ စွန့်ပစ်ပစ္စည်း နှင့် အခြား ထုတ်လွှတ်မှုများ၊<br>- ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သိုလှောင်မှု၊<br>- စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေ စီမံခန့်ခွဲမှု၊<br>- သယ်ယူပို့ဆောင်ရေး (နည်းလမ်းများ၊ အချိန်ကာလ၊ အလေးချိန်များ၊ လမ်းကြောင်းများ)၊ |
| ၁၅၊ အလုပ်သမား | မျှော်မှန်းထားသည့် အလုပ်သမားအင်အား (ဖြစ်နိုင်ပါက လုပ်ငန်း အမျိုးအစားအလိုက် အသုံးပြုမည့် အလုပ်သမားအင်အား)နှင့် အလုပ်သမားအင်အား၏ မူရင်းဒေသ၊<br>အလုပ်သမားနေထိုင်မည့် အဆောက်အဦးအမျိုးအစားနှင့် တည်နေရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ကတိပြုချက်များ၊ |
| **ရုပ်စဲခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီး နောက်ပိုင်း လုပ်ငန်း အချိန်ကာလ** | |
| ၁၆။ အလုံးစုံခြုံငုံတင်ပြချက် | ပိတ်သိမ်းမည့် အစီအစဉ်ရေးဆွဲရာတွင် လိုအပ်ချက်များ (မဟာ ဗျူဟာ၊ မူဝါဒ၊ အဓိက ရည်ရွယ်ချက်များ၊ အချိန်ဇယားများ၊ ဘဏ္ဍာရေး အစရှိသည်) |